ကြေးမုံ
The Mirror Daily
၁၉၅၇ ဇြပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၄ ရက်၊ သောကြာနေ့။ Friday , 30 September 2016 (၈၇၀၀)

## သုစရိုက်တရားကိုကျင့်

သုစရိုက်တရားကို ကျင့်ရာ၏။ ဒုစရိုက်တရားကို မကျင့်ရာ။ တရားကို ကျင့်သောသူသည် ဤလောက၌ လည်းကောင်း၊ တမလွန်လောက၌ လည်းကောင်း ချမ်းသာစွာနေရ၏။ (တရားကိုကျင့်သောသူသည် ပစ္စုပ္ပန်၊ သံသရာ ချမ်းသာစွာ နေရသောအကြောင်းဖြစ်၍ ထိုတရားတို့ကို မမေ့မလျော့ဘဲ ကျင့်အပ်၏)

လောကဝဂ်(ဓမ္မပဒ-၁၆၉)

# အောင်မြင်မှုရှိသော အာဆီယံပေါင်းစည်းမှုအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အကောင်းဆုံးသောအလေ့အထနှင့် ဦးဆောင်ဦးရွက်ပြုမှုများကို မျှဝေလျက် အပြည့်အဝပါဝင်ဆောင်ရွက်ကြရန် လိုအပ်

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်က (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံသို့ သဝဏ်လွှာပေးပို့ခဲ့သည်။**

**အဆိုပါသဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

**လေးစားအပ်ပါသော အာဆီယံပါလီမန်များညီလာခံ ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်တော်ကြီးများနှင့် ဧည့်သည်တော်များခင်ဗျား-**

ယခုကဲ့သို့ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ ကျင်းပသည့်အခါသမယတွင် အာဆီယံပါလီမန်များ ညီလာခံဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်တော်ကြီးများအား ကျွန်ုပ်အနေဖြင့် နွေးထွေးစွာနှုတ်ခွန်းဆက်သအပ်ပါသည်။ (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နေပြည်တော်၌ လက်ခံကျင်းပခွင့်ရရှိသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။

(၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ ဆောင်ပုဒ်အဖြစ် "အာဆီယံအသိုက်အဝန်း တိုးတက်ထွန်းကားရေး အာဆီယံပါလီမန်များ ညီလာခံက တက်ကြွလှုပ်ရှားပေး"ကို ရွေးချယ်ခဲ့ခြင်းကိုလည်း ကျွန်ုပ်တို့ ဝမ်းမြောက်စွာ မှတ်သားရပါသည်။ ယခုအချိန်အခါတွင် နိုင်ငံရေးအရ စည်းလုံးမှုရှိပြီး စီးပွားရေးအရ ပေါင်းစည်း၍ လူမှုရေးအရ တာဝန်ယူမှုရှိသည့် အာဆီယံဒေသအဖြစ်သို့ အကောင်အထည်ဖော်သည့် ကျွန်ုပ်တို့၏ ကြိုးပမ်းအားထုတ်မှုများကို အရှိန်အဟုန်မြှင့်တင်ခြင်းဖြင့် အသိုက်အဝန်း တည်ဆောက်မှုတွင် တိုးတက်မှုကောင်းများကို ရရှိလျက်ရှိပါသည်။

အဆွေတော်တို့ သိရှိပြီးဖြစ်ကြသည့်အတိုင်း ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အာဆီယံအသိုက်အဝန်းကို တည်ထောင်ခဲ့ခြင်းနှင့်အတူ အာဆီယံအဖွဲ့ကြီးသည် သမိုင်းမျက်နှာစာသစ်တစ်ရပ်ကို ဖွင့်လှစ်နိုင်ခဲ့ပြီး "အာဆီယံ ၂၀၂၅- ရှေ့သို့တူညီ ကြိုးပမ်းမည်" ခေါင်းစဉ်ဖြင့် အာဆီယံမျှော်မှန်းချက်အသစ်ကိုလည်း အာဆီယံအသိုက်အဝန်း၏ လမ်းပြမြေပုံအဖြစ် စတင်ဆောင်ရွက်လျက်ရှိပါသည်။ ယခုကဲ့သို့ အာဆီယံအသိုက်အဝန်း တည်ဆောက်ခြင်းသည် ကျွန်ုပ်တို့၏ရည်မှန်းချက်ဖြစ်သော အာဆီယံအသိုက်အဝန်းတည်ဆောက်မှုလုပ်ငန်းစဉ်၏ ကနဦးဆောင်ရွက်မှုဖြစ်ပြီး စည်းလုံးညီညွတ်မှုရှိ၍ ပေါင်းစည်းမှုရှိသော ဒေသဆိုင်ရာအဖွဲ့အစည်းတစ်ခုအဖြစ် ကမ္ဘာ့အသိုက်အဝန်းအလယ်တွင် ပေါ်ထွန်းလာနိုင်ရန်အတွက် ကျွန်ုပ်တို့အားလုံးသည် ပိုမိုကျစ်လျစ်ခိုင်မာစွာဖြင့် ကြိုးပမ်းအားထုတ်သင့်ပါသည်။ ကျွန်ုပ်အနေဖြင့် အာဆီယံအစိုးရများနှင့် ပါလီမန်များအား အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၂၅ အကောင်အထည်ဖော်မှုတွင် အတူတကွ လက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါသည်။

**လေးစားအပ်ပါသော အာဆီယံပါလီမန် ကိုယ်စားလှယ်တော်ကြီးများနှင့် ဧည့်သည်တော်များခင်ဗျား-**

အာဆီယံအသိုက်အဝန်း၏ တိုးတက်မှုသည် အာဆီယံမဏ္ဍိုင် (၃)ရပ်၏ အောင်မြင်မှုအပေါ်တွင်သာမက အာဆီယံပါလီမန်များအပါအဝင် အာဆီယံအဖွဲ့တွင် အဓိကပါဝင်ကြသူများအားလုံးနှင့် အလွှာအသီးသီးမှ လူထုတစ်ရပ်လုံး၏ ကျယ်ပြန့်သော အားပေးထောက်ခံမှုများအပေါ်တွင်လည်း မူတည်သည်။ သို့ဖြစ်ပါ၍ အာဆီယံအသိုက်အဝန်းတည်ထောင်ရေးကြိုးပမ်းရာတွင် အာဆီယံပါလီမန်များညီလာခံ၏ အရေးပါသောအခန်းကဏ္ဍနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုကိုလည်း အသိအမှတ်ပြုပါသည်။ အောင်မြင်မှုရှိသော အာဆီယံပေါင်းစည်းမှုအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အကောင်းဆုံးသော အလေ့အထနှင့် ဦးဆောင်ဦးရွက်ပြုမှုများကို မျှဝေလျက် အပြည့်အဝပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စက်တင်ဘာ ၂၅ ရက် ညပိုင်းတွင် ဗြိတိန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုခရီးစဉ်တို့မှ ပြန်လည်ရောက်ရှိပြီး ခရီးပန်းနွမ်းနယ်မှုကြောင့် ခေတ္တအနားယူလျက်ရှိရာမှ ကျန်းမာရေးကောင်းမွန်သဖြင့် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ညနေ ၅ နာရီ ၄၅ မိနစ်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC–I)၌ ကျင်းပမည့် (၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ(AIPA) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပို့ဆောင်နှုတ်ဆက်စဉ်။** (ဓာတ်ပုံ-YGN Govt)










**✱ ရှေ့ဖုံးမှ**

၂၀၁၁ခုနှစ်တွင် အာဆီယံပါလီမန်များညီလာခံသို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီးနောက် မြန်မာနိုင်ငံသည် အာဆီယံပါလီမန်များညီလာခံ၏ အထွေထွေလှုပ်ရှားဆောင်ရွက်မှုများတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ပါလီမန်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများကို ဒေသတွင်း၌သာမက နိုင်ငံတကာအဆင့်၌လည်း ပါဝင်ခဲ့ရာ နိုင်ငံတကာ ပါလီမန်များအဖွဲ့၊ ဗြိတိန်ပါလီမန်နှင့် ဩစတြေးလျပါလီမန် စသည်တို့နှင့်လည်း လက်တွဲဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံသည် နှစ်စဉ်ကျင်းပသော အာဆီယံ ပါလီမန်အထွေထွေ ညီလာခံများ၊ အာဆီယံပါလီမန်များညီလာခံ၏ နှစ်လယ်အစည်းအဝေးများ၊ နှီးနှောဖလှယ်ပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများသို့လည်း ပါဝင်တက်ရောက်လျက်ရှိပါသည်။

**လေးစားအပ်ပါသော အာဆီယံပါလီမန် ကိုယ်စားလှယ်တော်ကြီးများနှင့် ဧည့်သည်တော်များခင်ဗျား**

မြန်မာနိုင်ငံသည် အာဆီယံအသိုက်အဝန်းတည်ဆောက်ရာတွင် အထူးသဖြင့် အာဆီယံ၏ စာချုပ်စာတမ်းများနှင့်သဘောတူညီချက်များကို အပြည့်အဝ အကောင်အထည်ဖော်ရန် သက်ဆိုင်ရာ ပြည်တွင်းဥပဒေများ ပြဋ္ဌာန်းမှုတွင် အာဆီယံပါလီမန်များ၏ အရေးပါသော အခန်းကဏ္ဍကို အသိအမှတ်ပြုပါသည်။ အာဆီယံ၏ စာချုပ်စာတမ်းများ၊ သဘောတူညီချက်များနှင့်အညီ ပြည်တွင်းဥပဒေများကို လိုက်လျောညီထွေရှိစေခြင်းဖြင့် အာဆီယံအသိုက်အဝန်းတည်ဆောက်မှုတွင် အာဆီယံပါလီမန်များညီလာခံနှင့် အာဆီယံအဖွဲ့တို့အကြား ခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုမှာ အရေးပါကြောင်း ပြောကြားလိုပါသည်။

ယနေ့အချိန်အခါတွင် ကျွန်ုပ်တို့ဒေသတွင်း၌ သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် အချို့သော အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များ ပပျောက်စေရေးအပါအဝင် စိန်ခေါ်မှုအမြောက်အမြားနှင့် ရင်ဆိုင်ရလျက်ရှိသည်။ အဆိုပါ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် အစိုးရအဖွဲ့များနှင့် ပါလီမန်များအကြား ပူးပေါင်းဆောင်ရွက်မှုကို လွယ်ကူချောမွေ့စေရန် ဆောင်ရွက်ပေးခြင်းဖြင့် အာဆီယံပါလီမန်များညီလာခံသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။

အာဆီယံပါလီမန်များညီလာခံအနေဖြင့် ဒေသတွင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးတိုးတက်မှုတို့အတွက် အခြေခံလိုအပ်ချက်များဖြစ်ကြသော ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေးတို့ကို အထူးအလေးပေးဆောင်ရွက်လျက်ရှိခြင်းအတွက် ကျွန်ုပ်တို့အနေဖြင့် ကျေနပ်အားရမိပါသည်။ အာဆီယံ၏ ၂၀၂၅ မျှော်မှန်းချက်ကို အကောင်အထည်ဖော်ရန် ကျွန်ုပ်တို့၏ စုပေါင်းကြိုးပမ်းအားထုတ်မှုသည် ကုလသမဂ္ဂအဖွဲ့ကြီး၏ ၂၀၃၀ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်ဆိုင်ရာ အစီအစဉ်နှင့်လည်း လိုက်လျောညီထွေရှိသင့်ပါသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ ကြီးပွားတိုးတက်မှုတို့ဖြင့် စည်းနှောင်ထားသော အာဆီယံအသိုက်အဝန်းတစ်ရပ်ပေါ်ထွန်းလာရန် ပြုစုပျိုးထောင်လျက်ရှိရာ အာဆီယံအသိုက်အဝန်း တည်ထောင်မှုကို ပိုမိုကျစ်လျစ်ခိုင်မာစေရေးနှင့် အာဆီယံအဖွဲ့ကြီး၏ အနာဂတ်ကိုပုံဖော်မည့် ကြိုးပမ်းမှုများတွင် အာဆီယံပါလီမန်များညီလာခံ၏ စဉ်ဆက်မပြတ် ပါဝင်ပံ့ပိုးမှုကိုလည်း ကျွန်ုပ်တို့အနေဖြင့် များစွာအားရဖြစ်မိပါသည်။

အာဆီယံအဖွဲ့ကြီး၏ လွန်ခဲ့သော (၄၉)နှစ်အတွင်း ရရှိခဲ့ပြီးသော ထင်သာမြင်သာရှိသည့် အောင်မြင်မှုများသည် အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးလုပ်ငန်းစဉ်ကို ရှေ့သို့ဆက်လက်လှမ်းချီစေရန် အထောက်အကူပြုစေမည်ဟု ကျွန်ုပ်တို့အနေဖြင့် အခိုင်အမာ ယုံကြည်မိပါသည်။

(၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံတွင် အာဆီယံပြည်သူများ၏ မျှော်မှန်းချက်ဖြည့်ဆည်းပေးရေးကိုဦးတည်သော အနှစ်သာရပြည့်ဝသည့် ဆွေးနွေးမှုများနှင့် အောင်မြင်သော ရလဒ်များပေါ်ထွက်လာရေးတို့အတွက် ကျွန်ုပ်အနေဖြင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

❖❖❖

# ရန်ကုန်မြို့သစ်စီမံကိန်းအား လွှတ်တော်မှ အတည်ပြုပြီးပါက တင်ဒါခေါ်သွားမည်

**ရန်ကုန် စက်တင်ဘာ ၂၉**

ရန်ကုန်မြို့ ကြည့်မြင်တိုင်တစ်ဖက်ကမ်းတွင် အကောင်အထည်ဖော်မည့် ရန်ကုန်မြို့သစ်စီမံကိန်းကို တစ်နှစ်အတွင်း စတင်အကောင်အထည်ဖော်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်နေပြီး လွှတ်တော်မှ အတည်ပြုပြီးပါက တင်ဒါခေါ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်းက ပြောသည်။

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့အပြီးတွင် သတင်းမီဒီယာများအား ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

"အရင်တုန်းက ရန်ကုန်မြို့သစ်စီမံကိန်းမှာ ကုမ္ပဏီသုံးခုကိုပဲ တင်ဒါခေါ်ပြီး ဒီသုံးခုကနေ မြို့သစ်ကြီးကို အကောင်အထည်ဖော်မယ့်ပုံစံရှိနေတယ်။ အခုဆိုရင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အရင်ပုံစံနဲ့အကောင်အထည်မဖော်တော့ဘူး။ ရန်ကုန်မြို့သစ်စီမံကိန်းကို တိုင်းဒေသကြီးအစိုးရက ကြီးကြပ်မယ်၊ ကွပ်ကဲမယ်၊ ကုမ္ပဏီတွေကို တင်ဒါခေါ်ပြီး ယှဉ်ပြိုင်ခိုင်းမယ်။ အဲဒီလိုယှဉ်ပြိုင်တဲ့အခါမှာလည်း နဂိုကဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ ကုမ္ပဏီသုံးခုကိုလည်း ပြန်ပြီးယှဉ်ပြိုင်ခိုင်းမယ်။ ပြီးတော့မှ ရွေးချယ်မယ်။ ဒါနည်းလမ်းကျတဲ့ လုပ်ငန်းတစ်ခုဖြစ်တယ်လို့လည်း လွှတ်တော်ဘက်က သုံးသပ်ထားတယ်"ဟု လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်းက ပြောသည်။

ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ရန်ကုန်တိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်မည့် စီမံကိန်း ၂၄ ခုကို လွှတ်တော်သို့ပေးပို့ထားပြီး အဆိုပါစီမံကိန်းများအနက် စီမံကိန်း ၁၁ ခုကို ယခုနှစ်အတွင်းစတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါ စီမံကိန်းများတွင် ရန်ကုန်မြို့သစ်စီမံကိန်းလည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

"ဒါတွေက တစ်နှစ်အတွင်းမှာ အကောင်အထည်ဖော်ရပါလိမ့်မယ်။ လုပ်ဖို့လည်းလုပ်နေပါတယ်။ မြို့သစ်စီမံကိန်းမှာ ပါတာတွေကို အပိုင်းလိုက်အကောင်အထည်ဖော်ရပါမယ်။ အဲဒီလိုဖော်တဲ့အတွက် ဝန်ကြီးချုပ်အနေနဲ့ ဆွေးနွေးမှုတွေလုပ်နေတယ်။ ဝန်ကြီးချုပ်က ဆွေးနွေးပြီး အကြမ်းဖျင်းလျာထားပြီးပြီဆိုရင်တော့ လွှတ်တော်ကိုတင်ပြမယ်လို့ ပြောတယ်"ဟု ၎င်းက ဆက်ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ တစ်နှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများတွင် ရန်ကုန်မြို့သစ်စီမံကိန်း၊ မြို့ပတ်ရထားလမ်းစီမံကိန်း၊ ဘတ်စ်ကားလိုင်းအသစ်လုပ်မည့်စီမံကိန်း၊စက်မှုဇုန်စီမံကိန်း၊ ဆိပ်ကမ်းရွှေ့ပြောင်းမည့်ကိစ္စများနှင့် ကျူးကျော်ကိစ္စများ ပါဝင်ကြောင်း သိရသည်။

ရန်ကုန်မြို့ ကြည့်မြင်တိုင်တစ်ဖက်ကမ်းတွင် အကောင်အထည်ဖော်မည့် ရန်ကုန်မြို့သစ် စီမံကိန်းတွင် ကြည့်မြင့်တိုင် တစ်ဖက်ကမ်း၊ တွံတေးနှင့် ဆိပ်ကြီးခနောင်တို မြို့နယ်များရှိ မြေဧက စုစုပေါင်း နှစ်သောင်းကျော် ပါဝင်ကြောင်း သိရသည်။

ယခင်အစိုးရလက်ထက်က မဟာရန်ကုန် မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်းအရ ရန်ကုန်မြို့တိုးချဲ့ရန် ဦးစားပေး(၁) ရန်ကုန်အရှေ့ပိုင်းမြို့သစ် ၁၇၃၇၅ ဧက၊ ဦးစားပေး(၂) ရန်ကုန်အနောက်တောင်ပိုင်းမြို့သစ် (ရန်ကုန်မြို့သစ်) ၂၁၇၁၆ ဧက၊ ဦးစားပေး(၃) သန်လျင်မြို့သစ် ၂၁၁၉၃ ဧက၊ ဦးစားပေး(၄) ဒလမြို့သစ် ၁၅၁၇၃ ဧက၊ ဦးစားပေး(၅) ထန်းတပင်မြို့သစ် ၂၄၇၄၈ ဧက၊ ဦးစားပေး(၆) မှော်ဘီမြို့သစ် ၁၁၅၉၄ ဧကနှင့် ဦးစားပေး(၇) လှည်းကူးမြို့သစ် ၆၉၃၃ ဧက စုစုပေါင်း ၁၁၈၇၃၂ ဧက လျာထားကြောင်း သိရသည်။


ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်း

**သတင်း၊ ဓာတ်ပုံ - မင်းသစ်(သတင်းစဉ်)**

## အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်ပေါ်ပေါက်ရေးအတွက် ပါဝင်လိုသည့် အဖွဲ့အစည်းများအား ဖိတ်ခေါ်

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့သည် မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒသစ်တစ်ရပ် ပေါ်ထွက်လာရေးအတွက် လုပ်ငန်းစဉ် ခုနစ်ရပ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ မူဝါဒသစ်တစ်ရပ်ရေးဆွဲရာ၌ လုပ်ငန်းကဏ္ဍပေါင်းစုံပါဝင်လာစေရန် အောက်ပါလုပ်ငန်းအဖွဲ့ ငါးဖွဲ့ကို ဖွဲ့စည်းထားရှိပြီး မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ခေါင်းစဉ်အလိုက်ဆွေးနွေးသွားကြမည်ဖြစ်သည်။

(က)သုံးစွဲမှုကြိုတင်ကာကွယ်ရေး လုပ်ငန်းအဖွဲ့၊
(ခ) ကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့၊
(ဂ) ထုတ်လုပ်မှုလျှော့ချရေးလုပ်ငန်းအဖွဲ့၊
(ဃ)လူ့အခွင့်အရေးနှင့်စိန်ခေါ်မှုသစ်များဆိုင်ရာ လုပ်ငန်းအဖွဲ့၊
(င) အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့။

သို့ပါ၍ လုပ်ငန်းအဖွဲ့များအလိုက် ပါဝင်ဆွေးနွေးလိုသည့် လူမှုအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအနေဖြင့် စီမံကိန်းဌာန မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ Fax ဖုန်း အမှတ် ၀၆၇ ၄၁၂၅၄၄၊ Gmail လိပ်စာ ccdac.pm@gmail.comသို့ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၇ ရက်အထိ နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ထားသည်။

**(ကြေးမုံ)**

# ဖိလစ်ပိုင်နှင့် ဗီယက်နမ် သမ္မတနှစ်ဦး တောင်တရုတ်ပင်လယ်အရေး တွေ့ဆုံဆွေးနွေး




**ဟနွိုင်း စက်တင်ဘာ ၂၉**
ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးနှင့် ဗီယက်နမ်သမ္မတ ထရန်ဒိုင်ကျန်းတို့သည် တောင်တရုတ်ပင်လယ်အရေးအပါအဝင် အခြားသော ဒေသတွင်းဆိုင်ရာကိစ္စရပ်များကို နှစ်နိုင်ငံ ပူးပေါင်းပြီး ရင်ဆိုင်ဖြေရှင်းရန် သဘောတူညီခဲ့ကြကြောင်း သတင်းများအရသိရသည်။

စက်တင်ဘာ ၂၉ ရက်က ခေါင်းဆောင်နှစ်ဦးတို့သည် ဗီယက်နမ်နိုင်ငံမြို့တော် ဟနွိုင်း၌ တွေ့ဆုံခဲ့ကြပြီး အထက်ပါကိစ္စကို သဘောတူညီခဲ့ခြင်းဖြစ်သည်။ ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေး သမ္မတရာထူး စတင်ထမ်းရွက်သည့် ဇွန်လကစပြီး ဗီယက်နမ်နိုင်ငံသို့ ပထမဆုံးအကြိမ် အလည်အပတ်ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် ဖိလစ်ပိုင်နိုင်ငံနှင့်အတူတကွ ပူးပေါင်းပြီး ဒေသတွင်းဆိုင်ရာ တည်ငြိမ်အေးချမ်းမှုကိစ္စရပ်များကို ဖြေရှင်းရန်ဆန္ဒရှိကြောင်း ဗီယက်နမ်သမ္မတက ဆိုသည်။

ဖိလစ်ပိုင်နိုင်ငံကလည်း တောင်တရုတ်ပင်လယ်အရေးအပါအဝင် အခြားသော ဒေသတွင်းဆိုင်ရာကိစ္စရပ်များကို ဗီယက်နမ်နိုင်ငံနှင့်ပူးပေါင်းပြီး ရင်ဆိုင်ဖြေရှင်းရန် ဆန္ဒရှိပါကြောင်း ဖိလစ်ပိုင်သမ္မတက ပြောကြားခဲ့သည်။

တောင်တရုတ်ပင်လယ်ဒေသအတွင်း တရုတ်နိုင်ငံ၏ စစ်ဘက်ဆိုင်ရာမြှင့်တင်မှုများနှင့်ပတ်သက်ပြီး ခေါင်းဆောင်နှစ်ဦးတို့က အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ဗီယက်နမ်နှင့် ဖိလစ်ပိုင်နှစ်နိုင်ငံတို့သည် အဆိုပါဒေသအတွင်းတွင် တရုတ်နိုင်ငံနှင့် ရေပိုင်နက်အငြင်းပွားမှုများကို ရင်ဆိုင်နေရသည်။

ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးသည် တရုတ်နိုင်ငံ၏ စီးပွားရေးထောက်ပံ့မှုများ ရရှိရန် တရုတ်နိုင်ငံနှင့် ဆက်ဆံရေး ပြေလည်စေရေးအတွက်ပြုလုပ်မည့် ဆန္ဒသဘောထားကို ချပြထားပြီး တောင်တရုတ်ပင်လယ်အရေးနှင့်ပတ်သက်ပြီး ဖိလစ်ပိုင်နိုင်ငံကို အမေရိကန်ပြည်ထောင်စု၏ လွှမ်းမိုးမှုမှ ရုန်းထွက်လျက်ရှိသည်။ သို့သော် စက်တင်ဘာ ၂၉ ရက်တွင် ဖိလစ်ပိုင်သမ္မတနှင့် ဗီယက်နမ်သမ္မတနှစ်ဦး တွေ့ဆုံမှုသည် တောင်တရုတ်ပင်လယ်အရေးနှင့် ပတ်သက်ပြီး ဗီယက်နမ်နိုင်ငံနှင့် ပူးပေါင်းရင်ဆိုင်ဖြေရှင်းသွားမည်ဆိုသည့်အချက်ကို ပေါ်လွင်စေခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းထောက်တစ်ဦးက ၎င်း၏ ထင်မြင်ချက်ကို ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

# လာမည့် ကန်-ဖိလစ်ပိုင် ကမ်းတက်လေ့ကျင့်မှုမှာ နောက်ဆုံးပူးတွဲစစ်ရေးလေ့ကျင့်မှုဟု ဒူတာတေး ပြော

**မနီလာ စက်တင်ဘာ ၂၉**
အမေရိကန်ပြည်ထောင်စုနှင့်ပြုလုပ်မည့် လာမည့်ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ရပ်မှာ နောက်ဆုံးအကြိမ်ဖြစ်ကြောင်းနှင့် အဆိုပါစစ်ရေးလေ့ကျင့်မှုသည် ဖိလစ်ပိုင်နိုင်ငံနှင့် ဆက်ဆံရေး ပိုမိုခိုင်မာစေရန် ကြိုးပမ်းနေသည့် တရုတ်နိုင်ငံကို စိတ်ဆိုးဒေါသထွက်စေခဲ့ကြောင်း ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးက ပြောကြားသည်။

ဖိလစ်ပိုင်အစိုးရက တရားမဝင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုအပေါ် ဆက်လက်နှိမ်နင်းနေမှုကို အမေရိကန်ပြည်ထောင်စုက မည်သို့မည်ပုံဝေဖန်ခဲ့ကြောင်း ဗီယက်နမ်နိုင်ငံသို့ သွားရောက်သော နှစ်ရက်တာခရီးစဉ်အတွင်း ယင်းနိုင်ငံရှိ ဖိလစ်ပိုင်အသိုင်းအဝိုင်းနှင့် တွေ့ဆုံစဉ် အဆိုပါမှတ်ချက်စကားများကို ပြန်လည်ပြောပြခဲ့ခြင်း ဖြစ်သည်။

"အမေရိကန်ပြည်ထောင်စုက ဒီမှာ တရုတ်နိုင်ငံအနေနဲ့ အလိုမရှိတဲ့စစ်ပွဲတွေ ဆင်နွှဲဖို့ စီစဉ်ထားပါတယ်။ ဒီစစ်ရေးလေ့ကျင့်မှုက နောက်ဆုံးအကြိမ် စစ်ရေးလေ့ကျင့်မှုဖြစ်မှာပါ။ လက်ရှိ ကာကွယ်ရေးဝန်ကြီးကို အခက်မတွေ့စေလိုတဲ့အတွက် လာမယ့်စစ်ရေးလေ့ကျင့်မှုကို မပယ်ဖျက်ခဲ့တာပါ"ဟု ဒူတာတေးက ဆိုသည်။

ဖိလစ်ပိုင်နှင့် အမေရိကန်ပြည်ထောင်စုတို့မှာ လာမည့်အောက်တိုဘာလအတွင်း ၃၃ ကြိမ်မြောက် ကမ်းတက်လေ့ကျင့်မှုပြုလုပ်ရန် စီစဉ်ထားသည်။ ပူးတွဲစစ်ရေးလေ့ကျင့်မှု အဆုံးသတ်သွားပြီဖြစ်သော်လည်း ဖိလစ်ပိုင်နိုင်ငံအနေဖြင့် အမေရိကန်ပြည်ထောင်စုနှင့် ကာကွယ်ရေးဆိုင်ရာမဟာမိတ်ပြုမှုနှင့် ၁၉၅၀ ပြည့်နှစ်များအတွင်း နှစ်နိုင်ငံလက်မှတ်ရေးထိုးခဲ့သော အပြန်အလှန် ကာကွယ်ရေးစာချုပ်ကို ထိန်းသိမ်းမည်ဖြစ်သည်။

**ကျိုဒိုနယူးစ်။**





# အိန္ဒိယအရှေ့မြောက်ပိုင်း အာသံပြည်နယ်၌ ယာဉ်မတော်တဆမှုကြောင့် ငါးဦးသေ နှစ်ဦးဒဏ်ရာရ

**နယူးဒေလီ စက်တင်ဘာ ၂၉**
အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းရှိ အာသံပြည်နယ်တွင် လမ်းမပေါ်ယာဉ်မတော်တဆဖြစ်ပွားမှုတစ်ရပ် စက်တင်ဘာ ၂၈ ရက်က ဖြစ်ပွားခဲ့ရာ လူငါးဦးထက်မနည်း သေဆုံးပြီး နှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်အထက်တန်းရဲအရာရှိတစ်ဦးက ပြောကြားသည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အာသံပြည်နယ် မိုရီဂါအွမ်ခရိုင် ဒါရာတူမြို့အနီးရှိ အမှတ် ၃၇ အဝေးပြေးလမ်းမကြီးပေါ်တွင် အလုပ်သမားများအား တင်ဆောင်လာသော ကုန်တင်ယာဉ်က ကွေ့လိုက်ရာမှ တိမ်းမှောက်သွားခြင်းဖြစ်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ တာဝန်ရှိသူက ပြောကြားသည်။

တိမ်းမှောက်သွားသော ကုန်တင်ယာဉ်အား အရှိန်ဖြင့်မောင်းနှင်လာသော အခြားကုန်တင်ယာဉ်တစ်စီးက ဝင်တိုက်မိရာ ယာဉ်နှစ်စီးကြားတွင် ပိတ်မိနေသည့် ဒဏ်ရာရရှိသူများအား ဆွဲထုတ်ရန် ကြိုးပမ်းနေပြီး နောက်ထပ်ဒဏ်ရာရရှိသူ နှစ်ဦးအား ဒေသတွင်းရှိ ဆေးရုံသို့ တင်ပို့ထားရသည်။

ကမ္ဘာပေါ်တွင် အိန္ဒိယနိုင်ငံသည် လမ်းမများပေါ်၌ ယာဉ်မတော်တဆဖြစ်မှုနှုန်း အမြင့်မားဆုံးဖြစ်ပြီး နှစ်စဉ် လူပေါင်း ၁၃၀၀၀၀ ကျော်မှာ ယာဉ်မတော်တဆဖြစ်မှုများကြောင့် အသက်ဆုံးရှုံးရကြောင်း တရားဝင်စာရင်းဇယားများ၌ ဖော်ပြသည်။

**ဆင်ဟွာ။**

# ဒရုန်းလေယာဉ် လှုပ်ရှားမှုကြောင့် ဒူဘိုင်းလေဆိပ် ဝေဟင်ပိုင်နက်အား မိနစ် ၃၀ နီးပါး ပိတ်ထားခဲ့ရ



**ဒူဘိုင်း စက်တင်ဘာ ၂၉**
ကမ္ဘာပေါ်တွင် အလုပ်အများဆုံး အပြည်ပြည်ဆိုင်ရာလေဆိပ်တစ်ခုဖြစ်သည့် ဒူဘိုင်းနိုင်ငံတကာလေဆိပ်၏ လေကြောင်းပိုင်နက်အား မောင်းသူမဲ့လေယာဉ်လှုပ်ရှားမှုကြောင့် စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက မိနစ် ၃၀ နီးပါးကြာ ပိတ်ထားရကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

မကြာသေးမီလများအတွင်းက ဒူဘိုင်းလေဆိပ်၏ ဝေဟင်ပိုင်နက်အတွင်း မောင်းသူမဲ့လေယာဉ် လှုပ်ရှားမှုကြောင့် လေဆိပ်၏ လေကြောင်းပိုင်နက်အား ပိတ်ထားရမှုမှာ ယခုအကြိမ်သည် ဒုတိယအကြိမ်ဖြစ်သည်။ ဒူဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၏ ဝေဟင်ပိုင်နက်တစ်ဝိုက်အား စက်တင်ဘာ ၂၈ ရက် နံနက် ၈ နာရီ ၈ မိနစ်မှ ၈ နာရီ ၂၅ မိနစ်ထိ ပိတ်ထားပြီး ယင်းအကျိုးဆက်ကြောင့် လေကြောင်းပျံသန်းမှု ခရီးစဉ်အချို့ ရွှေ့ဆိုင်းရကြောင်း၊ ဆိုက်ရောက်လေယာဉ် ခရီးစဉ်များအား နံနက် ၈ နာရီ ၃၈ မိနစ်တွင် ပြန်လည်စတင်နိုင်ပြီး ထွက်ခွာလေယာဉ် ခရီးစဉ်များမှာ နံနက် ၈ နာရီ ၄၀ တွင် ပြန်လည်စတင်နိုင်ခဲ့ကြောင်း ဒူဘိုင်းလေဆိပ်နှင့် အခြားလေဆိပ်တစ်ခုတို့အား စီမံအုပ်ချုပ်သည့် အစိုးရလေကြောင်း ထိန်းသိမ်းရေးဌာန၏ တွစ်တာ၌ ဖော်ပြသည်။

လေယာဉ်များ ဘေးကင်းလုံခြုံရေးသည် မိမိတို့၏ ထိပ်တန်းဦးစားပေး လုပ်ငန်းဖြစ်ပြီး မည်သည့် လေယာဉ်ကွင်းနှင့် လေယာဉ်ဆင်းသက်ရာဒေသ၏ ငါးကီလိုမီတာအတွင်း မောင်းသူမဲ့လေယာဉ်များ မပျံသန်းရန် သတိပေးထားပြီး ခွင့်ပြုခြင်းလည်းမရှိကြောင်း ဆက်လက်ဖော်ပြသည်။

**ဆင်ဟွာ။**

# နှစ်နိုင်ငံ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၉**
ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဗီယက်နမ်နိုင်ငံ အမျိုးသားညီလာခံ ဥက္ကဋ္ဌ H.E. Madam Nguyen Thi Kim Nganနှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mrs. Luan Thuy Duong လည်း တက်ရောက်သည်။

**(သတင်းစဉ်)**





# လွှတ်တော်နှစ်ရပ်၏ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းစဉ်များ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၉**
ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားညီလာခံ ဥက္ကဋ္ဌ H.E. Madam Nguyen Thi Kim Ngan နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လွှတ်တော်နှစ်ရပ်ကြား ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ လွှတ်တော်များ အပြန်အလှန် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ လွှတ်တော်နှစ်ရပ်၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော် ရေးရာကော်မတီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## လုပ်နိုင်သည်ကစ၍အပါအဝင် သစ်တောနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆောင်းပါးပေါင်းချုပ် ထွက်ရှိ




ဒေါက်တာစန်းဝင်း၏ လုပ်နိုင်သည်ကစ၍ အပါအဝင် သစ်တောနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဆောင်းပါးပေါင်းချုပ် စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

စာအုပ်တွင်သတင်းစာ၊ ဂျာနယ်၊ စာစောင်များ၌ ရေးသားဖော်ပြခဲ့ပြီးဖြစ်သော အညာဆူးလှည်း၊ ဖြစ်ချင်သေးလား နောက်ဘဝ၊ ကျေးလက်ပြည်သူ ချမ်းသာဖို့ ရွှေပင်ကျွန်းကို စိုက်ကြစို့၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးပြုပြင်ပြောင်းလဲမှုများ၊ သစ်ပင်ရုပ်ကြွင်းချပ်ခဲမြေ၊ တစ်စက်ရေ ရေချိုလို တောကိုထိန်း၊ ပတ်ဝန်းကျင်မြို့တော်၊ သဲကန္တာရတွင် ဘယ်လို အသက်ရှင်၊ လိုက်လျောညီထွေ နေတတ်စေ၊ လုပ်နိုင်သည်ကစ၍ စသည့် ဆောင်းပါး ၃၃ ပုဒ်ကို စုစည်းဖော်ပြထားသည်။

တန်ဖိုးမှာ တစ်အုပ်ကျပ် ၄၀၀၀ ဖြစ်ပြီး ဝယ်ယူလိုပါက ဖုန်း-၀၉၄၄၈၅၃၃၆၁၂ သို့ဆက်သွယ်ဝယ်ယူနိုင်ကြသည်။ **(ကြေးမုံ)**

### ❖ မြန်မာပိုက်ကျော်ခြင်းမှ

ဗိုလ်လုပွဲတွင် ထိုင်းအသင်းကို နှစ်ပွဲပြတ် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာပိုက်ကျော်ခြင်းအသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲများပြီးဆုံးခဲ့ပြီဖြစ်ပြီး ရွှေတစ်ခု၊ ငွေနှစ်ခု၊ ကြေးတစ်ခု ဆွတ်ခူးရရှိခဲ့သည်။ မြန်မာပိုက်ကျော်ခြင်းအသင်းအတွက် ရွှေဆုကို အမျိုးသားသုံးယောက်တွဲပြိုင်ပွဲ၊ ငွေဆုများကို အမျိုးသားလေးယောက်တွဲပြိုင်ပွဲနှင့် အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲ၊ ကြေးဆုကို အမျိုးသမီးလေးယောက်တွဲပြိုင်ပွဲတွင် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ယင်းပြိုင်ပွဲကို အားကစားနည်းနှစ်မျိုးဖြင့်သာ ယှဉ်ပြိုင်ခြင်းဖြစ်ပြီး မြန်မာဗိုဗီနမ်အဖွဲ့ ယှဉ်ပြိုင်မည့် ဗိုဗီနမ်ပြိုင်ပွဲများမှာ စက်တင်ဘာ ၃၀ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။ **ဖိုးသော်ဇင်**

### ◯ မြန်မာ့လက်ရွေးစင်အသင်းမှ

မြန်မာအသင်းဂိုးမပေးရခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်း ကစားသမားအပြောင်းအလဲ လုပ်ခဲ့ပြီး အနိုင်ဂိုးများကို ၆၂ မိနစ်တွင် ရန်နိုင်ဦး၊ ၈၇ မိနစ်တွင် မျိုးကိုထွန်း၊ မိနစ် ၉၀ တွင် ဝင်းနိုင်စိုးတို့က သွင်းယူခဲ့သည်။ ရဲကိုဦး ပယ်နယ်တီကန်ခွင့်ရသော်လည်း လွဲချော်ခဲ့၍ နစ်နာခဲ့ရသည်။ မြန်မာအသင်းသည် စက်တင်ဘာ ၃၀ ရက်တွင် ဆိုက်ပရပ်စ်နိုင်ငံသို့ ပြောင်းရွှေ့လေ့ကျင့်မည်ဖြစ်ပြီး ခြေစမ်းပွဲများ ထပ်မံကစားမည် ဖြစ်သည်။ **သတင်း-ချစ်ကိုကို**

# ချင်းတွင်းမြစ်အတွင်း ရေမည်းများစီးဆင်းမှုနှင့်ပတ်သက်ပြီး တိုင်းတာစစ်ဆေးမှုများ နှစ်ပတ်တစ်ကြိမ် သို့မဟုတ် တစ်လတစ်ကြိမ်ထုတ်ပြန်သွားမည်

**မုံရွာ စက်တင်ဘာ ၂၉**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်းဖြတ်သန်းစီးဆင်းလျက်ရှိသော ချင်းတွင်းမြစ်ရေသည် ယခုနှစ်မိုးရာသီတွင် မြစ်အတွင်းသို့ စီးဆင်းသော နန့်စလိန်ချောင်းအတွင်းမှတစ်ဆင့် ရေမည်းများ စီးဆင်းမှုဖြစ်ပွားခဲ့သဖြင့် အဆိုပါရေမည်းများကို ကွင်းဆင်းစစ်ဆေးသည့်အဖွဲ့က ချင်းတွင်းမြစ်ရေ တိုင်းတာစစ်ဆေးမှုများကို နှစ်ပတ်တစ်ကြိမ် သို့မဟုတ် တစ်လတစ်ကြိမ် စစ်ဆေးပြီး သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၈ ရက်တွင် ပြုလုပ်သည့် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ စာရင်းစစ်ချုပ် ဦးဆောင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာရှင်းလင်းပွဲတွင် အဖွဲ့ဝင်အဖြစ်ပါဝင်သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်၏ ပြောကြားချက်အရ သိရသည်။



ချင်းတွင်းမြစ်အတွင်း ရေမည်းများစီးဆင်းမှုနှင့်ပတ်သက်ပြီး တိုင်းတာစစ်ဆေးမှုများ ပြုလုပ်နေစဉ်။

ရေမည်းများစီးဆင်းခြင်းအကြောင်းနှင့်ပတ်သက်ပြီး လကြေးများ(Mica)၊ ဂရက်ဖိုက်ဟုယူဆရသော အလွန်သေးမှုန်သည့် မည်းမည်းအမှုန်များကို စစ်ဆေးရာ ဤနာဂဒေသအတွင်းရှိ နာဂအသွင်ပြောင်းကျောက် (Naga Metamorphic Complex) အတွင်း၌ ပါဝင်သည့် Mica schist, Graphite schist နှင့် သင်ပုန်းကျောက် (Slate)တို့၌ ကြားညှပ်ပါဝင်တတ်သော ဂရက်ဖိုက်အလွှာများသည် မိုးသည်းထန်စွာရွာခြင်း၊ မြေပြိုခြင်း၊ တောင်ပြိုခြင်းတို့ကြောင့် နန့်စလိန်ချောင်းအတွင်းသို့ အရည်ပျော်စီးဝင်သော လက်တက်များမှ စတင်မျောပါလာပြီး ၎င်းမှတစ်ဆင့် ချင်းတွင်းမြစ်အတွင်းသို့ ဆက်လက်စီးဆင်းခြင်းဖြစ်ကြောင်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။

"အဲဒီအခြေအနေတွေကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက တိုင်းတာစစ်ဆေးမှုတွေ လုပ်မယ်၊ ထွက်ရှိတဲ့အဖြေတွေကိုထုတ်ပြန်ပေးသွားမှာပါ။ သောက်သုံးဖို့အတွက်ကို အဲဒီကာလလေး တစ်ခုလိုတာပါ။ ဘာဖြစ်လို့လဲဆိုတော့ ရေထဲမှာဂရက်ဖိုက်ပါလာတဲ့အတွက် သောက်သုံးမိရင် ကျန်းမာရေး ထိခိုက်တာတို့ ချို့ယွင်းတာတို့ ဖြစ်လာနိုင်တဲ့အတွက် သောက်သုံးဖို့ကို မသင့်တော်ဘူးလို့ ပြောတာပါ။ ရေမည်းတွေစီးဆင်းနေတဲ့ ကာလတွင်းမှာ သောက်သုံးဖို့ မသင့်ဘူးဆိုတာကို ထုတ်ပြန်ထားမယ်။ ဒါပေမယ့် အခုအနေအထားက မိုးတွင်းကာလဖြစ်နေတာကြောင့် လည်းဆိုတာကိုထည့်တွက်ရမယ်။ ဒီရေမည်းဟာ မိုးတွင်းကာလ လွန်သွားတဲ့အခါမှာ ဆက်ပြီး မစီးဆင်းတော့ဘူး။ ပုံမှန်အတိုင်းပြန်ဖြစ်သွားတဲ့အထိကို စောင့်ကြည့်နေမှာပါ။ အခုလောလောဆယ်မှာတော့ တိုင်းတာမှုတွေကို ဆက်တိုက်လုပ်ဆောင်နေမှာပါ။ ထွက်လာတဲ့ တွေ့ရှိချက်တွေကိုကြည့်ပြီး သောက်သုံးဖို့သင့်တယ်၊ မသင့်ဘူးဆိုတာကို သတင်းထုတ်ပြန်ပေးသွားမှာပါ။ အခုအခြေအနေကလည်း မိုးတွင်းကာလကြောင့်မို့ ရေမည်းတွေ စီးဆင်းတာလို့ ယူဆထားရတာပါ။ မိုးမရွာတော့ဘူးဆိုရင်တော့ ဆက်မဖြစ်လာနိုင်ဘူးလို့ ခန့်မှန်းရတယ်။ တိုင်းတာမှုတွေကို တောက်လျှောက် လုပ်နေမှာဖြစ်တဲ့အတွက် သတင်းထုတ်ပြန်ချက်တွေကိုလည်း ထုတ်ပြန်ပေးနေမှာပါ။ ချင်းတွင်းမြစ်ရေရဲ့ ရေအရည်အသွေးဟာ ဘယ်နေ့ဘယ်ရက်မှာ ဘယ်လောက်အထိ ရှိနေတယ်ဆိုတာကို နှစ်ပတ်တစ်ကြိမ်၊ တစ်လတစ်ကြိမ်လောက် ထုတ်ပြန်ပေးသွားဖို့စီစဉ်နေပါတယ်။ အဲဒီအခါမှာလည်း သောက်သုံးဖို့ သင့်၊မသင့်ဆိုတာကို ဆုံးဖြတ်ပေးသွားမှာပါ"ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်က ပြောသည်။

ယခုအခါ ချင်းတွင်းမြစ်အတွင်းသို့ ရေမည်းများ ဆက်လက်စီးဆင်းနေပြီး ပမာဏမှာနည်းသွားပြီဖြစ်သော်လည်း ချင်းတွင်းမြစ်တစ်လျှောက် မြို့နယ်များအတွင်းရှိ ကျေးရွာများမှပြည်သူများ သောက်သုံးခြင်း မပြုစေရန်အတွက် အဆိုပါသတင်းထုတ်ပြန်ချက်များ ပြုလုပ်သွားရန် စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**

# အောင်မြင်ခြင်းမှာ ရေခဲတောင်ပမာ

## အဲပုလုံ

ဘဝတွင် အောင်မြင်ခြင်းအား အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ကြသည်။ တစ်ဦးနှင့်တစ်ဦး မတူညီနိုင်သကဲ့သို့ လူ့အဖွဲ့အစည်းတစ်ခုနှင့် တစ်ခု(သို့မဟုတ်) တစ်နိုင်ငံနှင့် တစ်နိုင်ငံလည်း မတူညီနိုင်ချေ။ မည်သို့ပင်ဆိုစေကာမူ မိမိ၏ အောင်မြင်မှုအား ရေရှည်တည်မြဲစေချင်ကြသည်။ ထို့ကြောင့် ရေရှည်တည်မြဲသော အောင်မြင်မှုရရှိစေရန်၊ ရည်မှန်းချက်ပန်းတိုင်ရောက်ရှိစေရန်အတွက် ကြိုးစားကြရာတွင် ရေခဲတောင်ဥပမာအား အစဉ်အမှတ်ရ၍ ကျင့်ကြံကြရမည်။ လူ့ဘဝသည် ရေခဲတောင်ပုံသဏ္ဌာန်နှင့် တူညီသည်။ ပုံတွင်ဖော်ပြထားသည့်အတိုင်း ရေတွင်ပေါ်နေသော ၁၀ရာခိုင်နှုန်းမှာ ပြင်ပမှအလွယ်တကူ မြင်နိုင်သော မိမိတို့၏ လူနေမှုအဆင့်အတန်း၊ ရုပ်ရည်ရူပကာယ၊ လုပ်ရည်ကိုင်ရည်၊ ပညာအရည်အချင်းနှင့် ဗဟုသုတစသည်တို့ ဖြစ်သည်။ ရေအောက်တွင်နစ်မြုပ်နေသော ၉၀ ရာခိုင်နှုန်းမှာ စိတ်နေသဘောထားနှင့် ခံယူမှုစသည်




တို့ဖြစ်၍ ထိုအရည်အချင်းတို့အား ပတ်ဝန်းကျင်မှ အလွယ်တကူမမြင်နိုင်ချေ။ လူကြီးလူငယ်မရွေး မိမိ၏ ပန်းတိုင်ကို အရောက်လှမ်းနိုင်စေရန်အတွက် အဓိကအခြေခံအချက်ဖြစ်သည့် ရေအောက်ထဲတွင် အများစုနစ်မြုပ်နေသော ထိုစိတ်ဓာတ်ပိုင်းအား မျက်ခြည်မပြတ်ပြုစုပျိုးထောင်ပေးရန် လိုအပ်ပါသည်။

အတတ်ပညာအား အစဉ်မပြတ် ဆည်းပူးလေ့လာနေသကဲ့သို့ မိမိ၏ စိတ်စွမ်းအားကိုလည်း အစဉ်ပြန်လည်သုံးသပ်၍ ပိုမိုမြင့်မားလာအောင် ကြိုးစားကြရမည်။ စိတ်ဓာတ်မြင့်မားသည်ဆိုသည်မှာ ပညာအရည်အချင်းနှင့် အစဉ်အမြဲဆက်စပ်မှုမရှိတတ်ပါ။ စိတ်ဓာတ်မြင့်မားသူတို့၏ သိသာထင်ရှားသော အရည်အသွေးအချို့တို့မှာ-

- စည်းကမ်းရှိခြင်း
- ကိုယ်ချင်းစာစိတ်ရှိခြင်း
- အမှန်တရားကို မြတ်နိုးခြင်း
- အများအတွက် အမြဲထည့်တွေးတတ်ခြင်း
- ဖြစ်သင့်သည်ကိုသာ လုပ်ဆောင်ခြင်း၊ တွေးသင့်သည်ကိုသာတွေးခေါ်ခြင်း
- ဇွဲ၊ လုံ့လ၊ ဝီရိယ ရှိခြင်းစသည်ဖြင့် များစွာပါဝင်ပါသည်။

စိတ်ဓာတ်မြင့်မားစေရန်အတွက် ကဗ္ဗာပေါင်းစုံမှ ပညာရှင်ကြီးများအကြံပြုခဲ့သော နည်းလမ်းများစွာထဲမှ အချို့မှာ-

- မိမိအတွက် အကျိုးရှိသော စာအုပ်စာပေများများ ဖတ်ပါ။
- ဖတ်ယူသိရှိထားသော အသိပညာကို ပြန်လည်အသုံးချပါ။
- အတွေ့အကြုံများမှ သင်ခန်းစာယူတတ်ပါစေ။
- မိမိသည် အမြဲသင်ယူနေရသူသာဖြစ်သင့်ကြောင်း နှလုံးသွင်းပါ။
- စိတ်ဓာတ်နိုးကြားတက်ကြွစေရန် မိမိ၏ ကျန်းမာရေးကိုလည်း ဂရုစိုက်ပါ။ တစ်နည်းအားဖြင့် ကိုယ်လက်လေ့ကျင့်ခန်းပုံမှန်လုပ်ပါ။ (လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း၊ ယောဂကျင့်ခြင်း)

ထို့အပြင် အရေးအကြီးဆုံးမှာ မိမိစိတ်နေသဘောထားအား နေ့စဉ်သုံးသပ်ပါ။ (တစ်နေ့တာပြုမူခဲ့သော လုပ်ဆောင်ချက်များနှင့် တွေးခေါ်ခဲ့သော စိတ်နေသဘောထားတို့ကို ညစဉ်ဆင်ခြင်သုံးသပ်ပါ။)

ထိုကဲ့သို့ မိမိ၏ စိတ်ဓာတ်အားအစဉ်ပြုစုပျိုးထောင်ပေး၍ အတတ်ပညာကိုလည်း အချိန်နှင့်အညီ ဓားသွေးသကဲ့သို့ ပိုမိုထက်မြက်အောင် ကြိုးပမ်းပါလျှင် မိမိ၏ ကိုယ်ရောစိတ်ပါ အောင်မြင်လိုသည့် ပန်းတိုင်မှာအလှမ်းမဝေးနိုင်တော့ပါချေ။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ လွန်စွာအဖိုးတန်သော အမှာစကားတစ်ခုဖြစ်သည့် တိုင်းပြည်၏ သယံဇာတမှာ လူသားအရင်းအမြစ် ဖြစ်ပါသည်ဆိုသော ဆောင်ပုဒ်အား ခံယူကျင့်သုံး၍ မြန်မာပြည်သားတိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ရေခဲတောင် ဥပမာကိုကြည့်ကာ မိမိကိုယ်ကို အစဉ်အမြဲ ဆန်းစစ်ပြုပြင်သင့်ပါကြောင်း ဖော်ညွှန်းရင်း မနက်ဖြန်တိုင်းတွင် ပိုမိုတိုးတက်သော၊ မိမိရည်မှန်းချက်နှင့် ပိုမိုနီးစပ်အောင် လုပ်ဆောင်နိုင်သော တိုင်းပြည်၏ သူရဲကောင်းများ ဖြစ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။ ။

မှီငြမ်း - Hemingway E.M ၏
Iceberg Theory

# ပြည်သူ့စာကြည့်တိုက်တွင် ပန်းချီပြိုင်ပွဲ ကျင်းပ

**ကျိုက်ထို စက်တင်ဘာ ၂၉**

ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO)နှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ ပန်းချီပြိုင်ပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းမော်က ပြိုင်ပွဲပြုလုပ်သည့်ရည်ရွယ်ချက်ကို ပြောကြားပြီး ပန်းချီအနုပညာရှင် ဦးနိုင်ဝင်းက အမှတ်ပေး စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ပြိုင်ပွဲတွင် အမှတ်(၁) မူလွန်ကံ့ကော်ကျောင်းမှ ကျောင်းသားကျောင်းသူ ၄၆ ဦးမှ 'ဝါလကင်းလွတ်သီတင်းကျွတ်' အမည်ဖြင့် စိတ်ကူးပုံဖော်ရေးဆွဲကြပြီး ပြိုင်ပွဲဝင် ပန်းချီလက်ရာများအား ပြန်/ဆက်ဝန်ထမ်းများ၊ ပန်းချီပညာရှင်နှင့် CSO အဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက စိစစ်ရွေးချယ်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ပေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်သူပခုံး ပြည့်မျက်လုံးတို့ သမိုင်းတစ်ခေတ် သစ်ခဲ့ပြီ

❖ ပြည်သူ့ပခုံး
ပြည့်မျက်လုံးဟု
ရှေးထုံးစကား
ရှိထားသည့်တိုင်း
သမိုင်းတစ်ခေတ်
သစ်ခဲ့ပြီ. . .။ ။

❖ တိုင်းတုန်ပြည်တုန်
ရင်ခုန်လှိုက်မော
ပြောမကုန်အောင်
ဗလောင်ဆူပွက်
ဖြစ်ပျက်အမှု
လူ့အခွင့်အရေး
ဒုက္ခဘေးကြောင့်
အရေးအခင်းဖြစ်ခဲ့ရ။ ။

❖ လူအချင်းချင်း
ကွန်ဇာတ်သွင်း၍
အခင်းမလှ
ဖြစ်ပျက်ကြသည့်
ဒုက္ခဥဿုံ
ဖြစ်ရပ်စုံကို
လုံးစုံထုတ်ဖော်
တင်ပြသော်လည်း
ဂရုမစိုက်
ယင်းလှူသိုက်တို့
အမိုက်ဇာတ်တစ်ရပ်
ခင်းခဲ့ကြ. . .။ ။

❖ ထိုမှသည်ရောက်
သတင်းထောက်၏
မျက်မှောက်မှုခင်း
သတင်းတစ်ပုဒ်
သည်းလှုပ်ရင်ဖို
ပေါ်ခဲ့သည်. . .။ ။

❖ အမှန်စကား အမှန်တရား
ရေးသားဖော်ထုတ်
အလုပ်လုပ်နေကြသူတို့ကား
သတင်းသမားများဖြစ်ကြသည်။ ။

❖ အမှန်တရား သတင်းများကို
ရေးသားဖော်ပြ ထုတ်ဝေကြရာတွင်
မှန်ခြင်း မှားခြင်းက ပဓာနမပြု
ပြည်သူ့အကျိုးငှာ
ဖော်ဆောင်ပေးခြင်းကသာ
သန့်စင်မွန်မြတ်
အမှန်ကန်ဆုံးဖြစ်သည်. . .။ ။

❖ သတင်းသမားမှန်က
ပြည်သူကိုအခြေပြုမှ
လူထုအကျိုးဆောင်ဖြစ်သည်. . .။ ။

❖ လူထုအကျိုးပြု
ပြည်သူ့သတင်းများ စေ့ငုသေချာ
ရေရာဖွေရှာ ရေးသားပါမှ
တာဝန်ကျေသူတို့ဖြစ်ကြရာသည်. . .။ ။

**"Myanmar Now သတင်းထောက်ချုပ် ကိုဆွေဝင်းမှအစ သတင်းသမားအားလုံးတို့အား ဂုဏ်ပြုလျက်. . ."**

**ဟံသာဝတီ ဦးအုန်းကြိုင်**
**(သက်ကြီးဝါရင့်သတင်းထောက်ကြီး)**

# ကျေးလက်ဒေသနေ ပြည်သူလူထုကျန်းမာရေးအတွက် ပြည်သူလူထုအခြေပြု ကျန်းမာရေးဆေးခန်းများ ဖွင့်လှစ်

**နေပြည်တော် စက်တင်ဘာ ၂၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကျေးလက်ဒေသနေ ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရေးအတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းများကို တိုးချဲ့ဖွင့်လှစ်ကာ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

ယမန်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် သဲကောကြီးကျေးရွာတွင် ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ကျန်းမာရေးပညာပေးဟောပြောခြင်းများကိုဆောင်ရွက်ခဲ့ရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးလွင်ငြိမ်းက ကျန်းမာရေးစောင့်ရှောက်မှုခံယူရန်လာရောက်ကြသော ဒေသခံကျေးလက်ပြည်သူများ၊ ကျန်းမာရေးဝန်ထမ်းများကို ရင်းနှီးစွာတွေ့ဆုံအားပေးသည်။

အဆိုပါ ကွင်းဆင်းပညာပေးအဖွဲ့ကို နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာလှလှကြည်က ဦးဆောင်ကာ ပြည်သူ့ကျန်းမာရေး ဆရာဝန်များ၊ ကျွမ်းကျင်သူများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများက အထွေထွေရောဂါ၊ မျက်စိရောဂါ၊ တီဘီရောဂါ၊ ကလေးရောဂါ၊ သွားရောဂါ၊ အရေပြားရောဂါ၊ သားဖွား၊ မီးယပ်ရောဂါ စသည့် လူနာစုစုပေါင်း ၂၉၃ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုများပေးခဲ့ပြီး လိုအပ်သည့်ဆေးဝါးများ အခမဲ့ထောက်ပံ့ပေးသည်။

ယခုကဲ့သို့ ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းများ ဖွင့်လှစ်ဆောင်ရွက်ခြင်းကို နိုင်ငံတစ်ဝန်းရှိ ကျေးလက်ဒေသများတွင် ဆက်လက်ဖွင့်လှစ်ကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# oabmyJoabm oabm

## စာကြီးသား(ပနီပင်)

စက်တင်ဘာလ ၂၂ ရက်နေ့ကပေါ့။ သားကြီးကို ရဟန်းခံပေးတယ်။ အသက်(၈၁)နှစ်ရှိပြီဖြစ်တဲ့ ကျွန်တော့်အမေလာပြီး သိမ်ဆင်းလောင်းတယ်။ အိမ်မှာ ခဏနားနေပြီး အမေက သူ့သမီး ကျွန်တော့်ညီမအိမ်ကို ပြန်ပို့ပေးပါတဲ့။ ၃ နာရီကျော်လောက်ရှိရော့မယ်။ အမေ့ကို ပြန်ပို့နေတုန်း ဖုန်းဝင်လာတယ်။ ကိုကိုကြီး နင်ဘယ်ရောက်နေပြီလဲတဲ့။ ငါ ဘောက်ထော် သံလမ်းမှာ။ ရထားလမ်းပိတ်မိနေတယ်။ ကိုကိုကြီးမြန်မြန်လာခဲ့၊ မစုကို ဆေးရုံတင်ရမယ်တဲ့။ မစုဆိုတာ သူ့သမီး။ ဘယ်ဆေးရုံလဲ။ ဆေးရုံကြီး။ ဘေးကထိုင်လိုက်လာတဲ့ ကျွန်တော့်သမီးက သူ့သူငယ်ချင်းတွေဆီ ဖုန်းဆက်မေးတယ်။ ဖေကြီး။ ဂျိုင်ကာ(ဂျပန်ဆေးရုံသစ်ကြီး)။ အထွေထွေရောဂါကု ဆေးရုံသစ်ကြီးက သန့်တယ်။ Daily Admission (နေ့တိုင်းဆေးရုံတင်လို့ရတယ်)တဲ့။ အေးအေး ညီမလေး။ နင့်တူမက ဂျပန်ဆေးရုံသစ်ကြီးကို တင်ရင်ကောင်းမယ်တဲ့။ ရတယ်ဟာ။ မြန်မြန်သာလာခဲ့။ မစုက အရမ်းဖြစ်နေတယ်။ သည်လိုနဲ့ သည်စာရေးဖြစ်ပါတယ်။

ညီမအိမ်ကိုရောက်။ လူနာတူမကို ကားပေါ်ပွေ့တင်ကြတယ်။ သူ့ကို ကားပေါ်တွင် အောက်ဆီဂျင် ပေးထားရတယ်။ ညီမကလည်း လုပ်နေကျ။ ကျွန်တော့်သမီးလည်း ပါလာတာဆိုတော့ သူကလည်းလုပ်တတ်တယ်ဆိုတော့ အဆင်ပြေတယ်။ ကားတွေကလည်း ကျပ်သဗျာ။ လမ်းက ပိတ်မှပိတ်။ တောင်ဥက္ကလာကနေ ဆေးရုံရှိတဲ့ ရန်ကုန်မြို့ထဲက လမ်းမတော်အထိ ကားမောင်းတာ တစ်နာရီကျော်ကြာတယ်။ သမီးကလည်း တစ်လမ်းလုံး သူ့အစ်မကို check ပေါ့။ ခုခေတ်ကလည်း အဆင်ပြေတယ်လေ။ သွေးခုန်နှုန်း၊ သွေးထဲမှာ အောက်ဆီဂျင်ပါဝင်နှုန်း၊ အားလုံးကို လက်ချောင်းလေးတွေ ထိပ်ကို----- စွပ်လိုက်ရုံနဲ့ သိနေတယ်။ သွေးခုန်နှုန်းကောင်းတယ်။ အောက်ဆီဂျင်ကိုလည်း အတိုးအလျှော့လုပ်ပေးနေတယ်။

သည်လိုနဲ့ ဂျပန်ဆေးရုံ(အထွေထွေရောဂါကုဆေးရုံသစ်ကြီး)ကို ရောက်ရောဆိုပါတော့။ ဆေးရုံဆင်ဝင်ရောက်တာနဲ့ တာဝန်ကျအစောင့်ဖြစ်ဟန်တူတဲ့ သူက ထွက်လာတယ်။ ဘာဖြစ်တာလဲမေးတယ်။ ဆေးရုံတင်ချင်လို့ ဖြေလိုက်တယ်။ လူနာက ထိုင်နိုင်လား။ မထိုင်နိုင်ဘူးဆိုတော့ ထရော်လီလူနာတင်လှည်းယူလာတယ်။ ဝန်ထမ်း သုံး၊ လေးယောက်လာတယ်။ ဝိုင်းတင်တယ်။ လူနာကို အရေးပေါ်ခန်းအဝင်ကို ရောက်တော့ လှည်းကို ထားပြီးပြန်သွားတယ်။ ပိုက်ဆံတောင်းချင်တဲ့မျက်နှာ သို့မဟုတ် စကားခေါ်တာမရှိ။ ထူးတော့ထူးခြားတယ်ပေါ့။ တူမအရင်ရောက်နေတဲ့ လူနာတစ်ယောက်ကို စစ်ဆေးနေတုန်းမှာ ရေလည်းဆာလာတာမို့ ရေလျှောက်ရှာတယ်။ ရေသန့်စက်ကြီးက ကောင်းမှကောင်း။ အဝသောက်လိုက်တယ်။ မျက်စိက ဟိုကြည့် သည်ကြည့်။ အမယ်။ ဆေးရုံအဝင်မှာ reading corner လေးပါလား။ စာအုပ် ၂၀ လောက်တွေ့တယ်။ မဂ္ဂဇင်းအဟောင်းတွေ တွေ့တယ်။ မှန်ဗီရိုလေးနဲ့။ လူနာစောင့်တွေလား။ အဖော်တွေလားမသိဘူး။ ယူဖတ်နေတာတွေ့တယ်။ ကောင်းသားဟပေါ့။ ပြန်ကြားရေးက စာအုပ်စင် သည်မှာ လာထားရင် ကောင်းမယ်။

အရေးပေါ်ခန်းမှာလည်း ညနေ ၄ နာရီကျော်ဆိုပေမယ့် ထဘီအနီဝတ်သူနာပြုလေး၊ ငါးယောက် တွေ့တယ်။ တာဝန်ကျဆရာဝန်လည်းရှိတယ်။ ရှေ့က လူနာပြီးတာနဲ့ ချက်ချင်းပဲ ကျွန်တော့်တူမ လူနာကို စစ်ဆေး။ လူနာရာဇဝင်မေးတယ်။ လိုတာလုပ်ပေးတယ်။ ဆက်တိုက်ပဲ။ ဇယ်ဆက်သလိုလို့ ပြောရင်ရတယ်။ ပြီးတာနဲ့ Medical Ward ကို လွှဲပေးတယ်။ လူနာကို ထရော်လီနဲ့ တင်ပြီး ဓာတ်လှေကားနဲ့ လိုက်ပို့တယ်။ လိုက်ပို့တဲ့ ဝန်ထမ်းကလည်း သူလုပ်ရမှာကို သေသေချာချာလုပ်ပေးတယ်။ ဓာတ်လှေကားမောင်းတဲ့လူကလည်း အင်္ကျီက ဇင်ပြာနဲ့။ ပုဆိုးတိုတိုဝတ်လို့။ အေးဆေးပဲ။ လူနာထွက်တော့ ပြန်မောင်းဆင်းသွားတယ်။ သူ့တာဝန်သူကျေ။ အပိုမပြော။ ပေးကမ်းအောင်လည်း မလုပ်ဘူး။ လိုက်ပို့တဲ့ဝန်ထမ်းက လူနာကို Medical Ward က တာဝန်ကျဆရာဝန်တွေ အခန်းမှာထားပေးသွားတယ်။ ဆေးရုံတင်ရမယ်ဆိုရင်တော့ ဘာလုပ်ဆိုတာတော့ သေသေချာချာ ပြောသွားတယ်။ ပြီးတော့ထွက်သွားတယ်။ သူကလည်း ဘာမှရေလာမြောင်းပေးမလုပ်။

ကျွန်တော် အခန်းဝက မတ်တတ်ရပ်စောင့်နေတယ်။ သမီးနဲ့ ညီမက ဆရာဝန်အခန်းထဲမှာ။ လူနာ တူမနဲ့ပေါ့။ ရောက်တာနဲ့ ဆရာဝန်လို့ထင်တဲ့ ကလေးမလေးနဲ့ ကောင်လေးက သွေးချို ဆီးချိုစစ်တယ်။ မြန်သားပဲ။ နောက်မှ သမီးကိုမေးကြည့်တော့ အလုပ်သင်ဆရာဝန်ကလေးတွေ(House Surgeon လေးတွေ) သမီးတုန်းက သည်လို ဝတ်စုံ၊ ရှမ်းဘောင်းဘီလို ပွပွချောင်ချောင်။ ခေါင်းစွပ်တဲ့ ဘလောက်အင်္ကျီလိုလိုနဲ့လေ။ မဝတ်ရပါဘူးဆိုတော့။ သည်နှစ်မှစတာတဲ့။ သမီးက ဖြေတယ်။ သူတို့ကျတော့ တတ်နိုင်သူများမို့ ထင်တယ်။ ဝတ်စုံကို ဖဲသားနဲ့ ချုပ်ထားပုံရတယ်။ လှသားပဲ။ မိုးပြာရောင်လေးတွေ။ အသားဝါဝါနဲ့ဆိုတော့ ဝတ်စုံပြာလေးက ပိုလိုက်သလိုပဲ။ ထားတော့။ သည် အလုပ်သင်ဆရာဝန်ကလေးတွေက အရေးပေါ်ခန်းထဲကို ရောက်လာတဲ့ လူနာတွေကို နှလုံးခုန်နှုန်းတိုင်းလိုက်။ သွေးဖောက်လိုက်။ အီးစီဂျီရိုက်လိုက်နဲ့။ တော်တော်လုပ်နိုင်ကြသားပဲလို့ တွေးမိရဲ့။ သမီးကတော့ သူ့အစ်မကို ဆရာဝန်မတစ်ယောက်က လူနာဆေးကုသမှုရာဇဝင် စစ်ဆေးမေးမြန်းနေတာကို သူ့အဒေါ်နဲ့အတူ ကူပြီးဖြေပေးနေလေရဲ့။

ကျွန်တော့်လိုပဲ အရေးပေါ်ခန်းအဝမှာ အိန္ဒိယနွယ်ဖွားပုံနဲ့ တစ်ယောက်ထိုင်စောင့်နေတယ်။ နွမ်းပါးပုံရတယ်။ အင်္ကျီက အပြာရောင်ဆိုပေမယ့် ရင်ဘတ်က အပြာက ကျောက အပြာထက်အရောင်ရင့်တယ်။ သိတယ်မဟုတ်လား။ ကျောကုန်းက နေလောင်တယ်၊ ချွေးစိုတယ်လေ။ သည်တော့ အရောင်ပိုလွင့်လွယ် တယ်ပေါ့။ သူ့ကြည့်ရတာတစ်ကျော့ပြန်လာပြပုံရတယ်။ စကားပြောတာလည်း မပီမသနဲ့။ ခဏနေတော့ ဆရာဝန်မတစ်ယောက် ထပ်ဝင်လာတယ်။ သူက တူမဘေးကို လာရပ်ပြီး ကြည့်နေတယ်။ တူမကိုတော့ အလုပ်သင်ဆရာဝန်တွေက လုပ်စရာရှိတာ လုပ်နေတာပေါ့။ အဲဒီလူက စွတ်ခန်ဝင်သွားတယ်။ ဆရာဝန်မကို သူ့လက်ထဲက စာရွက်ထိုးပေးလိုက်တယ်။ ဆေးစစ်ထားတဲ့စာပါ။ လာပြတာတဲ့။ ဒီကို ထပ်လာပြပါလို့ ပြောလို့လာတာတဲ့။ အဲဒီဆရာဝန်မက လှည့်ကြည့်တယ်။ ဒီကောင်နာပြီ။ အတွယ်ခံရပြီ။ ကျွန်တော်သိတယ်လေ။ သေပြီဆရာပဲ။

ဒီစာမှာက ကျွန်မတို့ဆေးရုံကို ၂၈ ရက်နေ့မှ လာပြဖို့ရေးထားတယ်တဲ့။ အဲသည့်ဆရာဝန်မက ဆေးစာကို ကြည့်ပြီးဖြေတယ်ဗျာ။ အံ့ရော။ သေပြီထင်တဲ့ပုဂ္ဂိုလ်မသေပဲ။ ဖုတ်သွင်းရထားတောင် စက်နှိုးပေးရမယ့်ကိန်းဆိုက်နေပြီ။ သည်အဖြေရေးပေးတဲ့ဆရာက သွားပြလို့ပြောလို့ လာပြတာပါတဲ့။ သူကလည်း မိချောင်းသား။ လျှာရှည်သဗျ။ သေဦးမယ်။ ဒီအကောင်။ ဟုတ်ပါတယ်။ ဆေးစစ်တာအဖြေရလို့ ဒီကို ထပ်ပြီးသွားပြလို့ပြောတာပါ။ ကျွန်မတို့ဆီကို ၂၈ ရက်နေ့မှ လာပြနော်။ လာပြဖြစ်အောင်ပြနော်။ ဆရာက နှလုံးသွေးကြောကလေးတွေကျဉ်းနေတာတဲ့။ အလဲ့။ လူနာကိုတောင် ဆရာခေါ်လိုက်သေးဗျာ။ အဲဒီ ဆရာဝန်မလေးက။ အသက်ကတော့ (၃၅) လောက်ရှိမလားပဲ။ စကားသံနားထောင်ရတာ အညာသူလားတော့မသိ။ လာမပြရင် အခုလိုပဲ မောနေမယ်။ နောက်ကျရင်ပိုဆိုးမယ်။ ခွဲရတာမျိုးဖြစ်နိုင်တယ်။ ဒီအကောင် မျက်နှာသွေးဆုတ်သွားသလိုပဲ။ ဟုတ်ကဲ့ ဆရာမတဲ့။ အခုပြန်လို့ရပြီလားတဲ့။ ပြန်။ ပြန်။ ဖြည်းဖြည်းပြန်။ ဆက်ဆက်လာပြနော်တဲ့။ စိတ်မချတဲ့အသံနဲ့ အဲဒီဆရာဝန်မလေးက ထပ်မှာနေတာတွေ့တော့ မဆီမဆိုင် စိုင်းထီးဆိုင်ရဲ့ သီချင်းသံတောင် ကျွန်တော့်နားထဲဝင်လာတယ်။ 'အို ဆရာမရယ်။ အိမ်ပြန်ရောက်တိုင်းလည်း။ အရင်နေရာက နည်းနည်းနာလာတယ်။ အိုဆရာမရယ်။' အဲဒီ ဆရာဝန်မလေးကို တကယ့်သမားတော်ကောင်းတစ်ယောက်လို့ ရင်ထဲကနေ နှစ်နှစ်ကာကာ ဦးညွှတ်အလေးပြုလိုက်တယ်။ ဒီလို ဆရာဝန်ကောင်း၊ သမားကောင်းတွေ ပြည်သူ့ဆေးရုံတွေမှာ အများကြီး ရှိနေပါစေလို့ ဆုတောင်းမိတယ်။ ရှိနေမယ်လို့လည်း ယုံတယ်။ ဆရာဝန်မှာ၊ သမားတော်မှာ အယုတ်အလတ်အမြတ်ဆိုတာမရှိဘူး။ ဗမာ၊ တရုတ်၊ အိန္ဒိယနွယ်ဖွား၊ တောသူ တောင်သား၊ တိုင်းရင်းသား မခွဲခြားဘူး။ ဆရာဝန်မှာ လူနာဆိုတဲ့ အသိနဲ့ ကြင်နာတဲ့ နှလုံးသားဆိုတာပဲရှိတယ်ဆိုတာမျက်တွေ့ပေါ့။ သမီးပြောပြောပြတဲ့ သူတို့ အလုပ်သင်ဆရာဝန်ကာလက ဆရာဝန်ဇာတ်လမ်းတွေတုန်းကတော့ နားနဲ့သာ ဆတ်ဆတ်ကြားနိုင်တာကလား။ ခုတော့ ကိုယ်တွေ့။

ဆေးရုံရဲ့ ကော်ရစ်ဒါတွေ၊ ကြမ်းပြင်တွေ၊ နံရံတွေကြည့်စမ်းကြည့်တယ်။ ပြောင်ရောင်မနေပေမယ့် သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်းဆိုတာတော့ အာမခံတယ်။ အနံ့အသက်ကောင်းတယ်။ လေဝင်လေထွက်ကောင်းတယ်။ ဆေးပစ္စည်းတွေကလည်း ခေတ်မီသဗျ။ ကျွန်တော်ကလည်း ခေတ်ပညာမတောက်တခေါက်တတ်သူ။ တပ်မတော်မှာ ကျွန်တော်တာဝန် ထမ်းဆောင်တုန်းက တပ်မတော်ကဆေးဆရာဝန်တွေနဲ့ တောထဲတောင်ထဲမှာ အတူတူနေခဲ့ဖူးတော့ ဆေးကုသတာကိုလည်း နည်းနည်း မြင်ဖူးတွေ့ဖူးသဗျ။ (ဆရာဝန်တို့၊ ဆေးမှူးတို့မရှိတဲ့ တောထဲမှာ ကိုယ့်ရဲဘော်ကို ကိုယ်ဆေးထိုးပေးလို့ သက်သာသွားတာတွေအများကြီး။ မိုင်းထိတဲ့၊ သေနတ်မှန်တဲ့ ရဲဘော်တွေကို ဒီလိုပဲ အရေးပေါ် ရှေ့ဦးသူနာပြုတာတွေပြောပြချင်စမ်းသဗျာ) ဆိုတော့။ ဒီအလုပ်သင်ဆရာဝန်တွေ၊ ဆရာဝန်တွေသုံးတဲ့ပစ္စည်း၊ တွေ့ရတဲ့ပစ္စည်းတွေက ခေတ်မီမှန်း သိသာတယ်။ အရပ်အခေါ် ဂလူးကို့စ်ပုလင်းချိတ်တာကတော့ ရေသန့်တိုက်နေသလို ထည့်ပေးတယ်ဗျာ။ ဘာမှလည်းမပေးရဘူး။ ဘယ်လိုဘတ်ဂျက်ရတယ်တော့မသိ။

ဖြုန်းဆို တူမက ကောက်ကာင်ကာ အကြောတွေတက်လာတယ်ဗျ။ အဲဒီဆရာဝန်မလေးက DS (အရပ်အခေါ် ဂလူးကို့စ် ချိတ်တာ)နဲ့ အကြောပြေမယ့်ဆေးကို အကြောထဲသွင်းဖို့ ချက်ချင်းကောက်လုပ်ပစ်လိုက်တယ်။ တူမ ခဏနေ သက်သာသွားသဗျ။ အရေးပေါ်အခန်းထဲမှာပဲနေ၊ သွေးတွေလည်း စစ်တာတော်တော်များတယ်။ သမီးက အဲဒီသွေးပုလင်းနမူနာတွေကို ဓာတ်ခွဲခန်းပို့ဖို့အဆင်းမှာ ကျွန်တော့်ကို ကပ်လုပ်သွားတယ်။ အဖေတွေ့လား။ အဖေဆေးစစ်တာနဲ့ အတူတူပဲ(အရင်တစ်ပတ်က ကျွန်တော်က ပုဂ္ဂလိကဆေးရုံတစ်ခုမှာ ဆေးစစ်တာ။ သူလည်းလိုက် လာဖူးတယ်) တစ်သိန်းကျော်လေ။ အခု ဖရီးဖရောနော်တဲ့။ တစ်ပြားမှ မပေးရဘူး။ ပြည်သူ့ဆေးရုံတဲ့။ သူကလည်း ဆေးပဲကုမယ်။ Clinical (ဆေးကုတာ၊ ဆေးရုံမှာ တာဝန်ထမ်းတာပြောတာ)ပဲသွားမယ်။ Teaching (စာသင်တာ။ ဆေးကျောင်းသားတွေကို စာပြန်သင်ပေးတာ) မလုပ်ဘူးဆိုတဲ့ကလေးမလေ။ နင်လည်းဆရာဝန်ဆိုတာ ပြောမပြဘူးလား။ လိုမှမလိုတာ။ သူတို့ လုပ်တာ စနစ်ကျတယ်။ အပြည့်လုပ်ပေးနေတာလေ အဖေရဲ့တဲ့။ ထပ်ထည့်သွားသေးတယ်။

သူသွားနေတုန်း တူမ ခုတင်ကို လှမ်းကြည့်လိုက်တယ်။ ခုနက ကျွန်တော် ပြောတဲ့ အလုပ်သင်ဆရာဝန်မလေး။ တရုတ်မလေး။ ကျွန်တော့်သမီးထက် ငယ်တာပေါ့။ ခုမှ အလုပ်သင်လေ။ အဲဒီ အလုပ်သင်ဆရာဝန်မလေးက ကျွန်တော့်တူမ သွေးဖောက်တုန်းက တူမက ရုန်းလိုက်လို့ သွေးတစ်စက်နှစ်စက်လောက် ကြမ်းပြင်မှာ ပေကျံနေတာကို ဂွမ်းစနဲ့ သုတ်နေတယ်ဗျာ။ မရွံ့မရှာ။ သေသေချာချာ သုတ်နေတာ။ ပြောင်အောင်သုတ်တယ်။ ဆေးထိုးအပ်ဖောက်တုန်းက ကျသွားတဲ့ ပလတ်စတစ်စတွေ၊ စက္ကူစလေးတွေပါ ကောက်နေတယ်ဗျာ။ ကြမ်းပြင်က နဂိုအတိုင်းပြောင်ချောသွားမှ ပြန်ထတယ်။ ဝတ်စုံပြာပြာကို ဝတ်ထားတဲ့ တရုတ်မ အလုပ်သင် ဆရာဝန်မကလေး။ ဖြူဖြူဖွေးဖွေး။ ချမ်းသာပုံလည်း ရပါတယ်။ သူ့မိဘတွေ ဒီမြင်ကွင်းမြင်ရင် ဘယ်လိုနေမလဲ တွေးကြည့်မိတယ်။အိမ်မှာ စားပြီးသားပန်းကန်ပင် ဆေးမည့်ပုံ မပေါ်။ ကျွန်တော်ကတော့ ဝမ်းသာလွန်းလို့ မျက်ရည်များပင် လည်တယ်တယ်။ မျက်စိထဲ မြင်လားမသိဘူး။ ဒီလို အလုပ်သင် ဆရာဝန်မျိုးတွေ၊ ဆရာဝန်တွေ၊ သမားတော်တွေကို ဒီလိုကာလမှာ ဆေးတက္ကသိုလ်တွေ၊ ဆေးကျောင်းတွေက မွေးထုတ်ပေးနေပြီး သည်လိုသမားကောင်းတွေလည်း ရှိနေပါသေးသလားလို့ သိလိုက်ရတာက မနောမယ ပတ္တမြားကို ရင်ဝယ်ပိုက်လိုက်ရ သလိုပါပဲ။

ပြောကိုပြောပြချင်သေးသဗျာ။ CT Scan ရိုက်တာ ပိုက်ဆံ ကျပ် ၂၀၀ တောင် ပေးရတယ်ဗျာ။ များတယ်ထင်တယ်နော်။ ၂၀၀။ မြန်မာငွေကျပ် ၂၀၀။ ခပ်ညံ့ညံ့ စီးကရက် လေးလိပ်ဖိုးပေးရသဗျ။ အပြင်က ပုဂ္ဂလိကဆေးရုံတွေဆိုရင်။ သိပါတယ်ဗျာ။ ပြောမနေတော့ဘူး။ ဟုတ်ပလား။ ဓာတ်မှန်ရိုက်တာလည်းဖရီး။ သွေးစစ်တာ ပိုက်ပိုက်မကုန်။ drip ချိတ်တာက အလကားချိတ်ပေးတာ။ အိမ်သာရေချိုးခန်း သန့်မှသန့်(ကျွန်တော့်သမီး သွားကြည့်တာနော်။ ဖေကြီး။ သန့်ပါတယ်တဲ့။ သုံးလို့ရတယ်တဲ့။) မှန်တာပြောသစ္စာပါ။ အကြောဆေးသွင်းတာကိုတောင် စက်နဲ့ control ဗျာ။ သတ်မှတ်တဲ့ အချိန်အတိအကျမှာမှ ဂလူးကို့စ် ကုန်ရအောင်တဲ့။ အရင်ကဆိုရင် ကိုယ့်ဘာသာကိုယ် ဆရာဝန်တွေအလစ်မှာ အတင်၊ အချ ခိုးခိုး လုပ်နေကျလေ။ Oxygen Concentrater (အောက်ဆီဂျင်ပေးတဲ့စက်)တွေကလည်း အသစ်တွေ။ ဂွတ်ရှယ်။ စလင်ဒါအိုးနဲ့ မဟုတ်ဘူးဗျာ။ တာဝန်ကျဆရာဝန်တွေကို နေ့ရောညရော လူနာထူးထူးခြားခြားဖြစ်ရင် သွားနှိုး။ ထလိုက်လာသတဲ့ဗျာ။ ညီမက ပြောပြတာ။ ဆရာဝန်တွေပဲလား။ နိုးနိုးမဟုတ်ဘူး။ ခုနက ကျွန်တော်ပြောခဲ့သလိုပဲ။ အလုပ်သမားတွေကလည်း တာဝန်ကျေတယ်။ အရင်အကျင့်တွေ မရှိတော့ဘူး(မရှိလောက်ဘူးထင်တယ်၊ တွေ့တာတော့ မရှိဘူးပဲ)။ ကဲ ဘာလိုသေးလဲပေါ့။

ဆရာဝန်၊ သူနာပြုဆရာမတွေဟာ လူငယ်တွေများတယ်။ ကျွန်တော်ပြောချင်တာက အဲဒါပါပဲ။ လူငယ်တွေကို လေ့ကျင့်ပေးလို့ရတယ်။ သူတို့ရဲ့ လှပတဲ့၊ နူးညံ့တဲ့၊ အင်အားရှိတဲ့ နှလုံးသားတွေကို ကျွန်တော်တို့က သေသေချာချာ အရောင်တင်ပေးဖို့ပဲ လိုတာ။ နွေးထွေးစွာ သိမ်းပိုက်ထွေးပွေ့ပေးဖို့ပဲ လိုတာပါ။

ပြောင်းကြပါဆိုတဲ့ နေရာမှာ ပြောင်းဖို့ ပြင်နေတဲ့၊ ပြောင်းနိုင်တဲ့၊ ပြောင်းနေတဲ့ နေရာဒေသ၊ ဌာနအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တွေ ရှိနေကြတယ်ဆိုတာကို သိစေချင်တာပါ။ မပြောင်းသေးတာ၊ ပြောင်းဖို့လုပ်နေတာတော့ အနည်းနဲ့ အများတော့ ရှိကြပေမပေါ့။ ဖြည်းဖြည်းချင်းရွေ့တာကိုလည်း သိဖို့လိုသလို သည်းခံဖို့လည်း လိုမယ်ထင်ပါတယ်။ ကိုယ်တိုင်ကလည်း ဒီလိုအရွေ့ကို ပိုရွေ့လာအောင်၊ အရှိန်ရလာအောင် ဝိုင်းပြီး တွန်းပေးဖို့လိုတာပေါ့။ မဟုတ်ဘူးလား။

အဲဒီတော့ ပြောချင်တာက ပြည်သူ့ဆေးရုံတွေ ပြောင်းလာတာကိုလည်း ကျေနပ်စွာခံစားကြပါ။ ဒီဆေးရုံတွေ သည်လို ရေရှည်တည်တံ့ခိုင်မြဲအောင်လည်း ကိုယ်တိုင်ပါဝင်ပြီးလုပ်နိုင်တာ လုပ်ပေးကြပါ။ကိုယ့်မှာ၊ ကိုယ့်အသိုင်းအဝိုင်းမှာ ရောဂါဝေဒနာခံစားရရင် အသည်းအသန်ဖြစ်ရင် ပြည်သူ့ဆေးရုံတွေသည် အားကိုးအားထား ပြုနိုင်လောက်သော၊ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုကို ပေးစွမ်းနိုင်သမို့ ရောက်အောင်သွားကြဖို့ တိုက်တွန်းချင် သဗျ။

သို့ပေသည့်။ သင်သည် အရိုးများသော၊ ချေးခါးသော၊ ပိုက်ဆံဝါလားဖြစ်သော၊ ပုပုကွကွ ယုယုယယကို နှစ်လိုသောသူဖြစ်ငြားအံ့။ ပိုက်ပိုက်အများကြီးကုန်ကျသော ပြည်တွင်း ပြည်ပနှစ်ဌာနရှိ နေရာများသို့ ရှေးရှုနိုင်ခွင့်--- သင့်မှာရှိနေလို့ကတော့---- ။

သဘောပဲ။ သဘော။ သဘော။

> ပြောင်းကြပါဆိုတဲ့နေရာမှာ ပြောင်းဖို့ ပြင်နေတဲ့၊ ပြောင်းနိုင်တဲ့၊ ပြောင်းနေတဲ့ နေရာဒေသ၊ ဌာနအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တွေ ရှိနေကြတယ်ဆိုတာကို သိစေချင်တာပါ။ မပြောင်းသေးတာ၊ ပြောင်းဖို့ လုပ်နေတာတော့ အနည်းနဲ့အများတော့ ရှိကြပေမပေါ့။ ဖြည်းဖြည်းချင်းရွေ့တာကိုလည်း သိဖို့လိုသလို သည်းခံဖို့လည်း လိုမယ်ထင်ပါတယ်။ ကိုယ်တိုင်ကလည်း သည်လိုအရွေ့ကို ပိုရွေ့လာအောင်၊ အရှိန်ရလာအောင် ဝိုင်းပြီးတွန်းပေးဖို့လိုတာပေါ့။ မဟုတ်ဘူးလား။

# တိုင်းဒေသကြီးဝန်ကြီးဌာန တိုးချဲ့ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ်၊ ၆၉/၂၀၁၆**
**၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ရက်**
**(၂၀၁၆ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်)**

## တိုင်းဒေသကြီးဝန်ကြီးဌာန တိုးချဲ့ဖွဲ့စည်းခြင်း

မကွေးတိုင်းဒေသကြီး လွှတ်တော်၏ သဘောတူညီချက်အရ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တွင် လူမှုရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် "လူမှုရေးဝန်ကြီးဌာန" ကို တိုးချဲ့ဖွဲ့စည်းလိုက်သည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း၊**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါက်တာဝင်းထွန်း<br>ညွှန်ကြားရေးမှူးချုပ်<br>လူ့စွမ်းအားအရင်းအမြစ်နှင့်<br>ပညာရေးစီမံကိန်းဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာဇော်မြင့်<br>ညွှန်ကြားရေးမှူးချုပ်<br>မြန်မာစာနှင့်<br>ဘာသာစကားပညာရေး<br>ဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံ<br>တိုင်းရင်းသားဘာသာစကား<br>ဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဂ) | ဒေါက်တာခိုင်မြဲ<br>ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံပညာရေး<br>သုတေသနဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကျောင်းပြင်ပပညာရေး/<br>Alternative Education<br>ဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဃ) | ဦးတင်မျိုးကြည်<br>ညွှန်ကြားရေးမှူးချုပ်<br>ဆရာအတတ်ပညာနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့<br>(သုတေသန)<br>ပညာရေးဝန်ကြီးဌာန |
| (င) | ဒေါက်တာအေးမြင့်<br>ညွှန်ကြားရေးမှူးချုပ်<br>ဇီဝနည်းပညာနှင့် ဒြပ်ပစ္စည်း<br>သိပ္ပံသုတေသနဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>နည်းပညာ၊ သက်မွေးပညာနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (စ) | ဒေါက်တာကြည်ရွှင်<br>ပါမောက္ခချုပ်<br>ဗန်းမော်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ ဆေးဝါးတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဒေါက်တာစိန်လှထွေးကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးမောင်ဖေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့် ပြည်သူ့<br>ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး<br>ဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန |
| (ခ) | ဦးလှမောင်သိန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဦးစီးဌာန<br>သယံဇာတနှင့်<br>သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန |

# ပျမ်းမျှအားဖြင့် မြန်မာအမျိုးသမီးတစ်ဦးလျှင် ကလေးငါးဦးနှုန်းကျ မွေးဖွားနေခြင်းက မိသားစုစီမံကိန်း မဖြစ်မနေလုပ်ဆောင်ရန် လိုအပ်နေကြောင်း ညွှန်ပြနေ

**ရန်ကုန် စက်တင်ဘာ ၂၉**

မြန်မာနိုင်ငံတွင် အမျိုးသမီးတစ်ဦးလျှင် ကလေးငယ် ၂ ဒသမ ၅ ဦး ပျမ်းမျှမွေးဖွားနေကြပြီး အဆိုပါကိန်းဂဏန်းသည် အာဆီယံအဖွဲ့ကြီး၏ ပျမ်းမျှမွေးဖွားနှုန်းနှင့် အတူတူဖြစ်သော်လည်း အသစ်ထွက်ရှိလာသော အသေးစိတ်ကိန်းဂဏန်းအချက်အလက်များကမူ ကွဲပြားခြားနားလျက်ရှိရာ သန်းခေါင်စာရင်းအစီရင်ခံစာအသစ်တွင် ဖော်ပြထားသည့် ပျမ်းမျှအားဖြင့် မြန်မာအမျိုးသမီးတစ်ဦးလျှင် ကလေးငါးဦးနှုန်းကျမွေးဖွားနေခြင်းသည် မိသားစုစီမံကိန်း မဖြစ်မနေလုပ်ဆောင်ရန် လိုအပ်လျက်ရှိကြောင်း ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)မှ စက်တင်ဘာ ၂၉ ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာက ဖော်ပြသည်။

လက်ရှိတွင် ချင်းပြည်နယ်ရှိ အိမ်ထောင်ရှိအမျိုးသမီးတစ်ဦးလျှင် ကလေးကိုးဦးနှုန်း ပျမ်းမျှမွေးဖွားနေကြချိန်တွင် ရန်ကုန်တိုင်းဒေသကြီးရှိ အိမ်ထောင်ရှိအမျိုးသမီးတစ်ဦးလျှင် ကလေး လေးဦးနှုန်းမွေးဖွားနေကြကြောင်း၊ မြန်မာနိုင်ငံတွင် အသက် (၁၅)နှစ်မှ (၁၉) နှစ်အတွင်းရှိ ဆယ်ကျော်သက်အရွယ်အမျိုးသမီးများ၏ မွေးဖွားနှုန်းသည် ဦးရေ ၁၀၀၀ လျှင် ၃၃ ဦးဖြစ်ပြီး ဒေသအလိုက် မွေးဖွားနှုန်းများ(ဥပမာ-ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်)မြင့်မားနေသည်ကိုလည်း တွေ့ရှိရကြောင်း ဖော်ပြပါရှိသည်။

"အစီရင်ခံစာမှာ ဦးရေများတဲ့ မိသားစုတွေကို ဦးဆောင်ရတဲ့ မိဘတွေရဲ့ အခက်အခဲတွေ၊ ရုန်းကန်လှုပ်ရှားရပ်တည်ရတာတွေကို တွေ့နိုင်ပါတယ်။ နောက်ပြီးတော့ သားဆက်ခြားဆေးဝါးတွေ လိုအပ်နေပေမယ့် လက်လှမ်းမမှီ မသုံးစွဲနိုင်တဲ့ အမျိုးသမီးတွေအကြောင်းကိုလည်း ဖော်ပြထားပါတယ်။ ဝင်ငွေနည်းပါးတဲ့ အမျိုးသမီးတွေနဲ့ ဝေးလံခေါင်သီတဲ့ဒေသက ပညာသင်ယူခွင့်မရခဲ့ရှာတဲ့ အမျိုးသမီးတွေကတော့ ဒီဒဏ်ကို အခံစားရဆုံးဖြစ်ပါတယ်။ အစီရင်ခံစာအရ ပိုမိုကောင်းမွန်တဲ့ မိသားစုစီမံကိန်းတွေ ရေးဆွဲနိုင်စေဖို့ အမျိုးသမီးငယ်လေးတွေရဲ့ ပညာသင်ကြားရေးမှာ ရင်းနှီးမြှုပ်နှံကြဖို့ လိုအပ်နေကြောင်း မီးမောင်းထိုးပြနေပါတယ်"ဟု ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနေ ကိုယ်စားလှယ် မစ္စ ဂျဲနက် အီး ဂျက်ဆင်က ပြောကြားသည်။

အစီရင်ခံစာထဲတွင် အိမ်ထောင်မပြုသည့် မြန်မာအမျိုးသမီးဦးရေသည် အလွန်များပြားနေပြီး မြန်မာအမျိုးသမီး ၁၂ ရာခိုင်နှုန်းသည် အသက်(၅၀) အရွယ်ရောက်သည်အထိ အိမ်ထောင်မပြုကြကြောင်း၊ မြန်မာနိုင်ငံတွင် အိမ်ထောင်မပြုသော အမျိုးသမီးဦးရေသည် လာအိုနိုင်ငံထက် လေးဆမျှ မြင့်မားကာ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံများထက် နှစ်ဆမျှ မြင့်မားနေကြောင်း သိရသည်။

အိမ်ထောင်ပြုကြသည့် အမျိုးသမီးများအတွက် အများဆုံးအိမ်ထောင်ပြုကြသည့် အသက်အပိုင်းအခြားမှာ ၂၃ ဒသမ ၆ နှစ်ဖြစ်ပြီး ၁၉၇၃ ခုနှစ်ကမူ အိမ်ထောင်ပြုကြသည့် အသက်အပိုင်းအခြားမှာ ၂၁ ဒသမ ၃ နှစ်ဖြစ်သည်။ အိမ်ထောင်ပြုကြသူများသည်လည်း မိမိနှင့် ပညာရေးအဆင့်အတန်းတူညီကြသူများကိုသာ ရွေးချယ်ကြကြောင်းနှင့် အိမ်ထောင်ရှိသူများ ကွာရှင်းပြတ်စဲခြင်းသည် မြန်မာနိုင်ငံတွင် နည်းပါးပြီး အမျိုးသမီးများ၏ သုံးရာခိုင်နှုန်းနှင့် အမျိုးသားများ၏ နှစ်ရာခိုင်နှုန်းတို့ကသာ ကွာရှင်းပြတ်စဲကြကြောင်း အစီရင်ခံစာတွင် ဖော်ပြထားကြောင်း သိရသည်။

**(နိုင်လင်းကြည်)**

# မလေးရှားနိုင်ငံမှ မြန်မာအလုပ်သမား (၁၃၈) ဦးနှင့် ရင်ခွင်ပိုက်ကလေးတစ်ဦး MAI လေယာဉ်ဖြင့် ပြန်လည်ရောက်ရှိ

**ရန်ကုန် စက်တင်ဘာ ၂၉**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ရွှေ့ပြောင်းအလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကို ပြည်တွင်း ပြည်ပ၌ ဆောင်ရွက်လျက်ရှိရာ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပနိုင်ငံများမှ နေရပ်ပြန်မည့် အလုပ်သမားများအား ကူညီဆောင်ရွက်ပေးခြင်း၊ ရွှေ့ပြောင်းအလုပ်သမားများ ယင်းတို့၏ မိသားစုများနှင့် ပြန်လည်ပေါင်းစည်းရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်းတို့ကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်း ၁၁ ခုတွင် ဖမ်းဆီးထိန်းသိမ်းခံရသည့် မြန်မာနိုင်ငံသားများအနက် မြန်မာနိုင်ငံသို့ပြန်ရန် လေယာဉ်စရိတ်မတတ်နိုင်သူ C of Iရရှိပြီးသည့် မြန်မာနိုင်ငံသား (၁၃၈) ဦးနှင့် ရင်ခွင်ပိုက်ကလေး တစ်ဦးတို့အား ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှု၊ Mother Trading and Construction Co., Ltd. နှင့် မိဘဂုဏ်ရည်အဖွဲ့သားများ၏ လှူဒါန်းမှုဖြင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူလေဆိပ်မှ မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း MAI လေယာဉ်ဖြင့် ယနေ့ ည ၈ နာရီ မိနစ် ၄၀ တွင် ဒသမအကြိမ်မြောက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ခေါ်ယူရောက်ရှိခဲ့သည်။

ပြန်လည်ရောက်ရှိလာသည့် အလုပ်သမားများအား Mother Trading and Construction Co., Ltd. နှင့် မိဘဂုဏ်ရည်အဖွဲ့သားများ၏ လှူဒါန်းမှုဖြင့် အလုပ်သမားတစ်ဦးလျှင် ကျပ်ငါးသောင်းစီ ထောက်ပံ့ပေးပြီး နေရပ်သို့ ချက်ချင်းပြန်နိုင်ခြင်းမရှိသူများကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဓမ္မာရုံ၌ နေရာချထားပေးခဲ့ကာ IOM အဖွဲ့မှ နေရပ်ပြန်ခရီးစရိတ်၊ အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများကို ထောက်ပံ့ကူညီခြင်း၊ အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဝန်ထမ်းများမှ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

မလေးရှားနိုင်ငံ ထိန်းသိမ်းရေးစခန်းများမှ C of I ဖြင့် ပြန်လာသည့် အလုပ်သမားများအား နိုင်ငံတော်အစီအစဉ်ဖြင့် ဩဂုတ် ၈ ရက်မှစ၍ ပြန်လည်ခေါ်ယူလျက်ရှိရာ ပထမအကြိမ်မှ ဒသမအကြိမ်အထိ စုစုပေါင်း ၁၃၇၂ ဦးနှင့် ရင်ခွင်ပိုက်ကလေး လေးဦးတို့ကို ပြန်လည်ခေါ်ယူပေးပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဒက္ခိဏသီရိမြို့နယ် ဆည်စုကျေးရွာ၌ ကွန်ကရစ်လမ်းသစ်ဖွင့်

**နေပြည်တော် စက်တင်ဘာ ၂၉**

ကျေးလက်နေပြည်သူလူထု၏ လူနေမှုအဆင့်အတန်းများ ပိုမိုမြင့်မားတိုးတက်လာစေရန် ရည်ရွယ်၍ ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) ၏ ကူညီထောက်ပံ့မှုဖြင့် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ကျွန်းတက်ပဲ့အုပ်စု ဆည်စုကျေးရွာ၌ စက်တင်ဘာ ၂၉ ရက် နံနက် ၉ နာရီတွင် ကွန်ကရစ်လမ်းသစ် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က အဖွင့်အမှာစကား ပြောကြားပြီး



စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးမြင့်ဦးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဆယ်မာအူးလ်အွန်ဒုံစီမံကိန်း(SMU) လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA)Project Manager Mr. Parkနှင့် စေတနာ့ဝန်ထမ်း ဒေါ်ပုလဲဖြူတို့က ကျေးရွာသူ ကျေးရွာသားများ၏ ပူးပေါင်းဆောင်ရွက်မှုအတွက် ဂုဏ်ပြုစကား ပြောကြားခဲ့သည်။

ယင်းနောက် ဆည်စုကျေးရွာ ဆယ်မာအူးလ်အွန်ဒုံစီမံကိန်း (SMU) ဥက္ကဋ္ဌ ဦးဖိုးတင့်က ကျေးရွာသူ ကျေးရွာသားများ၏ ကိုယ်စား ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ထို့နောက် ကွန်ကရစ်လမ်းသစ်ကို နေပြည်တော်ကောင်စီဝင်နှင့် အဖွဲ့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ယနေ့ဖွင့်လှစ်သည့် ကွန်ကရစ်လမ်းမှာ အကျယ် ၁၂ ပေ၊ အမြင့် ၈ လက်မ၊ အရှည်ပေ ၁၅၀၀ ရှိပြီး ယခုကဲ့သို့ လမ်းဖွင့်လှစ်ပေးလိုက်သည့်အတွက် ဒေသခံများ ဝမ်းသာပီတိဖြစ်လျက်ရှိကြောင်း သိရသည်။

**(ဇော်မင်းအောင်)**

## ပြည်တွင်းရေးရာ

# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဗီယက်နမ်နိုင်ငံ အမျိုးသားညီလာခံဥက္ကဋ္ဌအား ညစာစားပွဲဖြင့်တည်ခင်းဧည့်ခံ

**နေပြည်တော် စက်တင်ဘာ ၂၉**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် (၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံသို့ တက်ရောက်ရန် နေပြည်တော်သို့ရောက်ရှိနေသည့် ဗီယက်နမ်နိုင်ငံ အမျိုးသားညီလာခံ ဥက္ကဋ္ဌ H.E. Madam Nguyen Thi Kim Ngan အားယနေ့ညပိုင်းတွင် နေပြည်တော်ရှိ Lake Garden Hotel ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**တက်ရောက်ကြ**

အဆိုပါ ညစာစားပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်ဇနီး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်ဇနီး၊ အမျိုးသားလွှတ်တော် ရေးရာကော်မတီများမှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



*** ဝူရှူးပြိုင်ပွဲမှ**

ဒုတိယ ဖြိုးသိင်္ဂီ(ကယား)၊ တတိယ ဖူးပြည့်ပြည့်ပိုင် (ရန်ကုန် )တို့မှ လည်းကောင်း၊ ချန်းစုအကြီးတန်းအမျိုးသမီးပြိုင်ပွဲတွင် ပထမ နှင်းသီရိမောင် (မန္တလေး)၊ ဒုတိယ သုပန်ထွာ (ကချင်)၊ တတိယ သက်သက်စိုးမိုး (ရှမ်း) တို့ကလည်းကောင်း၊ နန်းသောင်းအကြီးတန်းအမျိုးသား ပြိုင်ပွဲတွင် ပထမ ပြည့်စုံအောင် (ရန်ကုန်)၊ ဒုတိယ ဇော်ထက်အောင် (နေပြည်တော်)၊ တတိယ အောင်မြင့်မြတ် (ချင်း)တို့ကလည်းကောင်း၊ နန်းသောင်းအကြီးတန်း အမျိုးသမီး ပြိုင်ပွဲတွင် ပထမ ဖြူစင်ကျော် (ပဲခူး)၊ ဒုတိယ ဆောင်းနှင်းဖြူ (မန္တလေး)၊ တတိယ ခိုင်ကြည်ဖြူ (ရှမ်း) တို့မှလည်းကောင်း၊ နန်းကွန့်အကြီးတန်း အမျိုးသားပြိုင်ပွဲတွင် ပထမ ပြည့်စုံအောင် (ရန်ကုန် )၊ ဒုတိယ ဇော်ထက်အောင် (နေပြည်တော်)၊ တတိယ မျိုးမြင့်မော် (မန္တလေး) တို့မှလည်းကောင်း၊ နန်းကွန့်အကြီးတန်း အမျိုးသမီးပြိုင်ပွဲတွင် ပထမ ဖြူစင်ကျော် (ပဲခူး)၊ ဒုတိယ ဇာခြည်မိုး (ပဲခူး)၊ တတိယ ခိုင်ကြည်ဖြူ (ရှမ်း) တို့မှလည်းကောင်း အသီးသီး ဆွတ်ခူးရရှိခဲ့သည်။

ထို့နောက် ဝူရှူးအားကစား ဆန်းဆိုပွဲစဉ်များအဖြစ် အမျိုးသမီး (၄၅)ကီလိုပြိုင်ပွဲ၊ အမျိုးသမီး (၄၈)ကီလိုပြိုင်ပွဲ၊ အမျိုးသမီး (၅၆)ကီလိုပြိုင်ပွဲ၊ အမျိုးသမီး (၆၀)ကီလိုပြိုင်ပွဲ၊ အမျိုးသား (၄၈) ကီလိုပြိုင်ပွဲ၊ အမျိုးသား (၅၂)ကီလိုပြိုင်ပွဲ၊ အမျိုးသား (၅၆)ကီလိုပြိုင်ပွဲ၊ အမျိုးသား (၆၀)ကီလိုပြိုင်ပွဲ၊ အမျိုးသား (၆၅)ကီလိုပြိုင်ပွဲ၊ အမျိုးသား (၇၀)ကီလိုပြိုင်ပွဲ၊ အမျိုးသား (၇၅)ကီလိုပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားကြသည်။

ၚင်းပြိုင်ပွဲ၏ ဆန်းဆိုဗိုလ်လုပွဲ ပြိုင်ပွဲကို စက်တင်ဘာ ၃၀ ရက် နံနက် ၉ နာရီမှစ၍ လယ်ဝေးမြို့ (TC-2) ၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ပြိုင်ပွဲများအပြီး ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မောင်မောင်ဇော်)**

■



(၅၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၄ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် ရဲတပ်ဖွဲ့မှ အရာတော်မြို့ (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

သူရ(မြို့နယ်ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးတွင် စက်တင်ဘာ ၂၃ ရက်က (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောက်ဆည်၊ မြစ်သား၊ တံတားဦး၊ စဉ့်ကိုင်မြို့နယ်များမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အမြန်လမ်းမကြီးရဲတပ်ဖွဲ့စခန်း (ပြင်စည်)နှင့် အမှတ်(၉၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းစဉ်။

သက်မောင်(ကျောက်ဆည်)

## အိမ်အကူမိန်းကလေးငယ်များအား ညှဉ်းပန်းနှိပ်စက်ပြီး လုပ်ခလစာများမပေးသည့် အင်းဝအပ်ချုပ်ဆိုင်မိသားစုအမှု အောက်တိုဘာ ၆ ရက်တွင် တရားလိုဘက်ကို စတင်စစ်ဆေးမည်

**ရန်ကုန် စက်တင်ဘာ ၂၉**

ကျောက်တံတားမြို့နယ်တွင်ဖြစ်ပွားခဲ့သော အိမ်အကူ မိန်းကလေးငယ်များအား ညှဉ်းပန်းနှိပ်စက်ပြီး လုပ်ခလစာများမပေးသဖြင့် အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(ရန်ကုန်)က တရားလိုပြုလုပ်၍ တရားစွဲဆိုထားသည့် အင်းဝအပ်ချုပ်ဆိုင် မိသားစုအမှုကို အောက်တိုဘာ ၆ ရက်တွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၌ တရားလိုဘက်ကို စတင်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအမှုကို စက်တင်ဘာ ၂၃ ရက်က အနောက်ပိုင်းခရိုင်တရားရုံးတွင် စတင်တရားစွဲဆိုခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် ဒုတိယအကြိမ်မြောက် ရုံးထုတ်ခဲ့ရာ ယင်းအမှုကို တာဝန်ယူစစ်ဆေးသွားမည့် ရန်ကုန်အနောက်ပိုင်းခရိုင် တရားသူကြီးက ယခုအမှုကို အောက်တိုဘာ ၆ ရက်တွင် တရားလိုဘက်မှ စတင်စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီခွဲခန့်တွင် ရုံးထုတ်စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ တရားစွဲဆိုခံထားရသူများဘက်မှ ရှေ့နေငှားလိုက ငှားနိုင်ကြောင်း ပြောကြားခဲ့သည်။

ကျောက်တံတားမြို့နယ် အင်းဝအပ်ချုပ်ဆိုင်ပိုင်ရှင် ဒေါ်တင်သူဇာ၏ နေအိမ်တွင် လွန်ခဲ့သောငါးနှစ်ခန့်မှစ၍ အသက်(၁၂)နှစ်အရွယ်ခန့်ရှိ အိမ်အကူ ထိုကလေးငယ်များမှာ နေ့စဉ်နှိပ်စက်ခံနေရကြောင်း၊ ၎င်းတို့ခန္ဓာကိုယ်အနှံ့အပြားတွင် ထိုးသွင်းပြတ်ရှ အမာရွတ်များလည်းတွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်ရေးကော်မရှင်သို့လိပ်မူ၍တိုင်တန်းမှုအား ကျောက်တံတားမြို့နယ်ရဲတပ်ဖွဲ့မှူးမှ သက်သေများနှင့်အတူစိစစ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ရှာဘွားကျေးရွာအုပ်စု ဘောလုံးကွင်းကျေးရွာနေ မတင်တင်ခိုင် (၁၈)နှစ်၊ မစန်းကေခိုင် (၁၇)နှစ်နှင့် မသဇင်(၁၆)နှစ်တို့မှာ အိမ်အကူ လုပ်ငန်းလုပ်ကိုင်ရန်အတွက် အင်းဝအပ်ချုပ်ဆိုင်သို့ ရောက်ရှိခဲ့ကြောင်း၊ ပိုင်ရှင်ဖြစ်သူ ဒေါ်တင်သူဇာမှ အိမ်အကူလစာ တစ်လလျှင် ငွေကျပ် ၂၀၀၀၀ ရမည်ဖြစ်ကြောင်းပြောဆို၍လက်ခံခဲ့ကြောင်း၊ လုပ်ခလစာများအား ၂၀၁၄ ခုနှစ် ဩဂုတ်လအထိရရှိခဲ့သော်လည်း စက်တင်ဘာလမှစ၍ လုပ်ခလစာများ မရရှိတော့ဘဲ ဆက်လက်လုပ်ကိုင်နေရသည့်အပြင် လုပ်ငန်းလုပ်ကိုင်ရာတွင် လွဲချော်ပါက မျက်နှာနှင့်တစ်ကိုယ်လုံးအား ရိုက်နှက်ညှဉ်းပန်းနှိပ်စက်ခြင်း၊ အစာရေစာမကျွေးဘဲထားခြင်း၊ မစန်းကေခိုင်၏ လက်ချောင်းများအားလှန်ချိုးခြင်းနှင့် ကိုယ်အင်္ဂါချို့ယွင်းအောင် အမျိုးမျိုးနှိပ်စက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိချက်များအရ လူကုန်ကူးမှုဥပဒေပါ အချက်အလက်များနှင့် ငြိစွန်းနေသည်ကိုတွေ့ရှိရသဖြင့် နစ်နာသူများကိုယ်စား အမှတ် (၆)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(ရန်ကုန်)မှ ဒုရဲမှူး မျိုးသိန်းက တရားလိုပြုလုပ်၍ ဒေါ်တင်သူဇာအပါအဝင် ကျူးလွန်သူတို့အား အရေးယူပေးရန်တိုင်တန်းခဲ့သဖြင့် စက်တင်ဘာ ၂၀ ရက်က ကျောက်တံတားမြို့မရဲစခန်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မများဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာက စစ်ဆေးဖော်ထုတ်ချက်များအရ ဒေါ်တင်သူဇာအပါအဝင် အမျိုးသမီးသုံးဦးနှင့် အမျိုးသားသုံးဦးတို့အား လူကုန်ကူးမှုဥပဒေများအရ အမှုဖွင့်လှစ်ပြီး စက်တင်ဘာ ၂၃ ရက်တွင် အနောက်ပိုင်းခရိုင်တရားရုံး၌ တရားစွဲဆိုခဲ့ရာ ဒေါ်သီရိလတ်မှာ တိမ်းရှောင်နေသဖြင့် တရားစတင်စွဲဆိုသည့် ပထမအကြိမ် ရုံးထုတ်ရာတွင် တရားစွဲဆိုခံရသူ ခြောက်ဦးအနက် ငါးဦးသာပါဝင်ခဲ့သော်လည်း စက်တင်ဘာ ၂၈ ရက် ည ၉ နာရီခန့်တွင် အမှုမှတိမ်းရှောင်နေသူ ဒေါ်သီရိလတ်မှာ ကျောက်တံတားမြို့မရဲစခန်းသို့ လာရောက်အဖမ်းခံခဲ့သဖြင့် ယနေ့ဒုတိယအကြိမ် ရုံးထုတ်ရာတွင် တရားစွဲဆိုခံထားရသူ ခြောက်ဦးလုံးပါဝင်လာကြောင်း သိရသည်။

**ဇော်ကြီး(ပဏ္ဏိတ)**

■

**သွေး သည် အသက်**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**လက်ပံတန်း စက်တင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၏ အုပ်ချုပ်မှုနယ်မြေတွင် မိုးရာသီကာလအတွင်း ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် လက်ပံတန်းမြို့ ကိုင်းတောစုကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်စိုး ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့ရာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ စုစုပေါင်း ၁၆၀ ခန့် တက်ရောက်ခဲ့ကြသည်။ အဆိုပါအခမ်းအနားသို့ တက်ရောက်လာသူများအား လျှပ်စစ်အသုံးပြုလျှင် ပြည်သူများသတိပြုဖွယ်ရာ အချက်များပါဝင်သော အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(၁၄၃)**

## ခေါင်နှံမျိုးပွားစိုက်ခင်းနှင့် စံပြစိုက်ခင်းများ ကွင်းဆင်းစစ်ဆေး

**သီပေါ စက်တင်ဘာ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ မိုးစပါးရာသီတွင် ဘော်ကြိုကျေးရွာအုပ်စု၌ မှော်ဘီ(၂)မျိုးစပါးကို ခေါင်နှံဖြင့် မျိုးပွားဆောင်ရွက်ခြင်း၊ ယမန်နှစ် မျိုးသန့်မျိုးပွားစိုက်ခင်းမှရရှိလာသော စီးပွားဖြစ် မျိုးသန့်မျိုးစေ့ကို သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် မိုးစပါးစံပြကွက် စိုက်ပျိုးခြင်းများပြုလုပ်၍ တောင်သူလယ်သမားများကို ပညာပေးဆောင်ရွက်လျက်ရှိသည်။

အဆိုပါ တောင်သူပညာပေးစိုက်ခင်းများသို့ စက်တင်ဘာ ၂၈ ရက်တွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်း၊ ညွှန်ကြားရေးမှူး ဦးမြင့်ဦးတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ကျောက်မဲခရိုင် ဦးစီးမှူး ဦးမောင်မောင်အေး၊ မြို့နယ်ဦးစီးမှူး ဦးမိုးကျော်စွာဝင်းတို့က လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များ မှာကြားသွားကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## ကျိုက်မရောမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲနည်း သင်တန်းဖွင့်လှစ်ပို့ချ

**ကျိုက်မရော စက်တင်ဘာ ၂၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ရေးဆွဲနည်းသင်တန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသူရလွင်၊ ဒေါ်ခင်စောမူ(Dev;Planner)နှင့် ရုံးဝန်ထမ်းများအဖွဲ့သည် စက်တင်ဘာ ၂၀ ရက်မှ ၂၃ ရက်ထိ ပန်းကုန်းကျေးရွာ၌လည်းကောင်း၊ စက်တင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ ညောင်ကုန်းကျေးရွာ၌လည်းကောင်း ဖွင့်လှစ်ပို့ချသည်။

ထို့အပြင် အဆိုပါသင်တန်းသည် မြို့နယ်အတွင်းရှိ သင်တန်းတစ်ကြိမ်လျှင် ကျေးရွာ ၁၅ ရွာမှ သင်တန်းသား သင်တန်းသူ ၃၀ စီဖြင့် လေးကြိမ်ကျင်းပခဲ့ပြီး ကျန်ကျေးရွာများကို ဆက်လက်၍ သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

# အိမ်ခြံမြေအရောင်းအဝယ်နှင့် အိမ်အငှားဈေးကွက်များ ပိုမိုသွက်လာ



**ရန်ကုန် စက်တင်ဘာ ၂၉**
ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၆ ခုနှစ် နှစ်စပိုင်းမှစတင်၍ အိမ်ခြံမြေအရောင်းအဝယ်နှင့် အိမ်အငှားဈေးကွက်များအေးခဲ့သော်လည်း ပြီးခဲ့သည့် ဩဂုတ်လမှစတင်၍အိမ်ခြံမြေအရောင်းအဝယ်နှင့် အိမ်အငှားဈေးကွက်များအနည်းငယ် ပိုမိုသွက်လာကြောင်း ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ကွန်ဒိုတိုက်ခန်းဈေးကွက်၌လည်း BCC ကျပြီးဆောက်လုပ်ပြီး ကွန်ဒိုတိုက်ခန်းများ အရောင်းအဝယ်ဖြစ်လာကြောင်းနှင့် မြေကွက်များ အရောင်းအဝယ်သွက်လာကြောင်း၊ ဈေးနှုန်းအရ အချို့ငွေလိုသူများမှ ပေါက်ဈေးနှုန်းထက်လျှော့ပြီး ရောင်းချမှုများလည်းရှိလာကြောင်း၊ လုပ်ငန်းလုပ်ကိုင်လိုသူများမှလည်း ပေါက်ဈေးနှင့် နီးနီးစပ်စပ်ပေးဝယ်ရကြောင်း၊ ကွန်ဒိုတိုက်ခန်းကြိုပွဲ့င့်များမှာလည်း အရောင်းအဝယ်အေးနေပြီး ဝယ်ယူသူများမှလည်း စိတ်ဝင်စားမှု တော်တော်နည်းပါးသွားကြောင်း၊ လက်ရှိရန်ကုန်မြို့အတွင်း အရောင်းအဝယ်ဖြစ်နေသည့် ကွန်ဒိုတိုက်ခန်းများမှာ BCC ကျပြီးသားများသာဖြစ်ကြောင်း အိမ်ခြံမြေလုပ်ငန်းများ လုပ်ကိုင်နေကြသည့် ဝါရင့်ပုဂ္ဂိုလ်များ၏ပြောပြချက်အရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေလုပ်ငန်းရှင်များအသင်းမှ ဒု-ဥက္ကဋ္ဌဖြစ်သော ဦးအောင်ထွန်းက "ကွန်ဒိုတိုက်ခန်းကြိုပွဲ့င့်နဲ့ ပတ်သက်ပြီးပြောရရင်တော့ BCC ကျပြီးသားအခန်းတွေက မြေပိုင်ရှင်အသိအမှတ်ပြုလက်မှတ်ရေးထိုးရင် ပိုင်ဆိုင်မှုအရှုပ်အရှင်းဖြစ်စရာမရှိပါဘူး။ ကြိုပွဲ့င့်အတွက်ကတော့ တိုက်မပြီးမှာတို့၊ တိုက်မပြီးအောင် ဆက်မဆောက်လုပ်နိုင်တာတို့၊ တစ်ခန်းကိုနှစ်ဦး၊ သုံးဦးရောင်းချထားတာတို့ ဖြစ်တတ်တော့ အခန်းဝယ်ယူသူက မသိရင် ပြဿနာဖြစ်တတ်ပါတယ်။ လုံးချင်းအငှားဈေးကွက်မှာတော့ ကုမ္ပဏီတချို့ဆိုရင် မြန်မာပလာဇာတို့ အခြားသော Office Tower တွေကိုပြောင်းရွှေ့ပြီး ငှားရမ်းတာတွေလည်းတွေ့ရပါတယ်။ ပြီးတော့ လုံးချင်းအငှားဈေးနှုန်းတွေကျပြန်တော့လည်း အရင်နှစ်တွေကထက်စာရင် ဈေးနှုန်းနည်းနည်းကျသွားပါတယ်။ လမ်းမတန်း မြေကွက်၊ လုံးချင်းနဲ့ မြေညီတိုက်ခန်းတွေကတော့ ဈေးကွက်နဲ့ နေရာအနေအထားပေါ်မူတည်ပြီး ဈေးကျတာတွေလည်းရှိသလို ဈေးနှုန်းမြင့်တာတွေလည်းရှိပါတယ်။ ဈေးကွက်အနေအထားအရတော့ ရှေ့လျှောက်ဈေးနှုန်းမြင့်တက်လာနိုင်တာရှိသလို ဈေးကျနိုင်တဲ့နေရာတွေလည်းရှိပါတယ်။ ဈေးနှုန်းမြင့်တက်ခြင်း၊ ကျခြင်းကတစ်ပိုင်းပါ။ အိမ်ခြံမြေအရောင်းအဝယ်၊ အငှားလုပ်ငန်းတွေကတော့ ပိုမိုကောင်းမွန်သွက်လက်လာပါတယ်" ဟု ရှင်းပြသည်။

လက်ရှိအနေအထားအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနည်းပါးနေသေးသော်လည်း ၂၀၁၇ ခုနှစ်နှစ်ဆန်းပိုင်းဖြစ်သော အနာဂတ်ကာလ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများပိုမိုများပြားလာပါက အိမ်ခြံမြေလုပ်ငန်းများ ပိုမိုသွက်လက်လာနိုင်စရာအကြောင်းရှိကြောင်း၊ နိုင်ငံခြားသားခရီးသွားဧည့်သည်များမှ မြန်မာနိုင်ငံအတွင်း ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့် ဝင်ရောက်လာပါက ၎င်းတို့၏ဝန်ထမ်းများ နေထိုင်ရေးအတွက်လည်းကောင်း၊ စက်ရုံအလုပ်ရုံများ ဖွင့်လှစ်ရန်အတွက်လည်းကောင်း၊ ရုံးခန်းများဖွင့်လှစ်ရန်အတွက်လည်းကောင်း လုပ်ဆောင်မည်ဖြစ်သောကြောင့် အိမ်ခြံမြေအရောင်းအဝယ်နှင့် အိမ်အငှားဈေးကွက်များမှာ ပိုမိုသွက်လက်လာနိုင်စရာအကြောင်းရှိနေကြောင်း အိမ်ခြံမြေလုပ်ငန်းများ လုပ်ကိုင်နေကြသည့် ဝါရင့်ပုဂ္ဂိုလ်များက ဆိုသည်။ "ရန်ကုန်မြို့အပါအဝင် အိမ်ခြံမြေအရောင်းအဝယ်ကောင်းနေတဲ့ မြို့တွေထဲမှာတောင်မှ နိုင်ငံခြားသားလုပ်ငန်းရှင်အများစု အကြိုက်ဆုံးက ရန်ကုန်မြို့ပဲဖြစ်ပါတယ်။ နိုင်ငံခြားသားကုမ္ပဏီတွေနဲ့ တွေ့ဆုံပြီးဆွေးနွေးတဲ့အခါမှာ သူတို့အများစုရဲ့ အမြင်က ရန်ကုန်မြို့ဟာ အလျင်အမြန် တိုးတက်ဖွံ့ဖြိုးနိုင်တယ်လို့ လက်ခံနားလည်ထားကြပါတယ်။ အဲဒီနေရာမှာလည်း ကျွန်တော့်အမြင်ပြောရမယ်ဆိုရင် အစိုးရနဲ့ တိုက်ရိုက်ချိတ်ဆက်ပြီး အိမ်ခြံမြေလာရောက်ရင်းနှီးမြှုပ်နှံမှုတွေက ကျွန်တော်တို့ လုပ်ငန်းလောကအပေါ် တိုက်ရိုက်ပတ်သက်မှုသိပ်မရှိပါဘူး။ အိမ်ခြံမြေကဏ္ဍကို ဖွံ့ဖြိုးတိုးတက်ချင်တယ်ဆိုရင် ပုဂ္ဂလိက ကဏ္ဍကိုလည်း လုပ်ငန်းလုပ်ကိုင်ရလွယ်ကူအောင် ထားပေးစေချင်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီးပြောရရင် တချို့တွေကမြေဝယ်၊ အိမ်ဝယ်ပြီးရင်းနှီးမြှုပ်နှံရတာကြိုက်တဲ့ သူတွေရှိကြသလို တချို့တွေကတော့ ကွန်ဒိုတိုက်ခန်းဝယ်ယူပြီး ရင်းနှီးမြှုပ်နှံသူတွေလည်းရှိပါတယ်။ မြေကွက်ရဲ့သဘောက တည်နေရာ၊ အကျယ်အဝန်း၊ အလှည့်၊ အိမ်နံပါတ်စတဲ့ အချက်တွေကို ဝယ်ယူသူကကြိုက်နှစ်သက်တယ်ဆိုရင် အဲဒီမြေကွက်ကို ဝယ်ယူသူကရောင်းချင်သူရဲ့ ဈေးနှုန်းအတိုင်းပေးဝယ်ကြရပါတယ်။ ကွန်ဒိုတိုက်ခန်းရဲ့ သဘောသဘာဝကျတော့ ဝယ်ယူသူစိတ်ကြိုက် ရွေးချယ်ခွင့်ရှိပါတယ်" ဟု ဦးအောင်ထွန်းက ဆိုသည်။

မကြာမီကာလတွင် ကွန်ဒိုမီနီယံနည်းဥပဒေထွက်လာတော့မည်ဖြစ်သောကြောင့် ကွန်ဒိုတိုက်ခန်းများအတွက်အားသာချက်ရှိမည်ဖြစ်ကြောင်း၊ နိုင်ငံခြားသားများအား ခွင့်ပြုထားသည့် အတိုင်းအတာတစ်ခုအထိ ဝယ်ယူခွင့်၊ ပိုင်ဆိုင်ခွင့်၊ ရောင်းချပိုင်ခွင့်များကို ပေးထားမည်ဖြစ်ကြောင်း၊ ကွန်ဒိုမီနီယံနည်းဥပဒေထွက်ပေါ်လာလျှင် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများ ပိုမိုများပြားလာမည်ဟု မျှော်လင့်ကြောင်း၊ ယခုလက်ရှိ ပြည်တွင်းဝယ်လိုအား လျော့နည်းခိုက် ပြည်ပငွေကြေးဖြင့် ဝယ်ယူမည့်သူများ ပိုမိုဝင်ရောက်လာနိုင်သောကြောင့် ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်လုပ်ငန်းများမှာလည်း ပိုမိုတိုးတက်ကောင်းမွန်လာနိုင်စရာအကြောင်းရှိကြောင်း အိမ်ခြံမြေလုပ်ငန်းများလုပ်ကိုင်နေကြသည့် ဝါရင့်ပုဂ္ဂိုလ်များ၏ပြောချက်အရ သိရသည်။

၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းဖြစ်သော အနာဂတ်ကာလတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာနိုင်သောကြောင့် အိမ်ခြံမြေအရောင်းအဝယ်ဈေးကွက်များ ပိုမိုကောင်းမွန်သွက်လက်လာနိုင်စရာရှိကြောင်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ဆောင်သည့် လုပ်ငန်းရှင်များကလည်း ရရှိသည့်အကျိုးအမြတ်ထဲမှ အိမ်ခြံမြေများဝယ်ယူကာ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်လာနိုင်စရာအကြောင်းရှိကြောင်း၊ အိမ်ခြံမြေအရောင်းအဝယ်ဈေးနှုန်းများမှာလည်း သင့်တင့်သည့် ဈေးနှုန်းအနေအထားရှိနေမည်ဖြစ်သောကြောင့် အရောင်းအဝယ်များ ပိုမိုသွက်လက်လာနိုင်စရာအကြောင်းရှိကြောင်း အိမ်ခြံမြေလုပ်ငန်းများလုပ်ကိုင်နေကြသည့် ဝါရင့်ပုဂ္ဂိုလ်များထံမှ စုံစမ်းသိရသည်။

**(စိုးဝင်း-MLA)**



## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြော

**ရမည်းသင်း စက်တင်ဘာ ၂၉**
ရမည်းသင်းမြို့နယ် အမှတ်(၁) ရဲလေ့ကျင့်ရေးသင်တန်းကျောင်း အဝေးရာခန်းမ၌ စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေး ဟောပြောပွဲကို ကျင်းပရာ အမှတ်(၁)ရဲလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီး ဦးကျော်မိုးက မော်တော်ယာဉ်ဥပဒေကို ရှင်းလင်းခဲ့သည်။

ထို့နောက် ရမည်းသင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေးနှင့် ပတ်သက်၍လည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါ်သီဂီထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ယာဉ်စစ်ဆေးရေးမှူး ဦးကြည်မြင့်က ယာဉ်မောင်းနှင်ခြင်းနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းခဲ့ကြသည်။ အခမ်းအနားတွင် ရဲသင်တန်းကျောင်း သန္ဓေတပ်ဖွဲ့ဝင် ၁၁၈ ဦး၊ မိသားစု ၈၇ ဦး တက်ရောက်ကြပြီး ယာဉ်မောင်းလိုင်စင်မရှိသည့် သန္ဓေတပ်ဖွဲ့ဝင် ၄၃ ဦးနှင့် မိသားစုဝင် ၁၅ ဦး စုစုပေါင်း ၅၈ ဦးတို့အား ယာဉ်မောင်းလိုင်စင်များ နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့သည်။

**ဇော်ဝင်းအောင်(ပြန်/ဆက်)**

## ကမ္ဘာ့အမွေအနှစ်အပေါ် အမြင်သဘောထားများနှင့် ပြည်သူများ၏အခန်းကဏ္ဍဆိုင်ရာ အလုပ်ရုံဆွေးနွေး

**ပူတာအို စက်တင်ဘာ ၂၉**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန ခါကာဘိုရာဇီအမျိုးသားဥယျာဉ်နှင့် ကုလသမဂ္ဂ ပညာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်း (UNESCO)၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS) မြန်မာနိုင်ငံအစီအစဉ်တို့ ပူးပေါင်းမှုဖြင့် ကမ္ဘာ့အမွေအနှစ်အပေါ် အမြင်သဘောထားများနှင့် ပြည်သူများ၏ အခန်းကဏ္ဍဆိုင်ရာသင်တန်း အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက ကချင်ပြည်နယ် ပူတာအိုမြို့ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန ပညာပေးပြခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့မြောက်ဖျားတောင်ပေါ် ဆက်စပ်သစ်တောဒေသ ကမ္ဘာ့အမွေအနှစ်စီမံအုပ်ချုပ်မှု ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေက ခါကာဘိုရာဇီအမျိုးသားဥယျာဉ်တို့အတွက် ခရိုင်အဆင့် ကမ္ဘာ့အမွေအနှစ်စီမံအုပ်ချုပ်မှု အထောက်အကူပြုကော်မတီအား ဆက်စပ်ဌာန အဖွဲ့အစည်းများနှင့် ခရိုင်အဆင့် ကမ္ဘာ့အမွေအနှစ်စီမံအုပ်ချုပ်မှု ကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ပါကြောင်း၊ အထက်အဆင့်ဆင့်မှ ညွှန်ကြားချက်များအား အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်နိုင်ရေး ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လစ်ဟင်းမှုမရှိစေရေးအတွက် တွန်းအားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးအောင်မောင်းက ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်တောင်ပိုင်းတိုးချဲ့ရေးရည်မှန်းသတ်မှတ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ထိုဒေသတွင်တွေ့ရှိနိုင်သော ရှားပါးသဘာဝပေါက်ပင်မျိုးစိတ်များနှင့် ရှားပါးတောရိုင်းတိရစ္ဆာန်မျိုးစိတ်များတွေ့ရှိမှု အခြေအနေများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားပြီး UNESCO နည်းပညာအကြံပေးအရာရှိ Mrs. Heather Peter က ကမ္ဘာ့အမွေအနှစ်များဖြစ်ပေါ်လာပုံသမိုင်းကြောင်းများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ကမ္ဘာ့အမွေအနှစ် ထိန်းသိမ်းရေးနယ်မြေများဖြစ်ပေါ်လာပုံနှင့် ဒေသခံများ ပူးပေါင်းပါဝင်လာနိုင်ရေးတို့အတွက် နယ်မြေကွင်းဆင်းကြမည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအဖွဲ့အစည်းတို့က စက်တင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ သုံးရက်ကြာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

■

## ကလေးသူငယ် အခွင့်အရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ လွိုင်ကော်၌ ပြုလုပ်

**လွိုင်ကော် စက်တင်ဘာ ၂၉**။ ။မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီက လွိုင်ကော်မြို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥက္ကဋ္ဌ ဦးလှသိန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အတွင်းရေးမှူးကိုယ်စား ဒေါ်နော်ခမ်းသိန်းက အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုပိုင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ဆက်လက်ပြီး Save the Children နှင့် ကိန္နရာ ကျေးလက်လူမှုဖွံ့ဖြိုးရေးအဖွဲ့အစည်းတို့က ပူးပေါင်းဆောင်ရွက်သော လုပ်ငန်းများကို ခွန်းရိုမြူဝဲလ်က လည်းကောင်း၊ World Vision Loikaw က ဆောင်ရွက်နေသော လုပ်ငန်းများကို ဦးစောဂေလ်းဘက်က လည်းကောင်း၊ ရန်ကုန် ကရင်နှစ်ခြင်းအမျိုးသမီးအဖွဲ့မှ ဒေါ်ဒေးလီယာက မိမိတို့ဆောင်ရွက်နေသော လုပ်ငန်းများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကိစ္စရပ်များဆွေးနွေးခြင်းနှင့် ရှေ့လုပ်ငန်းစဉ်ရေးဆွဲခြင်းများကို ဆောင်ရွက်ကြကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီများ၊ ရပ်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၏ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ မူဘောင်အရ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန်နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီဝင်များကသိရှိပြီး ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် လိုအပ်နေသည့် အခန်းကဏ္ဍများတွင် ကူညီပံ့ပိုးပေးနိုင်ရန်အတွက် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပဲခူးရိုးမအရှေ့ခြမ်း သကြားစက်ရုံလုပ်ငန်းစဉ်များညှိနှိုင်းရေးကော်မတီ ဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၂၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းက ဖွဲ့စည်းပေးထားသော ပဲခူးရိုးမအရှေ့ခြမ်း သကြားစက်ရုံလုပ်ငန်းစဉ်များ ညှိနှိုင်းရေးကော်မတီ ပထမအကြိမ်တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက စိုက်ပျိုးရေးဦးစီးဌာန ရုံးအမှတ်(၅၀)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပထမအကြိမ် တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် စက်ရုံနယ်မြေချင်းထိစပ်နေသော စက်ရုံများ၏ စက်ရုံနယ်မြေများ သတ်မှတ်ပေးခြင်း၊ ယခင်နှစ် ကြံဈေးနှုန်းကို အခြေခံ၍လည်းကောင်း၊ စိုက်စရိတ်များကြီးမြင့်လာမှုကို အခြေခံ၍လည်းကောင်း၊ စက်ရုံနှင့် အနီးအဝေးအကွာအဝေးများကို အခြေခံ၍လည်းကောင်း၊ ကြံဈေးနှုန်းအား ကြံတင်ခ၊ သယ်ယူပို့ဆောင်ခအပါအဝင် စက်ရုံအရောက် ပျမ်းမျှဈေးနှုန်း သတ်မှတ်ခြင်း၊ ပြန်လည် စိုက်ပျိုးရေး၊ ကြံကြိတ်ဝါး ထုတ်လုပ်ရေးအပေါ် အခြေခံ၍ စက်ရုံတစ်ရုံနှင့်တစ်ရုံ စက်ဖွင့်ရက် ကွာခြားမှု မရှိစေရေးအတွက် ရက်သတ်မှတ်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်၊ ညွှန်ကြားရေးမှူး ဦးခင်မောင်ညွှန့်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းမှ ဒု-ဥက္ကဋ္ဌ ဦးစံသိန်း၊ အတွင်းရေးမှူး ဦးစိန်ထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ရွှေကုက္ကို)**



# ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်တက်ကားလမ်းခင်းရာ၌ စုပေါင်းပါဝင်ဆောင်ရွက်

**ဘီးလင်း စက်တင်ဘာ ၂၉**

(၅၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၈ ရက်က သထုံခရိုင် ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး နန္ဒဝင်း ဦးဆောင်သော သထုံ၊ ဘီးလင်း၊ ကျိုက်ထိုမြို့နယ်များမှ မြို့နယ်ရဲတပ်မှူးနှင့် တပ်ဖွဲ့ဝင်မိသားစုဝင် ၁၁၅ ဦးတို့သည် ဘီးလင်းမြို့နယ် ဘုရားရွာကျေးရွာရှိ ကုသိနာရုံ ဆံတော်ရှင်စေတီမုခ်ဦးမှ စေတီရင်ပြင်အထိ တောင်တက်ကားလမ်း ကွန်ကရစ်ခင်းခြင်းဆောင်ရွက်ရာ၌ လမ်းခင်းကျောက်များ၊ မဆလာများ သယ်ယူပေးခြင်းတို့ကို လုပ်အားပေးခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

# ၂၀၁၆ ခုနှစ် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

**ဗိုမင်းအတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသည့် တေးသီချင်းများ**

**၁။ ဝါသနာရှင်(ပထမတန်း)အဆင့်(အမျိုးသား၊အမျိုးသမီး)**

| | | |
|---|---|---|
| (က) | ချစ်သမျှကို | (ပတ်ပျိုး) |
| (ခ) | တောင်ဇမ္ဗူပိုင် | (ယိုးဒယား) |
| (ဂ) | ဟေမဝန်ချာ | (ဘွဲ့) |
| (ဃ) | ခိုင်ပန်းစုံ | (ယိုးဒယား) |
| (င) | အောင်မြေမြမန်း | (ပတ်ပျိုး) |
| (စ) | မှိုင်းမှိုင်းမြ | (သီချင်းခံ) |
| (ဆ) | ခါနွေဆန်းလန်းစီစီ | (ယိုးဒယား) |
| (ဇ) | ရဝိန်ဒေါင်းယာဉ်ပျံ | (ပတ်ပျိုး) |

**၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား၊အမျိုးသမီး)**

| | | |
|---|---|---|
| (က) | တောမြိုင်စွန်း | (ယိုးဒယား) |
| (ခ) | နံ့သာနီတောင် | (ပတ်ပျိုး) |
| (ဂ) | နတ်ရှင်နောင် | (ကာလပေါ်)(ပြည်လှဖေ) |

**၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊အမျိုးသမီး)**

| | | |
|---|---|---|
| (က) | ရှင်သီဝလိ | (ကာလပေါ်)(ပြည်လှဖေ) |
| (ခ) | ကျွန်းကျွန်းပိုင်သ | (ကြိုး) |
| (ဂ) | သောင်းရွှေလယ် | (ယိုးဒယား) |

**၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊အမျိုးသမီး)**

| | | |
|---|---|---|
| (က) | နန်းသီဟိုဠ် | (ယိုးဒယား) |
| (ခ) | ဓမ္မစကြာ | (ကာလပေါ်)(ဒေါ်ကြည်အောင်) |
| (ဂ) | မှိုင်းရိပ်ကယ်တည့် | (ကြိုး) |

**၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊အမျိုးသမီး)**

| | | |
|---|---|---|
| (က) | ဇေယျာမြို့ | (ကြိုး) |
| (ခ) | မဟာဇနက | (ကာလပေါ်)(ဒေါ်မေရှင်) |
| (ဂ) | ဇမ္ဗူရောင်ကွန့် | (ဘွဲ့) |

ဆက်လက်ဖော်ပြပါမည်။

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၂၉**

ရန်ကုန်(ရွှေဈေး) ၈၈၆၀၀၀ - ၈၈၇၀၀၀ မန္တလေး(ရွှေဈေး) ၈၈၅၅၀၀ - ၈၈၆၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၆၀/၅၇၀ ကျပ်၊ | ၅၉၀/၆၀၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၄၀ ကျပ်၊ | ၇၀၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၆၀/၅၇၀ ကျပ်၊ | ၆၀၀/၆၂၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၈၀/၆၀၀ ကျပ်၊ | ၆၃၀/၆၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၀၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၄၅ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၅၁၇ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၅၀.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၀၃.၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၈၇.၂၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၆.၁၃၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၃.၉၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၈.၈၃၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၃၇.၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၄.၃၇ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၆၀.၈၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၁၈.၉၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# စာကြည့်တိုက်ပညာရပ်များ ကွင်းဆင်းပို့ချ

**ငါးသိုင်းချောင်း စက်တင်ဘာ ၂၉**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်လဲ့လဲ့ဝင်းနှင့်ဝန်ထမ်းများက စက်တင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ အထကငါးသိုင်းချောင်းရှိ ပညာပဒေသာကျောင်းစာကြည့်တိုက်ခန်းမ၌ အလယ်တန်းနှင့် အထက်တန်းအဆင့် ဆရာ ဆရာမများအား စာကြည့်တိုက်ပညာရပ်များ ကွင်းဆင်းပို့ချခြင်း၊ စာကြည့်တိုက်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စာကြည့်တိုက်လုပ်ငန်းများ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို လက်တွေ့ဆောင်ရွက်ပေးခဲ့ကြသည်။

ယင်းနောက် အဆိုပါ စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ လှူဒါန်းပေးခဲ့သည်။ **စိုးမင်းဦး(ပြန်/ဆက်)**

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော စက်တင်ဘာ ၂၀ ရက်မှ ၂၆ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

| | | | |
|---|---|---|---|
| ၁ | ဦးအောင်နိုင်-ဘာသာပြန် | မော်စီတုန်းကိုယ်တိုင်ပြောတဲ့ မော်စီတုန်းအကြောင်း | ၁၅၀၀ိ/- စိတ်ကူးသစ်စာပေ |
| ၂ | မောင်သာမည-မြန်မာပြန် | စာကြည့်တိုက်ယဉ်ကျေးမှု | ၁၅၀၀ိ/-the key collection |
| ၃ | ညီမင်းညို | စာပေယဉ်ကျေးမှုနှင့်အနာဂတ်လူငယ် သယံဇာတများဆီသို့ | ၃၀၀၀ိ/ လင်းလွန်းခင်စာပေ |
| ၄ | ဂမ္ဘီရဆရာလူမျိုး | ထင်ပေါ်ကျော်ကြားမယ်တော်ကြီးများ | ၁၈၀၀ိ/-စာပေနန်းတော် |
| ၅ | လှိုင်းသစ် | ဘွန်ဆိုင်းနှစ် | ၂၀၀၀ိ/-နှင်းဆီဖြူစာပေ |
| ၆ | မောင်သာချို | ကောင်းသောစကား | ၂၀၀၀ိ/-ဇွန်ပွင့်စာပေ |
| ၇ | မင်းနဒီခ | စွန်ပလွန်သီးတွေကြွေကျပြီးနောက်တစ်ရက် | ၂၀၀၀ိ/-နှင်းဆီဖြူစာပေ |
| ၈ | မြင့်စိုးလှိုင်-မြန်မာပြန် | မြို့နှစ်မြို့ရဲ့ပုံပြင် | ၁၅၀၀ိ/-စိတ်ကူးချိုချို |
| ၉ | ဥက္ကလာဝင်းကြည် | လွယ်ကူသင်ကြားဥစဖြာမင်္ဂလာတရား | ၅၀၀၀ိ/-စိတ်ကူးချိုချို |
| ၁၀ | အောင်လှိုင်(မြန်မာပြန်) | ဟင်နရီဖိုဒ်ရဲ့ဘဝနဲ့အလုပ် | ၁၅၀၀ိ/-စိတ်ကူးချိုချို |
| ၁၁ | သန်းမြင့်အောင် | ပြောလို့မကုန်သောဝတ္ထုများ | ၃၀၀၀ိ/-ကံ့ကော်ဝတ်ရည်စာပေ |
| ၁၂ | မဟာဆွေ | အချစ် | ၂၀၀၀ိ/-စိတ်ကူးချိုချို |
| ၁၃ | မအိသက် | စွဲငြိရသာ မြန်မာ့အစားအစာအတွဲ(၂) | ၅၀၀၀ိ/-Synengy |
| ၁၄ | အရှင်ဉာဏဝရ(သာပေါင်း) | ဗုဒ္ဓနည်းလာစီးပွားရှာ | ၂၀၀၀ိ/-အသိစွမ်းအားစာပေ |
| ၁၅ | လမင်းအိမ် | ဝေဟင်စံငှက်ငယ်များပုံပြင်(ပထမတွဲ) | ၂၀၀၀ိ/-ပန်းမျိုးတရာစာပေ |
| ၁၆ | စိန်ဝင်းစိန် | ခေါင်းဆောင်မှုလျှို့ဝှက်ချက် | ၂၅၀၀ိ/-The book House |
| ၁၇ | အေးအေးမာ(ဆေး-၁) | သွားကြပါစို့ လက်ဒါဒီပကျွန်းဆီသို့ | ၁၅၀၀ိ/-အာရုဏ်သစ်စာပေ |
| ၁၈ | သွန်းနေစိုး | ပိုလ်ချုပ်အောင်ဆန်းအင်တာဗျူးများ | ၁၂၀၀ိ/-အင်လျားစာပေ |
| ၁၉ | အေးမောင်မောင်ဆန်း | ပျော်စရာသရော်စာဝတ္ထုတိုများ | ၂၅၀၀ိ/-မျိုးဆက်သစ်စာပေ |
| ၂၀ | သိန်းဖေမြင့် | ကျွန်တော်ကြုံဖူးသောကမ္ဘာ | ၃၇၀၀ိ/-စိတ်ကူးချိုချို |
| ၂၁ | မင်းခက်ရဲ | ဖူးကိုး၊ဆက်ဝစ်နှင့်ကွိုးယားသီအိုရီ | ၂၀၀၀ိ/-မျိုးဆက်သစ်စာပေ |
| ၂၂ | ဦးတင့်အောင်(ပျဉ်းမနား) | မြန်မာအတွေးကို ဦးစားပေးသည် | ၂၀၀၀ိ/-ဦးတင့်အောင်စာပေ |
| ၂၃ | မောင်မင်းဟန် | စစ်ဦးလေပွေ(အင်္ဂလိပ်-မြန်မာ) | ၁၂၀၀ိ/-သဇင်စာပေ |
| ၂၄ | ဆရာဦးမျိုးသိန်း B.A(Geog) | ၁၃၇၉-ခုနှစ်အတွက် အောင်မဟာသံဒိဌ နေ့စဉ်ပြိုဟ်သွားပြက္ခဒိန် | ၈၀၀ိ/-ပညာရွှေစင်စာပေ |
| ၂၅ | ဆရာဦးမျိုးသိန်း B.A(Geog) | ၂၀၁၇ အောင်မဟာမင်္ဂလာအခါပေး နေ့စဉ်ဗေဒင်ဒိုင်ယာရီ | ၂၀၀၀ိ/-ပညာရွှေစင်စာပေ |
| ၂၆ | နိုင်ရဲကျော် | လူမည်းတစ်ယောက်ရဲ့ရာဇဝင်သို့မဟုတ် မာတင်လူသာကင်းနှင့်ပလေးဘွိုင်း | ၁၅၀၀ိ/-Speed စာပေ |
| ၂၇ | အောင်သာ(ppp) | ခေတ်ပြိုင်မြန်မာ့နိုင်ငံရေးနှင့်ကျောင်းသားလှုပ်ရှားမှုအဆင့်နေရာ | ၁၈၀၀ိ/-ယဉ်မျိုးစာပေ |
| ၂၈ | စိန်လင်း | အချိန်စီမံခန့်ခွဲခြင်း | ၃၀၀၀ိ/-စိန်လင်းပဌာန်းစာပေ |
| ၂၉ | the key collection | စာစဉ်(၃၇)တော့ထဘုရင်ကြီး | ၁၂၀၀ိ/-the key collection |
| ၃၀ | ခေတ်ဘုန်းသစ် | ဝက်ဝံလေးဖိုးကြား | ၁၂၀၀ိ/-ပင်ဝါးရုံစာပေ |
| ၃၁ | ခေတ်ဘုန်းသစ် | ပီတာလေးရဲ့ စွန့်စားခန်း | ၁၂၀၀ိ/-ပင်ဝါးရုံစာပေ |
| ၃၂ | ဒေါက်တာမေမိုးနွယ် | အောင်မြင်ပျော်ရွှင်တဲ့ အမျိုးသမီးတစ်ယောက်ဖြစ်ဖို့ရာ | ၂၅၀၀ိ/-တူဒေးစာအုပ်တိုက် |
| ၃၃ | လင်းဦးနိုင် | စနိုက်ပါ | ၁၅၀၀ိ/-ဝါးလည်စာပေ |
| ၃၄ | လှိုင်ထွန်းနိုင် | ဇင်ဆရာသခင်ဟောင်ပို့ချွန်းလင်မှတ်တမ်း | ၂၀၀၀ိ/-ဝါးလည်စာပေ |
| ၃၅ | ပန်းချီ-အောင်ကြောင်းဖြာ ဇာတ်ညွှန်း-မုဒိတာ | ငရဲကြီးရှစ်ထပ်-တာပနငရဲ | ၁၂၀၀ိ/-နဂါးပျံစာပေ |
| ၃၆ | ပန်းချီ-အောင်ကြောင်းဖြာ ဇာတ်ညွှန်း-မုဒိတာ | ပညာရှိမင်းသားနှင့်နှာပြတ်ပုဏ္ဏားကြီး | ၁၂၀၀ိ/နဂါးပျံစာပေ |
| ၃၇ | | FEATURED COLLECTIVES MYANMAR PHOTOGRAPHERS AROUND THE WORLD | ၁၅၀၀၀ိ/-ဆန်းစသော်တာစာပေ |
| ၃၈ | ဘုန်းနိုင် | အောင်မြင်မှုကိုရှာဖွေခြင်း | ၂၀၀၀ိ/-မနောဖြူစာပေ |
| ၃၉ | ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး) | အနာဂတ်ကြယ်ပွင့်များ ဣတ္ထိယနှင့်ပုရိသတို့၏ ကျန်းမာရေးဆေးပညာပေး ဆောင်းပါးများ | ၂၀၀၀ိ/-ဒေါက်တာမြင့်သန်းထွန်း |
| ၄၀ | ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး) | ပြည်သူ့ကျန်းမာရေးဆိုင်ရာဗဟုသုတအဖြာဖြာ ကျန်းမာရေးဆောင်းပါးများ | ၂၀၀၀ိ/-ဒေါက်တာမြင့်သန်းထွန်း |

ဆက်လက်ဖော်ပြပါမည်။

# ဇာတ်ကောင်ပုံစံမျိုးစုံ သရုပ်ဆောင်ရတာကို နှစ်သက်တဲ့ ယွန်းသီရိခင်

မင်းလုသား

**မော်ဒယ်အဖြစ်မှ သရုပ်ဆောင်အဖြစ် ကူးပြောင်းလုပ်ဆောင်ရင်း အနုပညာအလုပ်တွေကို ကြိုးစားလုပ်ဆောင်နေတဲ့ ယွန်းသီရိခင်ဟာ ဇာတ်ကောင်ပုံစံမျိုးစုံ သရုပ်ဆောင်ရတာကို နှစ်သက်တယ်လို့ ဆိုပါတယ်။ လူချစ်လူခင်ပေါများပြီး ပရိသတ်အားပေးတဲ့ အနုပညာရှင်တစ်ဦးဖြစ်ချင်တဲ့ ယွန်းသီရိခင်နဲ့တွေ့ဆုံခိုက် မေးမြန်းဖြစ်ခဲ့တာများကို တင်ပြလိုက်ရပါတယ်-**



**အနုပညာလောကကို စတင်ရောက်ခဲ့ပုံကို ပြောပြပေးပါ။**

အနုပညာလောကကို ရောက်တာ တစ်နှစ်လောက်ရှိပါပြီ။ ဒါရိုက်တာ မောင်မျိုးမင်းဆီမှာ သင်တန်းတက်တယ်။ အဲဒီကနေပြီး ကိုတင့်တို့ရုပ်ကွက် ဇာတ်ကားမှာ ဆရာကျော်ဇောလင်းကခေါ်တော့ စပြီး သရုပ်ဆောင်ဖြစ်တယ်။ Sky Net က သရုပ်ဆောင်ဖို့ခေါ်လို့ ကြော်ငြာတွေရိုက်ဖြစ်တယ်။ ဇာတ်လမ်းတိုလေးတွေ ရိုက်ဖြစ်ရင်းနဲ့ပဲ ဇာတ်လမ်းတို ခုနစ်ကားလောက် ရိုက်ပြီးပါပြီ။ မော်ဒယ်ဘက်ကနေ သရုပ်ဆောင်ဖြစ်လာတာဆိုတော့ ဓာတ်ပုံရိုက်ရတာ ပိုပြီးဝါသနာပါတယ်။ မဂ္ဂဇင်း၊ ဂျာနယ်တွေအတွက် မျက်နှာဖုံးကာဗာတွေ ရိုက်ဖြစ်ပါတယ်။

**သရုပ်ဆောင်ခဲ့တဲ့အချိန်မှာ ဘယ်အကြောင်းအရာတွေက အမှတ်တရဖြစ်ခဲ့လဲ။**

မော်ဒယ်ကနေ သရုပ်ဆောင်ဘက်ကူးတော့ စစချင်းအခက်အခဲတွေ ရှိတယ်။ အမှတ်တရအဖြစ်အပျက်တွေလည်း များပါတယ်။ ဆရာတွေကလည်း သင်ပေးတယ်။ ဘယ်လိုနေရာမှာ ဘယ်လိုသရုပ်ဆောင်ရမလဲ အကြံဉာဏ်တွေလည်းပေးတယ်။ အမှတ်တရရှိတာကတော့ ဇာတ်လမ်းတွဲတစ်ခုမှာ 5 Star အဖွဲ့လည်းပါတယ်။ အဲဒီမှာ ခွေးလိုက်ဆွဲခံရတာကတော့ ကျွန်မအတွက် မှတ်မှတ်ရရပါပဲ။

**အနုပညာနဲ့ ပတ်သက်တဲ့ခံယူချက်ကရော။**

အနုပညာခံယူချက်ကတော့ နာမည်ပျက်မရှိဘဲ လူချစ်လူခင်ပေါများပြီး ပရိသတ်အားပေးတဲ့သူဖြစ်အောင် ကြိုးစားနေပါတယ်။

**အနုပညာကို ဘယ်လိုရည်မှန်းချက်ထားပြီး ကြိုးစားသွားမလဲ။**

အနုပညာအလုပ်ကို ကျွန်မတတ်စွမ်းသလောက် ပရိသတ်တွေအားပေးတဲ့အထိ ကြိုးစားမှာပါ။ လုပ်နိုင်တဲ့ အတိုင်းအတာပေါ် မူတည်ပြီး ပရိသတ်ကိုချပြသွားမှာပါ။ အနုပညာသက်တမ်း တစ်နှစ်တာအတွင်းမှာတော့ ဇာတ်လမ်းတွဲတွေ၊ ဂျာနယ်၊ မဂ္ဂဇင်းကာဗာတွေ တော်တော်များများ ရိုက်ဖြစ်ခဲ့ပါတယ်။

**သရုပ်ဆောင်တဲ့အခါ ဘယ်အပိုင်းကိုပိုပြီး စိတ်အားသန်လဲ။**

ကျွန်မအနေနဲ့ ဇာတ်ကောင်ပုံစံမျိုးစုံကို သရုပ်ဆောင်ရတာ ကြိုက်တယ်။ လုပ်လည်း လုပ်ဖြစ်တယ်။ ဒါရိုက်တာတွေ ပြောတဲ့ အတိုင်းလည်း နားထောင်ပြီး လုပ်ဆောင်ဖြစ်ပါတယ်။ ကာရိုက်တာမျိုးစုံရိုက်ဖြစ်တယ်။ ကျွန်မနဲ့လိုက်ဖက်တဲ့ ဇာတ်လမ်းတွေမှာ သရုပ်ဆောင်ဖို့ ကမ်းလှမ်းလာတဲ့အခါ ကိုယ့်လုပ်ကွက်လည်းရတယ်ဆိုပြီး ရိုက်ကူးဖြစ်ပါတယ်။

**ငယ်ဘဝဖြတ်သန်းမှုကိုလည်း ပြောပါဦး။**

ငယ်ဘဝ ဖြတ်သန်းမှုကတော့ ရိုးရိုးရှင်းရှင်းပါပဲ။ ပထမဆုံး တက်တာက အလက (၁၀) အင်းစိန်မှာ တက်တယ်။ နောက်တော့ ကျောင်းပြောင်းပြီး အထက (၁) အင်းစိန်မှာ တက်တယ်။ ပြီးတော့ ဆေး တက္ကသိုလ် အမှတ်ကပ်ပြုတ်တော့ GTC တက်ရင်းနဲ့ Nursing တက်တယ်။ နောက် အဆင်မပြေတာနဲ့ GTC ကို Second Year နဲ့ နားလိုက်တယ်။ Nursing ကိုတော့ ပြီးဆုံးအောင်တက်တယ်။ ညီမငယ်ငယ်က ကျောင်းကပွဲတို့၊ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲတို့ ဆိုရင်ပါတယ်။ ကျောင်းကပွဲမှာတော့ ဆုရဖူးတယ်။ မြို့နယ်၊ တိုင်းအဆင့်လောက်အထိတော့ ဆုမရဖူးဘူး။

**မိသားစုအကြောင်း ပြောပြပါဦး။**

မောင်နှမ ငါးယောက်ရှိပါတယ်။ အဖေက ဆရာဝန်၊ စာနယ်ဇင်းလည်းလုပ်တယ်။ အမေကတော့ အိမ်မှာပဲနေတယ်။ အစ်ကိုအကြီးဆုံးက သင်္ဘောသား။ နောက်တစ်ယောက်က အင်ဂျင်နီယာ။ ကျန်တဲ့ အစ်မနှစ်ယောက်ကတော့ ရိုးရိုးဘွဲ့နဲ့ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်ပါတယ်။ ကျွန်မက အငယ်ဆုံးပါ။

**မိန်းကလေးတစ်ယောက်အနေနဲ့ အလှအပက ဘယ်လောက်အထိ အရေးပါတယ်လို့ထင်လဲ။**

အလှအပက အရေးကြီးပါတယ်။ ခုခေတ်ကြီးမှာက အလှအပကပြင်လို့ရပါတယ်။ ဒါပေမယ့် ဆိုးကျိုးတွေ ရှိနေတဲ့အတွက် သဘာဝအလှပဲကောင်းပါတယ်။ ကျွန်မကတော့ အသားဖြူဖို့ထက် အသားအရေလှတာကို သဘောကျတဲ့အတွက် အသားအရေလှအောင် အသီးအနှံတွေစားမယ်။ ပြီးတော့ လေ့ကျင့်ခန်း ပုံမှန်လုပ်မယ်၊ အအိပ်မှန်မယ် ဆိုရင်တော့ အသားအရေလည်း လှမယ်၊ မျက်နှာလည်း ကြည်ပြီး အဆင်ပြေမယ်လို့ ထင်ပါတယ်။ အလှအပအတွက်တော့ သီးသန့်လုပ်တာမျိုးမရှိပါဘူး။ Gym ကစားတယ်။ အဲဒါတွေနဲ့ပဲ ကျွန်မခန္ဓာကိုယ်ကို ထိန်းသိမ်းပါတယ်။

**ကြိုက်နှစ်သက်တဲ့ အသုံးအဆောင်တွေနဲ့ ဖက်ရှင်ဒီဇိုင်းကိုလည်း ပြောပြပေးပါ။**

အပြင်သွားရင် ပိုက်ဆံအိတ်အသေးလေးကြိုက်တော့ အမြဲပါပါတယ်။ ဖက်ရှင်ပိုင်းဆိုရင်တော့ TV Channel တွေကြည့်တယ်။ Online ကနေပြီး နိုင်ငံခြားက ဖက်ရှင်ဒီဇိုင်း၊ ဝတ်စုံနဲ့ ဝတ်ဆင်ပုံတွေကြည့်တယ်။ လေ့လာတယ်။

**အားပေးတဲ့ ပရိတ်သတ်တွေအတွက် ဘာများ စကားလက်ဆောင်ပါးချင်လဲ။**

နောက်ထပ်ဇာတ်ကားတွေရိုက်ဖို့လည်း ရှိတယ်။ ရိုက်ဖို့လည်းပြင်ဆင်နေပါတယ်။ ကျွန်မဘက်က အကောင်းဆုံး ကြိုးစားနေပါတယ်။ အဲဒီအတွက်လည်း ပရိသတ်တွေက အားပေးပါလို့ ပြောချင်ပါတယ်။

## တိုကျို နိုင်ငံတကာ ရုပ်ရှင်ပွဲတော်တွင် ပြင်သစ်ဒါရိုက်တာ Jean-Jacques Beineix က ဂျူရီအဖွဲ့ ခေါင်းဆောင်အဖြစ် တာဝန်ယူဆောင်ရွက်သွားမည်

လာမည့် အောက်တိုဘာလကုန်တွင် ကျင်းပမည့် ဂျပန်နိုင်ငံ၏ ရုပ်ရှင်ပွဲတော်တစ်ခုဖြစ်သည့် တိုကျိုနိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ပြင်သစ်ဒါရိုက်တာ Jean-Jacques Beineix က ဂျူရီအဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(၂၉)ကြိမ်မြောက်အဖြစ် ကျင်းပမည့် အဆိုပါရုပ်ရှင်ပွဲတော်ကို အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ဂျပန်နိုင်ငံ တိုကျိုမြို့တော်ရှိ Roppongi Hills တွင် ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲကဏ္ဍပေါင်း ၁၆ မျိုး၌ ရုပ်ရှင်ဇာတ်ကားပေါင်း ၂၀၀ ကျော် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

အဆိုပါရုပ်ရှင်ပွဲတော်သို့ ဒေသတွင်းနိုင်ငံများနှင့် နိုင်ငံပေါင်း ၉၈ နိုင်ငံမှ တင်သွင်းသည့်ဇာတ်ကားပေါင်း ၁၅၀၀ ကျော်အနက်မှ ပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်မည့် ဇာတ်ကား ၁၆ ကားကို ရွေးချယ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

၁၀ ရက်ကြာ ကျင်းပမည့် တိုကျိုရုပ်ရှင်ပွဲတော်တွင် ထူးခြားသော ရုပ်ရှင်ပြပွဲများ၊ စင်တင်ဖျော်ဖြေပွဲများ၊ အမေးအဖြေကဏ္ဍများနှင့် အခြားစိတ်ဝင်စားဖွယ် အစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

(မျိုးစန္ဒာမောင်)

## မိဘမဲ့ကလေးငယ်များကို ကူညီနေသည့် အမျိုးသမီးတစ်ဦးအကြောင်း ပုံဖော်ထားသည့်ဇာတ်ကား ပြုံယမ်းရုပ်ရှင်ပွဲတော်တွင် အမြင့်ဆုံးဆုရရှိ

နှစ်နှစ်တစ်ကြိမ် စက်တင်ဘာလရောက်တိုင်း ကျင်းပလေ့ရှိသည့် မြောက်ကိုရီးယားနိုင်ငံ၏ ပြုံယမ်းနိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် မိဘမဲ့ဂေဟာရှိ ကလေးငယ်များအား မိမိကိုယ်ကျိုးမငဲ့ကွက်ဘဲ စွမ်းဆောင်ကူညီပေးသည့် အမျိုးသမီးတစ်ဦးအကြောင်းရိုက်ကူးပုံဖော်ထားသည့် Story About My House အမည်ရှိ ဇာတ်ကားက ယင်းရုပ်ရှင်ပွဲတော်၏ အမြင့်ဆုံးဆုတစ်ခုဖြစ်သည့် Best Torch Award ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါရုပ်ရှင်ပွဲတော်တွင် ဂျာမနီ၊ ပြင်သစ်၊ ဆီးရီးယား၊ ဖိလစ်ပိုင်နှင့် အခြားနိုင်ငံပေါင်း ၂၁ နိုင်ငံမှ ဇာတ်ကားပေါင်း ၆၀ ပါဝင်ပြသခဲ့ပြီး ယခင်နှစ် ပွဲတော်များနှင့် နှိုင်းယှဉ်ပါက ယခုနှစ်တွင် ပြိုင်ပွဲဝင်ဇာတ်ကားအရေအတွက် ပိုမိုနည်းပါးခဲ့ကြောင်း ရုပ်ရှင်ပွဲတော် တက်ရောက်လာသူအနုပညာရှင်များ၏ ပြောပြချက်အရ သိရသည်။

၂၀၀၄ ခုနှစ်မှစတင်ကာ နှစ်စဉ်ယင်းရုပ်ရှင်ပွဲတော်သို့ ပါဝင်ဆင်နွှဲခဲ့သူ ဆွီဒင်ရုပ်ရှင်ထုတ်လုပ်သူ Henrik Nydqvist က “ဒီနှစ်မှာ နိုင်ငံပေါင်း ၂၁ နိုင်ငံက ဇာတ်ကားပေါင်း ၆၀ ကျော်ပဲ ပါဝင်ပြသတဲ့အတွက် အရင်နှစ်တွေကနဲ့စာရင် ပိုနည်းသွားတာကိုတွေ့ရပါတယ်။ အရင်နှစ်တွေက ဆိုရင် ဇာတ်ကားပေါင်း ၁၀၀ ကျော်ပါတယ်။ ဒါဟာ နိုင်ငံရေးအခြေအနေအရလည်း ပါမယ်ထင်ပါတယ်”ဟု ပြောကြားခဲ့သည်။

အဆိုပါရုပ်ရှင်ပွဲတော်ကာလအတွင်း မြို့တွင်းရှိ ရုပ်ရှင်ရုံအနှံ့အပြား၌ ဇာတ်ကားများကို တင်ဆက်ပြသလျက်ရှိပြီး ရုပ်ရှင်ချစ်ပရိသတ်များကလည်း တဖွဲဖွဲနှင့် လာရောက်အားပေးနေကြသည်မှာ ရုပ်ရှင်ထုတ်လုပ်သူများအတွက် အားရကျေနပ်စရာပင်ဖြစ်ပါကြောင်း ထည့်သွင်းပြောကြားသည်။

ယခင်နှစ်က ပြုံယမ်းနိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ဂျာမန်ဒရမ်မာဇာတ်ကားက အကောင်းဆုံးဇာတ်ကားဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

(ဖြိုးစန္ဒာမြင့်)



# အာဆင်နယ်နိုင်ပွဲရရှိခဲ့ပြီး မန်စီးတီးသရေကျခဲ့သည့် ချန်ပီယံလိဂ်အုပ်စုအဆင့် ဒုတိယပွဲစဉ်များ





ချန်ပီယံလိဂ်အုပ်စုအဆင့် ဒုတိယပွဲစဉ်များကို စက်တင်ဘာ ၂၈ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ပရီမီယာလိဂ်မှ အာဆင်နယ်အသင်း နိုင်ပွဲရရှိခဲ့ပြီး မန်စီးတီးအသင်းမှာ သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

အာဆင်နယ်အသင်းသည် ဆွစ်ဇာလန်ကလပ် ဘေဆယ်လ်အသင်းနှင့် ကစားခဲ့ရပြီး အာဆင်နယ်အသင်းက နှစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်အသင်းသည် ယင်းပွဲစဉ်တွင် တောင်ပံကစားသမား ဝဲလ်ကော့၏ ပွဲကစားချိန် ခုနစ် မိနစ်နှင့် ၂၆ မိနစ်တို့တွင် သွင်းယူခဲ့သည့် သွင်းဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အုပ်စု(A)တွင် ရမှတ်လေးမှတ်ရရှိခဲ့ကာ အုပ်စုအဆင့်တွင် ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့သည်။ အုပ်စုအဆင့်တွင် အာဆင်နယ်အသင်း၏အောက် ဒုတိယနေရာတွင် ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းက ရမှတ်လေးမှတ်ဖြင့် ရပ်တည်နိုင်ခဲ့သည်။

ထိုသို့ အာဆင်နယ်အသင်း နိုင်ပွဲရရှိခဲ့သော်လည်း ပရီမီယာလိဂ်တွင်ရော ချန်ပီယံလိဂ်မှာပါ ခြေစွမ်းပြကစားနိုင်ခဲ့သည့် မန်စီးတီးအသင်းမှာ ဆဲလ်တစ်အသင်း၏ အိမ်ကွင်းသို့ သွားရောက်ကစားခဲ့ရပြီး သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

မန်စီးတီးအသင်းသည် ယခုပွဲစဉ်တွင် ဆဲလ်တစ်အသင်းမှ ဒမ်ဘီလီ၏ သွင်းဂိုးကို ပွဲစပြီး လေးမိနစ်မှာပင် ခွင့်ပြုပေးလိုက်ရပြီး အိမ်ရှင်အသင်း၏ ဦးဆောင်မှုကို ခံခဲ့ရသည်။ သို့ရာတွင် ပွဲကစားချိန် ၁၁ မိနစ်တွင် ဖာနန်ဒင်ဟို၏ ဂိုးဖြင့် ချေပဂိုးပြန်လည်ရရှိခဲ့ပြီး စတာလင်၏ ပွဲကစားချိန် ၂၈ မိနစ်တွင်ရရှိခဲ့သည့် သွင်းဂိုးကြောင့် အဝေးကွင်းတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် ပြန်လည်ဦးဆောင်နိုင်ခဲ့သည်။

သို့သော် မန်စီးတီးအသင်း၏ အိမ်ရှင်ဆဲလ်တစ်အသင်းကို ဦးဆောင်မှုသည် ကြာရှည်မခံခဲ့ဘဲ စတာလင်၏ အမှားကြောင့် ဆဲလ်တစ်အသင်း ချေပဂိုးပြန်လည်ရရှိခဲ့ကာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ဖြင့် ပထမပိုင်း ပွဲချိန်ပြီးဆုံးခဲ့သည်။ ဒုတိယပိုင်းတွင်မူ ပွဲကစားချိန် ၄၇ မိနစ်တွင် ဒမ်ဘီလီကပင် ဆဲလ်တစ်အသင်းအတွက် တစ်ဂိုးထပ်မံသွင်းယူနိုင်ခဲ့ပြီး ၅၅ မိနစ်တွင် နိုလီတို၏ သွင်းဂိုးဖြင့် မန်စီးတီးအသင်း ချေပဂိုးရရှိခဲ့ကာ တစ်ဖက်သုံးဂိုးစီ သရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့သည်။ ထို့ကြောင့် မန်စီးတီးအသင်းသည် အုပ်စု(C)တွင် ဒုတိယနေရာ၌ ရပ်တည်နိုင်ခဲ့သည်။

အခြားသော ချန်ပီယံလိဂ်အုပ်စုအဆင့် ဒုတိယပွဲစဉ်များဖြစ်သည့် အက်သလက်တီကို မက်ဒရစ်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ပွဲစဉ်တွင် အက်သလက်တီကိုမက်ဒရစ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ နာပိုလီအသင်းနှင့် ဘင်ဖီကာအသင်းတို့ပွဲစဉ်တွင် နာပိုလီအသင်းက လေးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ မိုချန်ဂလာဘတ်အသင်းနှင့် ဘာစီလိုနာအသင်းတို့၏ ပွဲစဉ်တွင် ဘာစီလိုနာအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ လူဒိုရက်ဇ်ဒ်အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းက သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ပြီး ဘီဆီတက်အသင်းနှင့် ဒိုင်နမိုကိဗ်အသင်းတို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီသရေ၊ ရော့စ်တော့ဗ်အသင်းနှင့် ပီအက်စ်ဗွီအိုင်ဟိုဗင်အသင်းတို့ပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီသရေ စသည်ဖြင့် ရလဒ်များထွက်ပေါ်ခဲ့သည်။ **(ငွေကြွယ်)**

# အင်္ဂလန်နည်းပြအဖြစ် ဆောင်ရွက်မည်မဟုတ်ကြောင်း ဝင်းဂါး ထပ်မံ အတည်ပြု



အက်ဖ်အေ (အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်)သည် နည်းပြ ဆမ်အလာဒိုက်စ်ရာထူးမှ နုတ်ထွက်သွားခြင်းကြောင့် လက်ရွေးစင်အသင်းအတွက် အမြဲတမ်းနည်းပြ တစ်ဦးကို ခန့်အပ်ရန် ရှာဖွေလျက်ရှိရာ အက်ဖ်အေ၏ ပစ်မှတ်များထဲမှ တစ်ဦးဖြစ်သူ အာဆင်နယ်နည်းပြ ဝင်းဂါးက ယခုနှစ်ဘောလုံးရာသီတွင် အာဆင်နယ်ကို စွန့်ခွာ၍ အင်္ဂလန်နည်းပြအဖြစ် ဆောင်ရွက်မည်မဟုတ်ကြောင်း ထပ်မံအတည်ပြုချက်ပေးခဲ့သည်။

အင်္ဂလန်အသင်းကို တစ်ပွဲသာ ကိုင်တွယ်ခဲ့ရသေးသည့် နည်းပြ ဆမ်အလာဒိုက်စ် ပြီးခဲ့သည့် စက်တင်ဘာ ၂၇ ရက်တွင် ရာထူးမှ နုတ်ထွက်သွားရာ အင်္ဂလန်ယူ-၂၁နည်းပြ ဆောက်ဂိတ်ကို အင်္ဂလန်၏ လာမည့်နှစ်လအတွင်း ယှဉ်ပြိုင်မည့် ပွဲစဉ်လေးပွဲကို ကိုင်တွယ်ရန် တာဝန်ပေးခဲ့သော်လည်း အမြဲတမ်းနည်းပြရာထူးအတွက်မူ အတွေ့အကြုံရင့် နည်းပြတစ်ဦးကိုသာ ခန့်အပ်ရန် အက်ဖ်အေဘက်မှ အလိုရှိနေခြင်းဖြစ်သည်။ ပြီးခဲ့သည့် ဇူလိုင်လ ဆမ်အလာဒိုက်စ်ကို မခန့်အပ်မီကာလကပင် အမေရိကန်အသင်းနည်းပြ ကလင်းစမန်းနှင့် အာဆင်နယ်နည်းပြ ဝင်းဂါးတို့နှစ်ဦးမှာ အင်္ဂလန်နည်းပြဖြစ်ရန် ရေပန်းစားခဲ့သေးသော်လည်း အက်ဖ်အေသည် လက်ရွေးစင်အသင်းကို အင်္ဂလိပ်လူမျိုးတစ်ဦးသာ ကိုင်တွယ်စေချင်သည့် အများစု၏ ဆန္ဒအရ ဆမ်အလာဒိုက်စ်ကိုသာ ရွေးချယ်ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ယခု ဆမ်အလာဒိုက်စ် နုတ်ထွက်သွားခဲ့ပြီးနောက် အင်္ဂလိပ်လူမျိုးနည်းပြများဖြစ်သော ခရစ္စတယ်ပဲလေ့စ်နည်းပြ အလန်ပါဂျူး၊ ဟားလ်စီးတီးနည်းပြဟောင်း စတိဗ်ဘရုစ်တို့မှာ နည်းပြသစ်ဖြစ်လာရန် ထိပ်ဆုံးမှရေပန်းစားနေသလို အင်္ဂလန်ဘောလုံးလောကတွင် ကာလကြာရှည်ကျင်လည်နေခဲ့သည့် ဝင်းဂါးမှာလည်း နည်းပြလောင်းအမည်စာရင်းတွင် ပါဝင်နေခြင်းဖြစ်သည်။ ထို့ပြင် ဝင်းဂါးမှာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် အာဆင်နယ်နှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ရာ ယခုကဲ့သို့ ကောလာဟလများ ပိုမိုထွက်ပေါ်လာခြင်းဖြစ်သည်။

“ဒါက လွန်ခဲ့တဲ့ ၄၈ နာရီအတွင်း ထွက်လာတဲ့ သတင်းတွေပါ။ အကြိမ်ပေါင်းများစွာ ရှင်းပြခဲ့ပြီးသလို ကျွန်တော့်ရဲ့ ဦးစားပေးက အာဆင်နယ်ပါပဲ။ ဒါကြောင့် ရာသီကုန်အထိ အာဆင်နယ်အတွက်ပဲ အပြည့်အဝဆက်ရှိနေပေးမှာ သေချာပါတယ်။ ရာသီကုန်ကျရင် ကျွန်တော်ဘယ်လောက်အထိ ကောင်းကောင်းစွမ်းဆောင်ပေးမလဲဆိုတာ အကဲဖြတ်ကြရအောင်ပါ” ဟု ဝင်းဂါးက ပြန်လည်ရှင်းလင်းခဲ့သည်။

ဝင်းဂါးသည် အာဆင်နယ်အသင်းမှာပင် နည်းပြသက်တမ်းနှစ်(၂၀)ပြည့်မြောက်ပြီဖြစ်ပြီး ယင်းကာလအတွင်း ပရီမီယာလိဂ် ဖလားသုံးကြိမ်၊ အက်ဖ်အေဖလားခြောက်ကြိမ်ရောက်ရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း ပရီမီယာလိဂ်ဖလားကို ၂၀၀၄ ခုနှစ်နောက်ပိုင်း ဆွတ်ခူးနိုင်ခြင်းမရှိရာ ယခုနောက်ပိုင်းနှစ်များတွင် ပရိသတ်များ၏ ဆန့်ကျင်မှုနှင့် ရင်ဆိုင်နေရသူ ဖြစ်သည်။

အာဆင်နယ်အသင်းသည် ချန်ပီယံလိဂ်ပွဲစဉ်(၂)တွင် ဆွစ်ဇာလန်ကလပ် ဘေဆယ်လ်ကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် ရှစ်ပွဲဆက် ရှုံးပွဲမရှိအောင်ကစားထားနိုင်သည်။

**မေလှဲ့သင်း ရေးသားသည်**



# ဘိုင်ယန်မြူးနစ် အထနှေးလွန်းနေသည်ဟု နည်းပြ အန်စလော့တီ ဝေဖန်

ဘိုင်ယန်မြူးနစ် အသင်းသည် အက်သလက်တီကိုအား အဝေးကွင်းတွင် တစ်ဂိုး-ဂိုးမရှိဖြင့် အရှုံးနိမ့်ခဲ့ပြီးနောက် ဘိုင်ယန်နည်းပြ အန်စလော့တီက ဘိုင်ယန်မြူးနစ်အသင်း၏ ကစားအားမှာ နှေးကွေးလွန်းနေသဖြင့် ယခုကဲ့သို့ ရှုံးပွဲကြုံခဲ့ရခြင်းဖြစ်ကြောင်း ဝေဖန်ပြောကြားလိုက်သည်။ ဘိုင်ယန်မြူးနစ်အသင်းမှာ ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ကစားနိုင်ခဲ့သော်လည်း ပြိုင်ဘက်ဘောလုံးလမ်းကြောင်းတားဆီးရေးတွင် နှေးကွေးနေခဲ့သလို အခွင့်အရေးများလည်း လုံလောက်အောင် ဖန်တီးနိုင်မှု မရှိခဲ့သည်ကို တွေ့ရသည်။

အားကစားမီဒီယာများက ဘိုင်ယန်အသင်း၏ ကစားခဲ့ပုံကို “အစွယ်မရှိသည့် ဘိုင်ယန်” ဟူသော စကားဖြင့် ဝေဖန်ခဲ့သော်လည်း အန်စလော့တီက ဘိုင်ယန်အနေဖြင့် ရှုံးထွက်အဆင့်တွင် ထိပ်တန်းအသင်းကြီးများနှင့် တွေ့ဆုံမည့်အရေး ရှောင်လွှဲနိုင်ရန် အုပ်စုဗိုလ်နေရာကို ရရှိရန် လိုအပ်သဖြင့် ဘိုင်ယန်အိမ်ကွင်း အလိုင်ယန့်ဇ်အရီနာတွင် ယှဉ်ပြိုင်မည့်ပွဲစဉ်၌ အက်သလက်တီကိုကို သေချာပေါက် ပြန်လည်အနိုင်ကစားရန် လိုအပ်ကြောင်း ကစားသမားများကို တိုက်တွန်းပြောကြားလိုက်သည်။



# ပင်နယ်တီ ကန်သွင်းသူတာဝန်ကို ဂရစ်ဇ်မန်းကိုသာ ဆက်လက် ပေးအပ်သွားမည်ဟု ဆီမြွန်နီအတည်ပြု

**ဘိုင်ယန်မြူးနစ်နှင့် ယှဉ်ပြိုင်ခဲ့ရသည့် ချန်ပီယံလိဂ် ပြိုင်ပွဲတွင် အက်သလက်တီကိုကြယ်ပွင့် ဂရစ်ဇ်မန်းမှာ ပင်နယ်တီကန်သွင်းရာ လွဲချော်ခဲ့သော်လည်း အက်သလက်တီကိုအသင်း၏ ပင်နယ်တီကန်သွင်းသူအဖြစ် ဂရစ်ဇ်မန်းကိုသာ ဆက်လက်တာဝန်ယူစေမည်ဟု အက်သလက်တီကို နည်းပြ ဆီမြွန်နီက အတည်ပြုခဲ့သည်။ ဂရစ်ဇ်မန်းသည် ပွဲချိန်၃၅ မိနစ်တွင်ကာရက်စ္စကို သွင်းယူသည့် သွင်းဂိုးကို ဖန်တီးပေးနိုင်ခဲ့သော်လည်း ၈၄ မိနစ်တွင်ရရှိသည့် ပင်နယ်တီကန်သွင်းခွင့်ကို လွဲချော်ခဲ့ခြင်းဖြစ်သည်။**

အက်သလက်တီကိုအသင်းသည် နောက်ဆုံး ယှဉ်ပြိုင်ခဲ့သည့် ချန်ပီယံလိဂ် လေးပွဲတွင် ပင်နယ်တီသုံးကြိမ် ရှိခဲ့သော်လည်း တစ်ကြိမ်တစ်ခါမျှ ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့သလို ယင်းသုံးကြိမ်အနက် နှစ်ကြိမ်မှာ ဂရစ်ဇ်မန်း လွဲချော်ခဲ့ခြင်းဖြစ်သည်။ ဆီမြွန်နီက “မာရာဒိုနာ၊ မက်ဆီ၊ ဇီကို၊ ပလာတီနီတို့လည်း ပင်နယ်တီ လွဲကြတာပဲ။ ဒါကြောင့် ဂရစ်ဇ်မန်းလည်း လွဲချင်လွဲမှာပဲ။ ဒါကြောင့် အသင်းရဲ့ ပင်နယ်တီကန်သွင်းခွင့်ကို သူ့ကိုပဲ ကျွန်တော်ဆက်ပြီး တာဝန်ပေးထားဦးမှာပဲ” ဟု ရှင်းလင်းပြောကြားလိုက်သည်။

ဆီမြွန်နီက အသင်း၏ တန်ပြန်တိုက်စစ်ကစားဟန်မှာ ပြီးပြည့်စုံခဲ့ပြီး အခွင့်အရေး မြောက်မြားစွာ ဖန်တီးနိုင်ခဲ့သည်ကို အားလုံးမြင်တွေ့ရမည်ဖြစ်ကြောင်းလည်း ဆိုခဲ့သည်။ အက်သလက်တီကို တိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်က ယခုနှစ် အက်သလက်တီကိုအသင်း၏ အိမ်ကွင်း ဗင်ဆင့်ကယ်ဒါရွန်တွင် ယှဉ်ပြိုင်သည့် နောက်ဆုံးနှစ်ဖြစ်ရာ ပရိသတ်များအတွက် အမှတ်တရ အောင်မြင်မှုတစ်ခုခု ဖန်တီးပေးရန် လိုလားကြောင်းနှင့် ယခုနှစ်မှာ အက်သလက်တီကိုအတွက် ထူးခြားသည့် အောင်မြင်မှုရှာဖွေနိုင်သည့်နှစ် ဖြစ်ရမည်ဖြစ်ကြောင်း ဆိုလိုက်သည်။ အက်သလက်တီကိုမှာ လာမည့် ဘောလုံးရာသီတွင် ကွင်းသစ်သို့ ပြောင်းရွှေ့ကစားရန် ရှိနေခြင်းဖြစ်သည်။

အက်သလက်တီကိုအသင်းတွင် ဒဏ်ရာရ ကစားသမားများပြားနေပြီး ဂျီမီနက်ဇ်၊ မိုရာ၊ သီယာဂိုတို့ ဒဏ်ရာပြဿနာများ ကြုံတွေ့ပြီးနောက် ဘိုင်ယန်နှင့်ပွဲစဉ်တွင်လည်း နောက်ခံလူ ဂိုဒင် ခြေချင်းဝတ်အရွတ်ကြော ဒဏ်ရာရရှိခဲ့ရာ အက်သလက်တီကိုအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ခု ဖြစ်လာခဲ့သည်။

# ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

## ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

**ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို**
**ပြင်ဆင်သည့်ဥပဒေကြမ်း**
**( ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်    ။)**
**၁၃၇၇ ခုနှစ်၊    လ    ရက်**
**( ၂၀၁၆ ခုနှစ်၊    လ    ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (ဂ) တွင် ပါရှိသော "ခရိုင်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့" ဆိုသည့် စကားရပ်ကို "ခရိုင်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့နှင့် မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၃ တွင် -

(က) ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ဥပဒေဆိုင်ရာအထောက်အကူပေးရာတွင် ဥပဒေအရာ၌ မျှတမှုနှင့် တန်းတူညီမျှမှု အခွင့်အရေးများရရှိစေရန်၊

(ခ) ပြစ်မှုများတွင် ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်တို့ကို ဆောင်ရွက်ရာ၌ နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ကိုက်ညီမှု၊ စိတ်ကောင်းစေတနာထားရှိမှု တို့ကိုအခြေခံ၍ ထိရောက်သည့်ဥပဒေဆိုင်ရာ အထောက်အကူရရှိစေရန်၊"

(ခ) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ဃ) ပြစ်မှုဆိုင်ရာ ဥပဒေပြဿနာများကိုဖြေရှင်းရာတွင် ပွင့်လင်းမြင်သာပြီး တရားမျှတမှု ရရှိစေခြင်းဖြင့် တရားဥပဒေစိုးမိုးမှုနှင့် တရားဥပဒေအပေါ် ယုံကြည်မှု ပိုမိုမြင့်မားလာစေရန်၊"

၄။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ (ဇ) ကို ပယ်ဖျက်ရမည်။

၅။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ (ဈ) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ဈ) ဥပဒေဆိုင်ရာ အထောက်အကူပေးသူများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိရေးနှင့် ယင်းတို့အား အကာအကွယ်ပေးရေး။"

၆။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ (ခ)၊ (ဂ)၊ (ဃ)၊ (င) နှင့် (ဇ) တို့တွင် ပါရှိသော "ညွှန်ကြားရေးမှူးရာထူးအောက် မနိမ့်သော"ဆိုသည့် စကားရပ်ကို "ညွှန်ကြားရေးမှူးရာထူးထက်မနိမ့်သော" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ (ဇ) တွင် ပါရှိသော "အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ (ဈ) ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ဈ) တရားလွှတ်တော် ရှေ့နေများကောင်စီမှ အမည်စာရင်းတင်သွင်း သော တရားလွှတ်တော် ရှေ့နေအဖြစ် အနည်းဆုံး ၁၅ နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သည့် ရှေ့နေလေးဦး။ (ယင်းတို့ အနက်မှ တစ်ဦးကို အတွင်းရေးမှူးအဖြစ် တာဝန်ပေးရမည်။)" အတွင်းရေးမှူး နှင့် အဖွဲ့ဝင် သုံးဦး

၉။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် (ဃ) တို့တွင် ပါရှိသော "ဒုတိယညွှန်ကြားရေးမှူးရာထူးအောက် မနိမ့်သော" ဆိုသည့်စကားရပ်ကို "ဒုတိယညွှန်ကြားရေးမှူးရာထူးထက်မနိမ့်သော" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ (ဆ)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က အတွင်းရေးမှူး သဘောတူညီသော တရားလွှတ်တော်ရှေ့နေ နှင့် အဖြစ် အနည်းဆုံး ၁၀ နှစ် အမှုလိုက်ပါဆောင် အဖွဲ့ဝင် သုံးဦး ရွက်ခဲ့သည့်ရှေ့နေလေးဦး။ (ယင်းတို့အနက်မှ တစ်ဦးကို အတွင်းရေးမှူးအဖြစ် တာဝန်ပေးရမည်။)"

၁၁။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၉ တွင် -

"(က) ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) နှင့် (ဃ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

(က) မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ အဆင့်ဆင့်သော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များကို ကြီးကြပ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) အများပြည်သူတို့အား ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို စီမံချက်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေး လုပ်ငန်းဆောင်ရွက်ရာတွင် ဥပဒေဆိုင်ရာ အထောက်အကူပေးသူများ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းပါဝင်လာစေရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ဥပဒေအကူအညီပေးရေး လုပ်ငန်းလုပ်ဆောင်လိုသော အဖွဲ့အစည်းများက ဥပဒေဆိုင်ရာ အထောက်အကူပေးရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် လျှောက်ထားလာပါက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ခွင့်ပြုခြင်း၊"

(ခ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၉ ပုဒ်မခွဲ (စ) တွင် ပါရှိသော "ပြည်နယ်အတွင်းရှိ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များ" ဆိုသည့် စကားရပ်ကို "ပြည်နယ်အတွင်းရှိ အဆင့်ဆင့်သော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၂။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၁၀ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဖြစ်ပါက ယင်းတို့၏ ဒေသဦးစီးအဖွဲ့ရုံးစိုက်သည့် မြို့နယ်ရှိ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အဖြစ် ပူးတွဲတာဝန်ယူဆောင်ရွက်ရမည်။"

၁၃။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ (ဂ)၊ (ဃ) နှင့် (င) တို့ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ဂ) ဥပဒေဆိုင်ရာအထောက်အကူပေးရာတွင် ဥပဒေဆိုင်ရာအထောက်အကူပေးသူများ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းပါဝင်လာစေရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ဥပဒေအကူအညီပေးရေးလုပ်ငန်း လုပ်ဆောင်လိုသော အဖွဲ့အစည်းများက ဥပဒေဆိုင်ရာ အထောက်အကူပေးရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန်လျှောက်ထားလာပါက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ခွင့်ပြုခြင်း၊

(င) အများပြည်သူတို့အား ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို စီမံချက်များရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊"

၁၄။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ (ဆ) ကို ပယ်ဖျက်ရမည်။

၁၅။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၁၂ ခြေဆင်းကို အောက်ပါအတိုင်းပြင်ဆင်ပါသည်-

"၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-"

၁၆။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က သဘောတူညီသော အနည်းဆုံး ၃ နှစ် အမှု လိုက်ပါဆောင်ရွက်ခဲ့သည့် ရှေ့နေတစ်ဦး။" အတွင်းရေးမှူး

၁၇။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၁၃ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) အများပြည်သူတို့အား ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို စီမံချက်များရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊"

၁၈။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၁၃ ပုဒ်မခွဲ (ဂ) တွင် ပါရှိသော "ပူးပေါင်းပါဝင်လာရန်" ဆိုသည့်စကားရပ်ကို "ပူးပေါင်းပါဝင်လာစေရန်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၉။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၁၃ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ဃ) ဥပဒေအကူအညီပေးရေးလုပ်ငန်း လုပ်ဆောင်လိုသော အဖွဲ့အစည်းများက ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် လျှောက်ထားလာပါက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ခွင့်ပြုခြင်း၊"

၂၀။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၁၆ ပုဒ်မခွဲ (ဂ) ပုဒ်မခွဲငယ် (၁)၊ (၂) နှင့် (၃) တို့ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(၁) ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဝင်ဖြစ်ပါက စုံစမ်းစစ်ဆေး၍ ခိုင်လုံသောအထောက်အထားတွေ့ရှိလျှင် ပြည်ထောင်စုတရားသူကြီးချုပ်က အဖွဲ့ဝင်အဖြစ်မှ ရပ်စဲရန် ဆုံးဖြတ်ခြင်း၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဝင်ဖြစ်ပါက စုံစမ်းစစ်ဆေး၍ ခိုင်လုံသောအထောက်အထားတွေ့ရှိလျှင် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က အဖွဲ့ဝင်အဖြစ်မှရပ်စဲရန် ဆုံးဖြတ်ခြင်း၊

(၃) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင် သို့မဟုတ် မြို့နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ဝင်ဖြစ်ပါက စုံစမ်းစစ်ဆေး၍ ခိုင်လုံသော အထောက်အထား တွေ့ရှိလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က အဖွဲ့ဝင်အဖြစ်မှရပ်စဲရန် ဆုံးဖြတ်ခြင်း၊"

၂၁။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၃၇ ပုဒ်မခွဲ (ဂ) တွင် ပါရှိသော "ဥပဒေဆိုင်ရာ အထောက်အကူပေးသူများအနေဖြင့်" ဆိုသည့်စကားရပ်ကို "ဥပဒေဆိုင်ရာ အထောက်အကူပေးသူများကို"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၂။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၄၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၈။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။"

---

# အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**မန္တလေး စက်တင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးတို့ ပူးပေါင်း၍ United Pacific Co., Ltd. Advanced Myanmar Star Co.,Ltd.၏ ပံ့ပိုးကူညီမှုဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ ကျောင်းများမှ ကျောင်းသားကျောင်းသူများအား အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်ပြီး ဂုဏ်ပြုစကားပြောကြားသည်။

ဝန်ကြီးချုပ်က "လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဌာနမှ ဝန်ထမ်းများက ကျောင်းသူကျောင်းသားများအတွက် ကြိုးပမ်းဆောင်ရွက်ပေးမှုအပေါ် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ကျေနပ်အားရမိပါကြောင်း၊ ကျန်ရှိသော ကျောင်းများအတွက်လည်း ဆက်လက်ဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံပါကြောင်း" ပြောကြားသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ ဝန်ကြီးများနှင့် ကူညီပံ့ပိုး အလှူရှင်များက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို သက်ဆိုင်ရာ ကျောင်းသားအချို့ထံသို့လည်းကောင်း၊ အောင်မြေသာစံမြို့နယ်အတွင်းရှိ ကျောင်းများမှ ကျောင်းသားကျောင်းသူ ၁၁၉၉ ဦး၊ ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၀၂၅ဦး၊ မဟာအောင်မြေမြို့နယ်အတွင်းရှိ ကျောင်းများမှ ကျောင်းသားကျောင်းသူ ၁၃၈၇ ဦး၊ ချမ်းမြသာစည်မြို့နယ်အတွင်းရှိ ကျောင်းများမှ ကျောင်းသားကျောင်းသူ ၁၄၄၄ဦး၊ ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၉၀၃ ဦး၊ အမရပူရမြို့နယ်အတွင်းရှိ ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၀၄၃ဦး၊ ပုသိမ်ကြီးမြို့နယ်အတွင်းရှိကျောင်းများမှ ကျောင်းသားကျောင်းသူ ၈၀၇ ဦးတို့အတွက် ပြုလုပ်ပြီးသော နိုင်ငံသားစိစစ်ရေးကတ်ပြားစုစုပေါင်း ၈၈၀၈ ကတ်ကို သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးများထံသို့ လည်းကောင်းအသီးသီး လွှဲပြောင်းပေးအပ်ခဲ့ကြပြီး တိုင်းဒေသကြီးပညာရေး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## စံပြရဲပြိုင်ပွဲတွင် စံပြဆုရရှိခဲ့သည့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုများ ချီးမြှင့်

**ရန်ကုန် စက်တင်ဘာ ၂၉**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ စံပြရဲပြိုင်ပွဲ၌ အဆင့်လိုက် စံပြဆုရရှိခဲ့သည့် တပ်ဖွဲ့ဝင်လေးဦးအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၇ ရက်က အမှတ် (၂) လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှတ် (၂) လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့မှူး ရဲမှူးချုပ်မြဝင်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး အဆင့်လိုက် စံပြရဲဆုရရှိသူ တပ်ဖွဲ့ဝင်လေးဦးအား ဆုငွေကျပ် ၃၀၀၀၀၀ စီနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

အခမ်းအနားသို့ ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီးအုန်းကျော်၊ လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့ခွဲမှူးများ၊ လုံခြုံရေးရဲ တပ်ဖွဲ့ခွဲမှူးများ၊ ဦးစီးအရာရှိများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**၁၁၈**

## တောင်သူပညာပေးဆွေးနွေးပွဲနှင့် မြေသြဇာကြဲပက်ပွဲ မိုးနဲမြို့၌ပြုလုပ်

**မိုးနဲ စက်တင်ဘာ ၂၉**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စီစဉ်ကြီးကြပ်မှုဖြင့် ရွှေရင်အေးမျိုးကောင်းမျိုးသန့် စံပြကွက်တွင် တောင်သူပညာပေးဆွေးနွေးခြင်းနှင့် မြေသြဇာကြဲပက်ပွဲကို နမ့်မော်ဆွမ့်ကျေးရွာအုပ်စု ကွင်းအမှတ် (၁၆) ဦးပိုင်အမှတ် ၉/၁ တောင်သူဦးတိယ၏ လယ်ကွင်း၌ စက်တင်ဘာ ၂၇ ရက် နံနက် ၈ နာရီကကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူးဦးငိုဘွယ်က မြေသြဇာအချိုးကျ သုံးစွဲရေးနှင့် ပိုးမွှားအန္တရာယ် ကင်းရှင်းစေရေးကို အသိပညာပေးဆွေးနွေးပြီး တောင်သူများ၏ ရွှေရင်အေး မျိုးကောင်းမျိုးသန့် စံပြစိုက်ကွက်အတွင်း မြေသြဇာကြဲပက်နေမှုအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှထွဋ်၊ လင်းခေးခရိုင်စိုက်ပျိုးရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဦးဟိုနှပ်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများနှင့် စပါးစိုက်တောင်သူ ၅၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။ **မျိုးညွန့်ရွှေ (မိုးနဲ)**

# မြေသိမ်းဆည်းခံရသည့် တောင်သူများ၏ ပိုင်ဆိုင်မှု အထောက်အထားများ ပြန်လည်စိစစ်ပေး

**ကျောက်မဲ စက်တင်ဘာ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းက အမှတ်(၁) စစ်ဆင်ရေးကွပ်ကဲမှုအောက်ရှိ အမှတ်(၂) စစ်မြေပြင်တပ်ခွဲမှ သိမ်းဆည်းထားသည့် မြေများနှင့်ပတ်သက်၍ ကျောက်မဲကြီးကျေးရွာအုပ်စုမှ တောင်သူ ၃၈ ဦးနှင့် တွေ့ဆုံ၍ မြေပိုင်ဆိုင်မှု အထောက်အထားများ စိစစ်ပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမြို့ဆောင်က တောင်သူများအား သိမ်းဆည်းခံ လယ်ယာမြေဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ တောင်သူများအနေဖြင့် လယ်ယာမြေပိုင်ဆိုင်မှု အထောက်အထားများ စာရွက်စာတမ်းများလိုအပ်ကြောင်း၊ လယ်ယာမြေအငြင်းပွားမှု ပြဿနာနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် ဆုံးဖြတ်ပိုင်ခွင့်မရှိကြောင်း၊ သက်ဆိုင်ရာ အထက်ဌာနအဆင့်ဆင့်သို့ စိစစ်တင်ပြရခြင်းသာဖြစ်ကြောင်း၊ယခုလယ်ယာမြေအငြင်းပွားမှုနှင့် ပတ်သက်၍ တင်ပြနိုင်ရန်အတွက် တောင်သူများအနေဖြင့် လယ်ယာမြေပိုင်ဆိုင်မှု အထောက်အထားများနှင့်အတူ စိစစ်၍ သက်ဆိုင်ရာသို့ တင်ပြသွားမည်ဖြစ်ကြောင်းနှင့် လိုအပ်သည့် စာရွက်စာတမ်း အထောက်အထား၊ အချက်အလက်များရှိထားရန်တို့ကို အသေးစိတ်ရှင်းလင်း ပြောကြားခဲ့သည်။

ယင်းနောက် ကျောက်မဲကြီးကျေးရွာအုပ်စု မန်ကန်ကျေးရွာမှ မြေသိမ်းဆည်းခံတောင်သူ ၃၈ ဦးအနက် ငါးဦး၏ မြေပိုင်ဆိုင်မှု အထောက်အထားများအား ပြန်လည်စိစစ်ပေးခဲ့ပြီး ကျန်တောင်သူများ၏ လယ်ယာမြေ ပိုင်ဆိုင်မှု အထောက်အထားများအား စက်တင်ဘာ ၂၇ နှင့် ၂၈ ရက်တို့တွင် ဆက်လက်စိစစ် ဆောင်ရွက်ပေးကြောင်း သိရသည်။

**ကျောက်မဲခရိုင်ပြန်/ဆက်**

## ကျောင်းသား၊ ကျောင်းသူများအား အမှိုက်စီမံခန့်ခွဲမှုနှင့်အမှိုက်စွန့်ပစ်မှုအမူအကျင့်ကောင်းများရရှိစေရေး ပညာပေးဟောပြော



**ရန်ကုန် စက်တင်ဘာ ၂၉**

ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်မှု လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး အစရှိသဖြင့် ဖွံ့ဖြိုးတိုးတက်မှုကို မိဘပြည်သူများ ခံစား စံစား ရမှာဖြစ်သည့်အတွက် ငယ်စဉ်ဘဝကျောင်းသား၊ ကျောင်းသူလေးများ အရွယ်မှစပြီး စည်းကမ်းပြည့်ဝသည့် လူရည်ချွန်မောင်မယ်များ ဖြစ်လာစေရန် ရည်ရွယ်ချက်ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနသည် အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်းကာ အမူအကျင့်ကောင်းများ လေ့ကျင့်ပျိုးထောင်ပြီးအသိပညာများဟောပြောပေးလျက်ရှိရာ စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီက မရမ်းကုန်းမြို့နယ် အထက ၁ သို့လာရောက်၍ အမှိုက်စီမံခန့်ခွဲမှုများအကြောင်းဆိုင်ရာ သိကောင်းစရာများကိုဟောပြောပေးခဲ့ကြသည်။

ယင်းနေ့ ပညာပေးဟောပြောပွဲတွင် ခေတ္တဒုတိယဌာနမှူး ဦးဇော်ဝင်းနိုင်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဒေါ်သန်းမြင့်အောင်က ကျောင်းသား၊ ကျောင်းသူများအား အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် လ/ထဌာနမှူး ဒေါက်တာအောင်မြင့်မော်က အမှိုက်ကြောင့်ရရှိသည့် ဆိုးကျိုးများဖြစ်သည့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှု၊ မြေ၊ ရေ၊ လေတို့ပျက်စီးမှုနှင့်အမှိုက်လျှော့ချရန်နည်းလမ်းများ၊ အမှိုက်စွန့်ပစ်မှုအမူအကျင့်ကောင်းများအား ဟောပြောခဲ့ကြသည်။

ဆက်လက်၍ လ/ထဌာနမှူး ဒေါက်တာခင်နှင်းအေးနှင့် ဌာနခွဲမှူး ဒေါ်သန်းသန်းဝင်း၊ ဌာနစုမှူး အင်ဂျင်နီယာ ဒေါက်တာမိုးမိုးတို့ဦးဆောင်ကာ ကျောင်းသား၊ ကျောင်းသူလေးများဖြင့် အမှိုက်စွန့်ပစ်မှု စနစ်တကျရှိစေရေး ယှဉ်ပြိုင်မှုအနေဖြင့် ဂိမ်းကစားကြကာ အနိုင်ရသူတို့အား ခေတ္တဒုတိယဌာနမှူးက အမှတ်တရလက်ဆောင်များချီးမြှင့်ပေးခဲ့သည်။

ယင်းနောက် မြောက်ပိုင်းခရိုင် ခရိုင်မှူးဦးသန်းထိုက်အောင်နှင့် မြို့နယ်သန့်ရှင်းရေးတာဝန်ခံဦးထွန်းလင်းဦးတို့က ဌာနကိုယ်စား အမှိုက်ပုံးကြီးနှစ်ပုံးနှင့် အမှိုက်အိတ် ၁၀၀၀၊ လက်ကမ်းစာစောင် ၁၁၅၀တို့အား ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ငြိမ်းဆင့်ကိုယ်စား တာဝန်ခံဆရာမတစ်ဦးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အဆိုပါ အမှိုက်စီမံခန့်ခွဲမှုများအကြောင်း ဟောပြောပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဒေါ်မိုးမိုးစုကြည်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဒေါ်သန်းမြင့်အောင်၊ ခေတ္တဒုတိယဌာနမှူးနှင့် ခရိုင်မှူး၊ ခရိုင်အရာရှိများ မရမ်းကုန်းမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးအေးသောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ဝင့်ဝါသိန်း၊ ဆရာ၊ ဆရာမ ၅၁ ဦးနှင့် ကျောင်းသား၊ ကျောင်းသူ ၁၀၅၅ ဦး တက်ရောက်ခဲ့ကြသည်။

**မောင်မောင်**

## ငြိမ်းချမ်းရေးတည်ဆောက်ခြင်း အမြင်ဖွင့်သင်တန်း သထုံတွင်ဖွင့်လှစ်၊ ကျန်မြို့နယ်များတွင်လည်း ဆက်လက်ဖွင့်လှစ်သွားမည်



**သထုံ စက်တင်ဘာ ၂၉**

မွန်ပြည်နယ် သထုံမြို့နယ် နောင်ကုလားဘုရားလေး ပရိယတ္တိစာသင်တိုက်ရှိ အလိမ္မာပျိုးခင်း စာကြည့်တိုက်၌ စက်တင်ဘာ ၂၇ ရက် နံနက်က ပြည်နယ်အရပ်ဖက် လူမှုအဖွဲ့အစည်း ကွန်ရက်က သထုံမြို့နယ်အတွင်းရှိ အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ အဖွဲ့ဝင်များအား ငြိမ်းချမ်းရေး တည်ဆောက်ခြင်း အမြင်ဖွင့်သင်တန်းကို လာရောက်ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

အရပ်ဖက်လူမှုအဖွဲ့အစည်းဝင်များအနေဖြင့် ငြိမ်းချမ်းရေးကိုသိရှိစေရန်၊ ငြိမ်းချမ်းရေးကို ထိခိုက်စေသောအကြောင်းတရားများကို သိရှိစေရန်၊ မိမိတို့ပါဝင်နိုင်မှုနည်းလမ်းကို သိမြင်လာစေရန်၊ ငြိမ်းချမ်းရေး မပျက်ပြားစေရန်နှင့် ကာကွယ်ဖြေရှင်းနိုင်စေရန် ရည်ရွယ်၍ သင်တန်းကို လာရောက်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း မွန်ပြည်နယ် အရပ်ဖက်လူမှုအဖွဲ့အစည်းကွန်ရက်မှ အစီအစဉ် ညှိနှိုင်းရေးမှူး ဦးမြင့်နွယ်က ပြောသည်။

"ငြိမ်းချမ်းရေးဆိုတာ ဘာလဲ၊ တည်ဆောက်ဖို့ ဘာတွေလိုအပ်လဲ၊ ကျွန်တော်တို့ နေထိုင်ရာ ဝန်းကျင်မှာ ငြိမ်းချမ်းရေးအခြေအနေ ဘယ်အထိရှိနေလဲ၊ ဒါတွေကို ကျွန်တော်တို့ အရပ်ဖက်လူမှုအဖွဲ့အစည်းဝင်တွေက သိထားဖို့ လိုပါတယ်။ ဒါမှသာ ငြိမ်းချမ်းရေး တည်ဆောက်မှုဖြစ်စဉ်တွေမှာ အရပ်ဖက်လူမှု အဖွဲ့အစည်းတွေအနေနဲ့ တစ်ခန်းတစ်ကဏ္ဍက ပါဝင်ပူးပေါင်းနိုင်မှာပါ" ဟု ၎င်းကပြောသည်။

အဆိုပါသင်တန်းတွင် မွန်ပြည်နယ် အရပ်ဖက် လူမှုအဖွဲ့အစည်းကွန်ရက်မှ တာဝန်ခံနည်းပြ ဒေါ်ခိုင်ခိုင်လဲ့မြင့်က သထုံမြို့နယ် အရပ်ဖက်လူမှုအဖွဲ့အစည်း ၁၇ ဖွဲ့မှ သင်တန်းသားသင်တန်းသူ ၃၈ ဦး တို့အား တစ်ရက်ကြာသင်ကြားဆွေးနွေးပေးခဲ့ပြီး ပြည်နယ်အရပ်ဖက်လူမှုအဖွဲ့အစည်း ကွန်ရက်အနေဖြင့် မွန်ပြည်နယ်အတွင်း သထုံမြို့အပါအဝင် မြို့နယ် ငါးခု၌ ယခုသင်တန်းကို ဖွင့်လှစ်ပြီးဖြစ်ကာ ကျန်မြို့နယ် ငါးခုတို့တွင်လည်း ဆက်လက်ဖွင့်လှစ်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## မူလတန်းကျောင်းသားများအား အာဟာရဖြစ် ကြက်ဥနှင့်နွားနို့တိုက်ကျွေး

**ရေဦး စက်တင်ဘာ ၂၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရေဦးမြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ စီမံချက်တစ်ခုဖြစ်သည့် အနာဂတ်မျိုးဆက်သစ်ကလေးသူငယ်များ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်သန်စွမ်းပြီး ဉာဏ်ရည်ဖွံ့ဖြိုးထက်မြက်လာစေရန်ရည်ရွယ်ချက်ဖြင့် စက်တင်ဘာ ၂၃ ရက် နံနက် ၁၀နာရီက အောင်ချမ်းသာရပ်ကွက် အ.မ.က (၁) အခြေခံမူလတန်းလွန်ကျောင်း၌ ကျောင်းသားများအား အာဟာရဖြစ်စေသည့် နွားနို့နှင့်ကြက်ဥအာဟာရ တိုက်ကျွေးခဲ့သည်။

နွားနို့အာဟာရတိုက်ကျွေးရာသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်နှင့်ဇနီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေသန်း၊ မြို့နယ်ပညာရေးမှူး ဦးပိုလ်ဆန်း၊ အ.မ.က ကျောင်းဆရာကြီး ဦးခင်မောင်လေး၊ ဆေးရုံအုပ် ဒေါက်တာစန်းငွေ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာခင်စန်းတင့်နှင့်ဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးနှင့်အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကာ ကျောင်းသား၊ ကျောင်းသူ ၂၂၁ ဦးတို့အား အဟာရဖြစ် ကြက်ဥတစ်လုံးစီနှင့် နွားနို့တို့ကို တိုက်ကျွေးခဲ့ကြသည်။

**သန်းထိုက်(ပြန်/ဆက်)**

အီတလီစီးရီးအေရင်ခုန်သံ-၇

# အိမ်ကွင်းမှာနိုင်ပွဲပြန်လည်ရှာဖွေမယ့် ရိုးမား

အီတလီစီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ် ၇ ကိုလာမယ့်အောက်တိုဘာလ ၁၊ ၂၊ ၃ ရက်မှာကျင်းပသွားဖို့ရှိပါတယ်။ ဒီပွဲစဉ်မှာတော့ ရိုးမားနဲ့ အင်တာမီလန်တို့ဆုံတွေ့တဲ့ပွဲစဉ်ပါဝင်နေတာကြောင့်စိတ်ဝင်စားဖို့ ကောင်းမွန်နေပါတယ်။ အထူးသဖြင့် အင်တာမီလန် အနေနဲ့နိုင်ပွဲပြန် လည်ရယူနိုင်ပါ့မလားဆိုတာစောင့်ကြည့်ရဖို့ရှိနေပါတယ်။

ရှိုင်းမင်းမင်း

### ထိပ်တန်းဂိုးသွင်းရှင်များ

| | |
|---|---|
| အစ်ကာဒီ( အင်တာမီလန်) | - ၆ ဂိုး |
| ကယ်လီဂျွန်(နာပိုလီ) | - ၅ ဂိုး |
| ဘာလော့တီ( တိုရီနို) | - ၅ ဂိုး |
| ဘက်ကာ(အေစီမီလန်) | - ၅ ဂိုး |
| မီလစ်ခ်(နာပိုလီ) | - ၄ ဂိုး |
| ကက်ဆီ( အတ္တလန်တာ) | - ၄ ဂိုး |



### အီတလီစီးရီးအသင်းများ ရပ်တည်မှု အမှတ်ပေးဇယား

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ဂျူဗင်တပ် | ၆ | ၅ | ၀ | ၁ | ၁၂ | ၄ | ၈ | ၁၅ |
| ၂ | နာပိုလီ | ၆ | ၄ | ၂ | ၀ | ၁၄ | ၅ | ၉ | ၁၄ |
| ၃ | အင်တာမီလန် | ၆ | ၃ | ၂ | ၁ | ၈ | ၆ | ၂ | ၁၁ |
| ၄ | ရိုးမား | ၆ | ၃ | ၁ | ၂ | ၁၄ | ၈ | ၆ | ၁၀ |
| ၅ | လာဇီယို | ၆ | ၃ | ၁ | ၂ | ၁၀ | ၇ | ၃ | ၁၀ |
| ၆ | အေစီမီလန် | ၆ | ၃ | ၁ | ၂ | ၈ | ၇ | ၁ | ၁၀ |
| ၇ | ချီယေဗို | ၆ | ၃ | ၁ | ၂ | ၇ | ၆ | ၁ | ၁၀ |
| ၈ | ဘိုလော့နာ | ၆ | ၃ | ၁ | ၂ | ၈ | ၁၀ | -၂ | ၁၀ |
| ၉ | ဆာစူအိုလို | ၆ | ၃ | ၀ | ၃ | ၆ | ၈ | -၂ | ၉ |
| ၁၀ | ဂျီနိုအာ | ၅ | ၂ | ၂ | ၁ | ၇ | ၅ | ၂ | ၈ |
| ၁၁ | ဖီအိုရင်တီးနား | ၅ | ၂ | ၂ | ၁ | ၅ | ၄ | ၁ | ၈ |
| ၁၂ | တိုရီနို | ၆ | ၂ | ၂ | ၂ | ၁၁ | ၇ | ၄ | ၈ |
| ၁၃ | ကယ်ဂလီယာရီ | ၆ | ၂ | ၁ | ၃ | ၉ | ၁၂ | -၃ | ၇ |
| ၁၄ | အူဒီးနီးစ် | ၆ | ၂ | ၁ | ၃ | ၆ | ၉ | -၃ | ၇ |
| ၁၅ | ပက်စ်ကာရာ | ၆ | ၁ | ၃ | ၂ | ၇ | ၈ | -၁ | ၆ |
| ၁၆ | အတ္တလန်တာ | ၆ | ၂ | ၀ | ၄ | ၉ | ၁၂ | -၃ | ၆ |
| ၁၇ | ဆမ်ဒိုးရီးယား | ၆ | ၂ | ၀ | ၄ | ၆ | ၉ | -၃ | ၆ |
| ၁၈ | ပါလာမို | ၆ | ၁ | ၂ | ၃ | ၃ | ၇ | -၄ | ၅ |
| ၁၉ | အမ်ပိုလီ | ၆ | ၁ | ၁ | ၄ | ၂ | ၈ | -၆ | ၄ |
| ၂၀ | ခရိုတိုနီ | ၆ | ၀ | ၁ | ၅ | ၄ | ၁၄ | -၁၀ | ၁ |

### ပက်စ်ကာရာ - ချီယေဗို

ည ၁၀း၃၀ (၁-၁၀-၁၆)

ဂျီနိုအာကိုသရေကစားနိုင်ခဲ့ပေမယ့် ပက်စ်ကာရာခြေစွမ်းက သာမန်သာရှိပါတယ်။ ကစားပြီးသမျှ ခြောက်ပွဲမှာတစ်ပွဲသာအနိုင်ရခဲ့ပါတယ်။ ဒီပွဲမှာတော့ ပက်စ်ကာရာအနေနဲ့အိမ်ကွင်းပွဲစဉ်ဖြစ်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့အားစိုက်ကစားလာမှာသေချာနေပါတယ်။ နာပိုလီကို ရှုံးနိမ့်ခဲ့ရတဲ့ ချီယေဗိုကလည်းနိုင်ပွဲရယူနိုင်ဖို့အားစိုက်လာမှာဖြစ်ပြီး ခြေစွမ်းပိုင်းအရလည်း ပက်စ်ကာရာထက်ပိုမိုကောင်းမွန်နေပါတယ်။ ပက်စ်ကာရာအမြင့်ဆုံးသရေလောက်ပဲရမယ်။

### အမ်ပိုလီ - ဂျူဗင်တပ်

ညနေ ၅း၀၀ (၂-၁၀-၁၆)

အမ်ပိုလီအသင်းက နောက်ဆုံးအိမ်ကွင်းမှာ အင်တာမီလန်ကို အကောင်းဆုံးရင် ဆိုင်နိုင်ခဲ့ပေမယ့် တိုက်စစ်ပိုင်း အားနည်းမှုကြောင့် နောက်ပိုင်းပွဲတွေမှာရလဒ်ကောင်းရဖို့ ရုန်းကန်နေရတယ်။ ဂျူဗင်တပ် အသင်းရဲ့ တိုက်စစ်ကလည်းနောက်ပိုင်းအဝေးကွင်းပွဲတွေမှာ အနည်းငယ်အားနည်းနေတယ်။ ချန်ပီယံလိဂ်ပွဲကြောင့် ပွဲပန်းလာမယ့် အတွက်ကြောင့်လည်းဂျူဗင်တပ်တို့ပိုမိုအခက်တွေ့နိုင်ပါတယ်။ ဂျူဗင်တပ်ဂိုးပြတ်နိုင်ဖို့ခက်တယ်။

### ဘိုလော့နာ - ဂျီနိုအာ

ည ၇း၃၀ (၂-၁၀-၁၆)

ဘိုလော့နာအသင်းဟာ အိမ်ကွင်းပွဲ သုံးပွဲစလုံးအနိုင်ရတဲ့အထိ အိမ်ကွင်းကစား အားကောင်းမွန်နေပြီးနောက်ဆုံးပွဲစဉ်မှာလည်း အင်တာကိုသရေကစားနိုင်ခဲ့တယ်။ တိုက်စစ်က လည်း ဂိုးသွင်းခြေရနေတယ်။ ဒါ့အပြင် အိမ်ကွင်း ပွဲတွေမှာ ခံစစ်ကလည်းတစ်ဂိုးသာပေးထားရတယ်။ ဂျီနိုအာရဲ့အဝေးကွင်းခြေကတော့တည်ငြိမ်မှု အားနည်းနေပြီး နောက်ဆုံးအဝေးကွင်းပွဲမှာ ဆာစူအိုလိုကို အရေးနိမ့်ခဲ့ရတယ်။ အိမ်ရှင်ဘိုလော့နာပဲနှစ်ဂိုးအသာနဲ့ အနိုင်ရသွားနိုင်တယ်။

### ဆမ်ဒိုးရီးယား - ပါလာမို

ည ၇း၃၀ (၂-၁၀-၁၆)

ဂျူဗင်တပ်ကိုရှုံးနိမ့်ခဲ့ရတဲ့ပွဲမှာ ပါလာမိုခြေစွမ်းပိုင်းကကောင်းမွန်မှုရှိခဲ့တာ တွေ့ရပါတယ်။ အထူးသဖြင့် ခံစစ်ပိုင်းကကောင်းမွန်ခဲ့ပါတယ်။ ဒီပွဲမှာလည်းရလဒ်ကောင်းမွန်ဖို့အားစိုက်လာမှာသေချာနေပါတယ်။ ဒါပေမယ့်လည်း ဆမ်ဒိုးရီးယားကလည်းအိမ်ကွင်းအားနဲ့ ထိန်းချုပ်ကစားလာဖို့ရှိနေပါတယ်။ ဒါကြောင့်လည်း ပါလာမိုတို့အခက်တွေ့နိုင်ပါတယ်။ ပါလာမိုတို့အနိုင်ရဖို့အားစိုက်လာမှာဖြစ်ပေမယ့် အမြင့်ဆုံးသရေလောက်ပဲကစားနိုင်မယ်။

### တိုရီနို - ဖီအိုရင်တီးနား

ည ၁၁း၃၀ (၂-၁၀-၁၆)

ရိုမာကိုအနိုင်ကစားခဲ့တဲ့တိုရီနိုရဲ့ခြေစွမ်းကကောင်းမွန်မှုရှိခဲ့ပါတယ်။ တိုက်စစ်ပိုင်းကလည်းဂိုးသွင်းခြေကောင်းမွန်ခဲ့ပါတယ်။ ဖီအိုရင်တီနာကတော့ခြေစွမ်းပိုင်းအရကောင်းမွန်မှု ရှိတာမှန်ပေမယ့်လည်း ယူရိုပါလိဂ် ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ဒါ့အပြင် တိုရီနိုရဲ့အိမ်ကွင်းလည်းဖြစ်နေတာကြောင့် ဖီအိုရင်တီးနားတို့ မထင်မှတ်ဘဲအခက်တွေ့နိုင်ပါတယ်။ ဖီအိုရင်တီးနားအနိုင်ရမယ်ဆိုရင် တောင်မှ ဂိုးပြတ်ဖို့ခက်ပါတယ်။

### အူဒီးနီးစ် - လာဇီယို

နံနက် ၁း၁၅ (၂-၁၀-၁၆)

အမ်ပိုလီကို အနိုင်ကစားနိုင်ခဲ့တဲ့ လာဇီယိုရဲ့ခြေစွမ်းပိုင်းကမ ဆိုးပါဘူး။ ဒါပေမယ့်လည်း လာဇီယိုက အဝေးကွင်းပွဲတွေမှာခြေစွမ်းပိုင်းပိုမိုအားနည်းတတ်ပါတယ်။ အူဒီးနီးစ်ကတော့ အိမ်ကွင်းအားနဲ့ ဖိအားပေးကစားလာမှာဖြစ်ပါတယ်။ သုံးပွဲဆက်ရှုံးနိမ့်ခဲ့တဲ့ အူဒီးနီးစ် ခြေစွမ်းပိုင်းအားနည်းပေမယ့်လည်း အိမ်ကွင်းအားရှိနေတာကြောင့် လာဇီယိုတို့အခက်တွေ့နိုင်ပါတယ်။ လာဇီယိုအနိုင်ရနိုင်ပေမယ့်ဂိုးပြတ်ဖို့တော့ခက်ပါတယ်။

### အတ္တလန်တာ - နာပိုလီ

ည ၇း၃၀ (၂-၁၀-၁၆)

အတ္တလန်တာအသင်းဟာနောက်ဆုံးအိမ်ကွင်းမှာပါလာမိုကိုတောင် ခက်ခက်ခဲခဲရင်ဆိုင်ခဲ့ရပြီး တိုက်စစ်ကလည်း အားနည်းမှုရှိနေတာမို့ နာပိုလီကိုဖိအားပေးနိုင်ဖို့ခက်တယ်။ ချီယေဗိုကိုနိုင်ခဲ့တဲ့ နာပိုလီက ဒီပွဲမတိုင်ခင် ဘင်ဖီကာနဲ့ ချန်ပီယံလိဂ်ပွဲကစားခဲ့ရတာကိုတော့သတိပြုရမယ်။ ဒါပေမယ့် နာပိုလီဟာအသင်းလိုက်ခြေစွမ်းပိုင်း ကောင်းမွန်မှုရှိနေလို့အတ္တလန်တာကိုဖိအားပေးနိုင်မှာပါ။ နာပိုလီအသင်း အနိုင်ရနိုင်ပေမယ့် ဂိုးပြတ်ဖို့တော့ခက်တယ်။

### ကယ်ဂလီယာရီ - ခရိုတိုနီ

ည ၇း၃၀ (၂-၁၀-၁၆)

တန်းတက်ကယ်ဂလီယာရီရဲ့ခြေစွမ်းပိုင်းကသာမန်သာရှိတာ တွေ့ရပါတယ်။ အိမ်ကွင်းဖြစ်တာကြောင့်လည်းနိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ တန်းတက်နောက်တစ်သင်းဖြစ်တဲ့ ခရိုတိုနီကတော့ ခြေစွမ်းပိုင်းအရအားနည်းမှုတွေများနေကာ တိုက်စစ်ပိုင်းက အဆုံးသတ်အားနည်းလွန်းနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ကယ်ဂလီယာရီ ကပ်နိုင်ခြေရှိတယ်။

### အေစီမီလန် - ဆာစူအိုလို

ည ၁၀း၃၀ (၂-၁၀-၁၆)

အေစီမီလန်ခြေစွမ်းပိုင်းကအခု နောက်ပိုင်းကောင်းမွန်မှုရှိလာတယ်လို့ဆိုနိုင်ပါတယ်။ အထူးသဖြင့် အိမ်ကွင်း ပွဲစဉ်ဖြစ်တာကြောင့် အေစီ မီလန်တို့နိုင်ပွဲရယူနိုင်ဖို့အားစိုက်လာမှာသေချာနေပါတယ်။ ဒါပေမယ့် ဆာစူအိုလိုကလည်းခြေ စွမ်းပိုင်းကမဆိုးတာကို တွေ့ရပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ နိုင်ပွဲရယူနိုင်ခဲ့သလို ခံစစ်ပိုင်းကလည်း ကစားပုံမဆိုးပါဘူး။

### ရိုးမား - အင်တာမီလန်

နံနက် ၁း၁၅ (၃-၁၀-၁၆)

နှစ်သင်းစလုံးပွဲစဉ် ၆ မှာအနိုင် မရခဲ့ပါဘူး။ ရိုးမားကတိုရီနိုကို အရေးနိမ့်ခဲ့ရကာအင်တာမီလန်ကလည်းဘိုလော့နာကို သရေသာ ကစားနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ယူရိုပါလိဂ်ကစားခဲ့ရလို့ ပွဲပန်းနိုင်ပေမယ့်လည်း နှစ်သင်းစလုံးနိုင် ပွဲရယူနိုင်ဖို့အားစိုက်လာမှာသေချာ နေပါတယ်။ လက်ရှိခြေစွမ်းပိုင်းအရတော့ ရိုးမား က အားသာနေကာ အိမ်ကွင်းလည်းဖြစ်နေပါတယ်။

## တော့တီကို ပွဲထွက်ကစားခွင့်မပေးသည့်အတွက် စပယ်လက်တီ ဝေဖန်ခံရ

အသက်(၄၀)ပြည့်မြောက်ခဲ့ပြီဖြစ်သည့် ရိုးမားအသင်းခေါင်းဆောင် ဖရန်ဆက်စကိုတော့တီအား ပွဲထွက်လူစာရင်းမှ ချန်လှပ်ပြီး အရန်ကစားသမားအဖြစ်သာ အသုံးပြုနေသည့် ရိုးမားနည်းပြ စပယ်လက်တီမှာ "သေးသိမ်သည့် အမျိုးသားတစ်ဦး"သာဖြစ်သည်ဟု တော့တီ၏ ဇနီးဖြစ်သူ ဖလက်စီက ဝေဖန်ခဲ့သည်။ တော့တီမှာ ရိုးမားအသင်းကို စပယ်လက်တီရောက်ရှိလာသည့် ပြီးခဲ့သည့် ဖေဖော်ဝါရီလမှစတင်ကာ ပွဲထွက်ခွင့် လုံးဝပျောက်ဆုံးသွားခြင်းဖြစ်သည်။ အင်တာဗျူးတစ်ခုတွင် တော့တီက သူ၏ရိုးမားအသင်းတွင် ကာလကြာရှည် ပေးဆပ်ခဲ့သည့်ဂုဏ်သိက္ခာအတွက် စပယ်လက်တီဘက်မှ ယခုထက်ပို၍ လေးစားမှုရှိရန်နှင့် ကစားချိန်ပိုမိုပေးရန် လိုလားကြောင်း ပြောကြားခဲ့သည်။

သို့သော် စပယ်လက်တီက ပြီးခဲ့သည့် ရက်သတ္တပတ်ကပင် တော့တီနှင့် ပတ်သက်၍ သူ၏ သဘောထားကို ပြင်ဆင်ရန်မရှိသလို ယခင်က ကဲ့သို့ပင် အရန်ကစားသမားအဖြစ်ဆက်လက် အသုံးပြုဦးမည်ဖြစ်ကြောင်း ပြောကြားခဲ့ရာ ယင်းကိစ္စရပ်အတွက် ရိုးမားအမာခံပရိသတ်များနှင့် တော့တီ၏ မိသားစုများမှ ဒေါသထွက်နေခြင်းဖြစ်သည်။

"ကျွန်မ ဘောလုံးအကြောင်း သိပ်နားမလည်တော့ မဝေဖန်တတ်ဘူး။ ဒါပေမယ့် လူသားဆိုတဲ့ ကိစ္စရပ်နဲ့ ပတ်သက်ပြီး ကျွန်မဝေဖန်ခွင့်ရှိတယ်။ စပယ်လက်တီဟာ သိမ်နုပ်တဲ့လူလိုပဲ ပြုမူနေတယ်။ ဖရန်ဆက်စကို (တော့တီ)က သူ့ကို အခုထက်ပိုပြီးလေးစားဖို့သာ တောင်းဆိုခဲ့တာပါ။ ဒါမှန်တယ်လေ" ဟု တော့တီဇနီးဖြစ်သူ ဖလက်စီက လာဂါဇီတာနှင့် အင်တာဗျူးတွင် စပယ်လက်တီနှင့် ပတ်သက်၍ ဝေဖန်ပြောကြားခဲ့ခြင်းဖြစ်သည်။ တော့တီသည် ရိုးမားက တိုရီနိုအား အရေးနိမ့်ခဲ့သည့် ပွဲစဉ်တွင် ရိုးမားအတွက် ပင်နယ်တီမှ တစ်ဆင့်သွင်းဂိုး တစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီးနောက် စီးရီးအေသွင်းဂိုး(၂၅၀) ပြည့်မြောက်ခဲ့သည့် ကစားသမားလည်းဖြစ်လာခဲ့သည်။

**(မေလဲ့သင်း)**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့် စပ်ဆိုင်သောဆောင်းပါးများကို အပတ်စဉ် (သောကြာနေ့)တိုင်း ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူအာဘော်သာ ဖြစ်ပါသည်။*
*(စာတည်းအဖွဲ့)*

# အဂတိကင်းသည့် ငြိမ်းချမ်းသာယာသော လူ့ဘောင်လောကသို့

## (မောင်စာဂ)

အဂတိလိုက်စားမှုသည် မကောင်းသော အကျင့်စာရိတ္တပျက်ပြားမှု တစ်ရပ်ပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ သို့မဟုတ် လူ့ဘောင်အဖွဲ့အစည်းတစ်ခုတွင် အဂတိလိုက်စားမှု များပြားနေလျှင် ထိုနိုင်ငံ သို့မဟုတ် ထိုလူ့ဘောင်အဖွဲ့အစည်းသည် မည်သည့်အခါမျှ တိုးတက်မှုဖြစ်ပေါ်လာနိုင်မည်မဟုတ်ပေ။ တရားဥပဒေစိုးမိုးမှု ပျက်ပြားပြီး ထိုနိုင်ငံ သို့မဟုတ် ထိုလူ့ဘောင်အဖွဲ့အစည်း၏ တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးတို့ကို ထိခိုက်နေပေလိမ့်မည်။ ထို့ကြောင့် အဂတိလိုက်စားမှု ပပျောက်အောင် ဥပဒေများပြဋ္ဌာန်းပြီး အရေးယူဆောင်ရွက်မှုများ ပြုကြရသည်။

မြန်မာနိုင်ငံတွင် ၁၉၄၈ ခုနှစ်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးအက်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် ထိုဥပဒေကို ရုပ်သိမ်းပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၃/ ၂၀၁၃ ဖြင့် ပြဋ္ဌာန်းခဲ့သည်။

**အဂတိလိုက်စားမှုဆိုသည်မှာ**

အဂတိလိုက်စားမှု၏ အဓိပ္ပာယ်ကို ရှင်းလင်းလွယ်ကူအောင်ပြောရမည်ဆိုလျှင် လုပ်ပိုင်ခွင့်အာဏာရှိသူ ဖြစ်ရမည်။ ထိုသူက သူ၏ရာထူးတာဝန်ကို အလွဲသုံးစားပြုပြီး တစ်စုံတစ်ယောက်ဖြစ်စေချင်သည့်ကိစ္စ သို့မဟုတ် မဖြစ်စေချင်သည့်ကိစ္စကို ဥပဒေနှင့်ညီသည်ဖြစ်စေ၊ မညီသည်ဖြစ်စေ တံစိုးလက်ဆောင်ရယူပြီးပြုလုပ်ပေးခြင်းပင်ဖြစ်သည်။ တံစိုးလက်ဆောင်ရယူခြင်းဆိုရာတွင် မိမိအတွက် ရယူခြင်း၊ အခြားသူအတွက် ရယူခြင်း၊ အဖွဲ့အစည်းအတွက် ရယူခြင်းတို့ ပါဝင်ပေသည်။

**တံစိုးလက်ဆောင်ဆိုသည်မှာ**

အဂတိလိုက်စားမှုဟူသော အဓိပ္ပာယ်တွင် တံစိုးလက်ဆောင်ရယူခြင်းဖြစ်၍ တံစိုးလက်ဆောင်ဆိုသည်မှာ ဘာလဲဆိုသည်ကိုလည်း သိဖို့လိုသည်။ တံစိုးလက်ဆောင်ဆိုရာတွင် ငွေကြေးအပြင် ထိုက်သင့်သည့်တန်ဖိုးမပေးဘဲ လက်ခံခြင်းပြုသည့်ပစ္စည်း၊ လက်ဆောင်၊ ဝန်ဆောင်ခ၊ ဧည့်ခံပြုစုခြင်းနှင့် တရားမဝင်သော အကျိုးခံစားခွင့်များလည်း ပါဝင်ပေသည်။

**အဂတိလိုက်စားမှုမြောက်ခြင်း**

လုပ်ပိုင်ခွင့်အာဏာရှိသူတစ်ဦးသည် ဖော်ပြပါ တံစိုးလက်ဆောင် တစ်စုံတစ်ရာကို ရယူ၍ ပြုမူဆောင်ရွက်ခြင်းအားဖြင့် အဂတိလိုက်စားမှု မြောက်ပေသည်။

**လာဘ်နှင့်တံစိုး မတူပါ**

ဤနေရာတွင် ရှေးမြန်မာမင်းများလက်ထက် မင်းမှုထမ်းများ အဂတိလိုက်စားမှုကာကွယ်ရေး မည်သို့ရှိသည်ကို ပြောပြလိုသည်။

ခုံတော်များ၏ အဓိကလုပ်ငန်းမှာ အရာထမ်း၊ အမှုထမ်းများ၏ ကိုယ်ကျင့်တရား ပျက်ယွင်းမှုများကို စုံစမ်းထောက်လှမ်းပြီးလျှင် ရွှေလွှတ်တော်သို့ အစီရင်ခံခြင်း ပြုရလေသည်။ မြန်မာတို့၏ အုပ်ချုပ်ရေးတွင် တံစိုးစားမှု၊ အဂတိလိုက်စားမှုတို့ နည်းပါးလှသည်ဖြစ်ရာ ဤသို့ဖြစ်ရခြင်းမှာ အောက်ပါအကြောင်းသုံးပါးတို့ကြောင့်ပင် ဖြစ်ပေသည်-

(၁) မြန်မာလူမျိုးတို့သည် ပစ္စည်းဥစ္စာထက် ကိုယ်ကျင့်တရားအပေါ်တွင် တန်ဖိုးထားခြင်း၊
(၂) မင်းမှုထမ်းတို့သည် မြေယာအပိုင်စားရခြင်း၊ ဆုတော်လာဘ်တော်စသည်တို့ခံယူရရှိခြင်းတို့ဖြင့် စားရေးနေရေး ကုံလုံကြွယ်ဝခြင်း၊
(၃) ဘုရင့်အမှုတော်ထမ်းခြင်းမှာ မိမိတိုင်းပြည်နှင့်လူမျိုး တိုးတက်ရာ တိုးတက်ကြောင်း သယ်ပိုးရွက်ဆောင်ခြင်းဖြစ်သည်ဟု သိနားလည်ခြင်း။

မင်းမှုထမ်းများ၏ ကိုယ်ကျင့်တရားပျက်ကွက်မှု တွေ့ရှိရလျှင်လည်း ရွှေလွှတ်တော်မှ ထိထိရောက်ရောက် အရေးယူလေ့ရှိလေသည်။ မြန်မာလူမျိုးများအနေဖြင့်လည်း ဤကဲ့သို့သော မကောင်းမှုမျိုးများကို လက်ခံအားပေးလေ့မရှိကြပေ။ လူတိုင်းလူတိုင်းလိုလိုပင် လာဘ်နှင့်တံစိုးအကြောင်းကို သိမြင်နားလည်ပေသည်။ လာဘ် သို့မဟုတ် လာဘဟူသည်မှာ သဘာဝအလျောက် တရားသဖြင့် ရရှိခြင်းဖြစ်၍ လက်ခံနိုင်ဖွယ်ရှိသော်လည်း တံစိုးမှာမူ မတရားသဖြင့် ရယူခြင်းဖြစ်၍ လက်မခံနိုင်ပေ။ အရာရှိ အရာခံများတွင် တံစိုးလက်ဆောင်စားခြင်းဖြင့် ဖျင်းစွဲခြင်း၊ ရေဖျင်းစွဲခြင်း ရောဂါများ ကပ်ရောက်တတ်သည်ဟု အဆိုရှိပေသည်။ ဤအကြောင်းနှင့် ပတ်သက်၍ မြတ်စွာဘုရားသခင်သည် ဘိက္ခုဝိဘင်းပါဠိတော်နှင့် လက္ခဏာသံယုတ်ပါဠိတော်တို့တွင် ဟောကြားတော်မူခဲ့ပေသည်။ (ဦးဘဦး စီရင်ရေးသားသော မြန်မာအုပ်ချုပ်ရေးပညာစာအုပ် အခန်း ၁၀)။

**မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှုအခြေအနေ**

ယနေ့မြန်မာနိုင်ငံသည် အဂတိလိုက်စားမှု အများဆုံးနိုင်ငံများစာရင်းတွင် ပါဝင်နေသည်ဟု အဆိုရှိသည်။ ဤသည်ကို အများစုလက်ခံထားကြသည်။ ထို့ကြောင့်ပင် အဂတိလိုက်စားမှုများကိုပပျောက်အောင် ဆောင်းပါးများ မကြာခဏဆိုသလို ရေးနေကြသည်။ လွှတ်တော်များတွင်လည်း အဆိုများ တင်သွင်း၍ ပြောဆိုဆွေးနွေးနေကြရသည်။ ပြည်သူများကြားတွင်လည်း ပြောနေ၊ ဟောနေကြသည်။ အဂတိလိုက်စားမှုများ ပပျောက်သွားသလားဆိုတော့ မပပျောက်၊ လျော့နည်းသွားသလားဆိုတော့ လျော့နည်းသွားခြင်းမရှိ။ ဆိုးရွားသော အဂတိလိုက်စားမှုအကျင့်ဆိုးကြီးက ပြန်၍ပင် အံကိုခဲလျက် အမောက်ထောင်ပြနေဆဲပင်ဟုဆိုလျှင် လွန်အံ့မထင်။

အဂတိလိုက်စားနေတုန်းပါပဲဟုဆိုလိုက်လျှင် ပေးထားသည့် လစာက မလောက်မငဖြစ်နေတာကိုးဟူ၍ အဂတိလိုက်စားသူများဘက်မှ သာသာထိုးထိုးနှင့်အကာအကွယ်ပေးကာ ပြောသံဆိုသံများကြားနေရသည်။ တကယ်တော့ ထိုသို့အဂတိလိုက်စားနေသည်ဟု စွပ်စွဲခံရသူမှာကား ကိုယ်ပိုင်တိုက်များ၊ ကားများနှင့် ပေါ်ပေါ်ထင်ထင်တွေ့နေ မြင်နေရသည်။

ဝန်ထမ်းတွေကို လစာလုံလုံလောက်လောက်ပေးမထားလို့ အဂတိလိုက်စားမှု တွေ ကြီးထွားနေရသည်ဆိုသည့် သုံးသပ်ပြောဆိုချက်များသည် လုံးဝလက်ခံနိုင်စရာ အကြောင်းမရှိပါ။ ထိုသို့ သုံးသပ်ပြောဆိုမှုများသည် ဝန်ထမ်းများကို အဂတိ လိုက်စားဖို့ အားပေးနေရာရောက်ပေသည်။ အဘယ့်ကြောင့်ပါနည်း။ ဝန်ထမ်း အဖွဲ့အစည်းများအားလုံး အဂတိလိုက်စားမှုပြုသည့် အခြေအနေရှိပါ၏လော။ အခြေအနေပေးသည့်ဌာန၊ အဖွဲ့အစည်းများမှ ဝန်ထမ်းများသည်လည်း အဂတိလိုက်စားမှုပြုကြပါ၏လော။ စောကြောကြည့်သင့်သည်။

> **အဂတိလိုက်စားမှုဟူသော အဓိပ္ပာယ်တွင် တံစိုးလက်ဆောင်ရယူခြင်းဖြစ်၍ တံစိုးလက်ဆောင်ဆိုသည်မှာ ဘာလဲဆိုသည်ကိုလည်း သိဖို့လိုသည်။ တံစိုးလက်ဆောင်ဆိုရာတွင် ငွေကြေးအပြင် ထိုက်သင့်သည့် တန်ဖိုးမပေးဘဲ လက်ခံခြင်းပြုသည့် ပစ္စည်း၊ လက်ဆောင်၊ ဝန်ဆောင်ခ၊ ဧည့်ခံပြုစုခြင်းနှင့် တရားမဝင်သော အကျိုးခံစားခွင့်များလည်း ပါဝင်ပေသည်။**

ပုဂ္ဂလိက အကျိုးစီးပွား၊ အခွင့်အရေးနှင့် ယှဉ်သည့်လုပ်ပိုင်ခွင့်ရှိသော ဌာန၊ အဖွဲ့အစည်းများတွင် အပြန်အလှန် ကျေးဇူးပြုမှုကအစပြု၍ အပေးအယူများ၊ ကိုယ်ကျိုးရှာမသမာမှုများ၊ အဂတိလိုက်စားမှုများ ပေါ်ပေါက်လာခြင်းဖြစ်သည်။ အာဏာနှင့်ငွေသည် အဂတိလိုက်စားမှု၏ အကြောင်းရင်းခံပင်ဖြစ်သည်။ အာဏာ(လုပ်ပိုင်ခွင့်)ကို အလွဲသုံးစားပြုခြင်းနှင့် ငွေကြေးခနဉစ္စာတို့ကို လိုချင်တပ်မက်ခြင်းသည် အဂတိလိုက်စားမှုကို ဖြစ်စေသည်။

**ဝန်ထမ်းအားလုံး အဂတိလိုက်စားနေကြသည်လား**

အဂတိလိုက်စားမှုပြုရန် အခြေအနေပေးသည့်ဌာနအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းအားလုံးသည်လည်း အဂတိလိုက်စားမှု ပြုလုပ်နေကြသူများမဟုတ်ပါ။ အချို့သောဝန်ထမ်းများသည် အဂတိလိုက်စားမှု ပြုလုပ်ခွင့်ကြုံကြိုက်သော်လည်း အဂတိလိုက်စားမှုနှင့် ကင်းကင်းရှင်းရှင်း တာဝန်ထမ်းဆောင်နေကြသည်။ အဂတိလိုက်စားမှု အခြေအနေပေးသော ဌာန၊ အဖွဲ့အစည်းဖြစ်သော်လည်း အချို့သောဝန်ထမ်းများသည် အဂတိလိုက်စားမှုပြုလုပ်ရန် အခြေအနေမပေးသည့် ဒေသနေရာများတွင် တစ်လျှောက်လုံး တာဝန်ထမ်းဆောင်ကြရသဖြင့် အဂတိလိုက်စားမှု ကင်းကင်းရှင်းရှင်းနှင့် အငြိမ်းစားယူသွားကြရသည့် ဝန်ထမ်းများလည်း မနည်းလှပေ။

ခင်ပွန်းဖြစ်သူက ဝန်ထမ်းဖြစ်လျှင် ဇနီးဖြစ်သူက ဈေးဆိုင်ကလေးဖွင့်လှစ်၍ ဝင်ငွေရှာ၊ ဇနီးဖြစ်သူက ဝန်ထမ်းဖြစ်လျှင် ခင်ပွန်းဖြစ်သူက သူစွမ်းနိုင်သည့် ပညာဖြင့် ဝင်ငွေရှာ၊ ဤသို့ပင် အဂတိလိုက်စားမှု ကင်းရှင်းစွာနှင့် သမာအာဇီဝကျကျ လုပ်ကိုင်စားသောက်၍ အသက်မွေးဝမ်းကျောင်းပြုသည့် ဝန်ထမ်းကောင်းများလည်း များပြားလှပေသည်။

ဆိုလိုချင်သည့်အဓိကအချက်မှာ အဂတိလိုက်စားမှု များပြားနေရခြင်းသည် ဝန်ထမ်းများ လစာလုံလုံလောက်လောက်မရ၍ဟူသော အကြောင်းပြချက်သည် လက်ခံနိုင်စရာမရှိသည်ကို သိစေလိုသည်။ ဘာကြောင့် အဂတိလိုက်စားမှုများ များလာနေရသလဲ။ တကယ်တော့ အဂတိလိုက်စားမှုများက သမားရိုးကျ၊ လုပ်ရိုးလုပ်စဉ်များလိုဖြစ်နေသည်။ ပေးသူရော၊ ယူသူရော ရှက်စရာ၊ ကြောက်စရာဟုမထင်ကြတော့။ အသိတွေ၊ အမြင်တွေ လွဲချော်နေကြပေသည်။

**အဂတိလိုက်စားမှုအပေါ် ပျော်နေကြပါသလား**

အဂတိလိုက်စားမှုသည် ကောင်းသလား၊ မကောင်းဘူးလား မေးလျှင် မကောင်းပါဟူ၍ တစ်သံတည်းဖြေကြပါလိမ့်မည်။ အဂတိလိုက်စားသူသည် အကျင့်သီလကောင်းသူလား၊ အကျင့်သီလ မကောင်းသူလားမေးလျှင် အကျင့်သီလ မကောင်းသူ၊ အကျင့်သီလပျက်သူဟု တညီတညွတ်တည်း ဖြေကြပေလိမ့်မည်။ သို့သော် ခက်နေသည်က အဂတိလိုက်စားမှု ပြုလုပ်နေသူသည် မိမိကိုယ်ကို အကျင့်သီလပျက်နေသူ၊ အကျင့်သီလမကောင်းသူဟူ၍ မသိနိုင်၊ မမြင်နိုင်ဘဲ ဖြစ်နေကြခြင်းဖြစ်သည်။ ထိုသို့ မသိနိုင်၊ မမြင်နိုင်ကြသည့်အပြင် မိမိကိုယ်မိမိ သိပ်တော်၊ သိပ်တတ်၊ သိပ်ပြီး ဘုန်းကံကြီးနေပါလားလို့ မှတ်ယူနေတတ်ကြသည်။ ဟောမြေတစ်ကွက်၊ ဟောကားတစ်စီး၊ ဟိုတိုက်တစ်လုံး၊ ဒီတိုက်တစ်လုံး စသည် စသည် ဘွားခနဲ ဘွားခနဲ ပေါ်လာပြီး အဂတိလိုက်စားမှုဝန်းကျင်ကြီးထဲတွင် မိန်းမောယစ်မူးကာ အပျော်ကြီး ပျော်နေတတ်ကြပေသည်။

**အဂတိလိုက်စားမှု နည်းလမ်းသစ်များ**

အဂတိလိုက်စားမှုကို သမားရိုးကျ ပြုလုပ်သည်ထက် ကျော်လွန်ပြီး လုပ်နည်းလုပ်ဟန်အသစ်များ ပေါ်လာနေသည်ဟုလည်း ဆိုကြသည်။ သမိုင်းဆရာကြီး ဒေါက်တာသန်းထွန်းက “ဆရာကန်တော့ခြင်းသည် လာဘ်ပေးလာဘ်ယူပုံစံတစ်ခုဖြစ်ကြောင်း အတိအလင်း သတိပေးခဲ့ဖူးသည်”ဟူ၍ ဆောင်းပါးတစ်ပုဒ်တွင် ဖတ်ဖူးသည်။ သားသမီးများ လက်ထပ်မင်္ဂလာပြုလုပ်ခြင်း၊ သားသမီးမြေးများ မွေးနေ့မင်္ဂလာပြုလုပ်ခြင်းတို့ဖြင့်လည်း အဂတိလိုက်စားမှုဗျူဟာအခင်းအကျင်းအသစ်များ ပေါ်ပေါက်နေသည်ဟုလည်း ပြောဆိုသံများ ကြားနေခဲ့ရသည်။ ပေါ်ပေါ်ထင်ထင် မြင်ဖူးတွေ့ဖူးသူများလည်း ရှိကြပေလိမ့်မည်။ ဘုန်းတွေကံတွေ ကြီးလိုက် ကြတာဟု ပြောဆိုသံများ ကြားရသလို မနှစ်မြို့ဖွယ် ဆိုစကားများကိုလည်း ကြားနေခဲ့ရသည်။ အခြေအနေကိုက ဖန်လာကြုံလာရတာကိုး။

**ဥပဒေပြုရေးမဏ္ဍိုင်နှင့်အဂတိလိုက်စားမှု**

ဥပဒေပြုရေးမဏ္ဍိုင်တွင်လည်း အဂတိလိုက်စားမှု ဖြစ်ပေါ်တတ်သည်။ ဥပဒေပြုရေးမဏ္ဍိုင် အဂတိလိုက်စားသည်ဟုဆိုရာတွင် နိုင်ငံတကာ အတွေ့အကြုံများနှင့်ယှဉ်တွဲ၍ လေ့လာကြည့်မိသည်။ ဩဇာအာဏာကြီးသူများ၊ ငွေကြေးချမ်းသာသူ လုပ်ငန်းရှင်ကြီးများက ဥပဒေပြုသူများ (Law Maker) ကို အမိန့်အာဏာဖြင့်၊ ရာထူးဖြင့်၊ ငွေကြေးဖြင့် ဝယ်ယူတတ်ကြသည်။ ပြီးလျှင် သူတို့၏အလိုကျ၊ သူတို့၏ ဩဇာအာဏာ ခိုင်မြဲစေဖို့၊ စီးပွားရေးလုပ်ငန်း တိုးတက်စေဖို့၊ အကာအကွယ်တွေ ရရှိစေဖို့ ဥပဒေကို ရေးဆွဲခိုင်းသည်။ စားသုံးသူများ၊ ပြည်သူများအတွက် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ရသည်။ ထိုသို့ဥပဒေပြုသူများ အဂတိလိုက်စား၍ အကျင့်သီလပျက်ယွင်းလာသည့်အခါ ဥပဒေပြုရေးမဏ္ဍိုင် ခြစားခံရသည့်အနေအထား ရောက်ရှိရသည်။ ဥပဒေပြုရေးမဏ္ဍိုင် မကြံ့မခိုင် ယိမ်းယိုင်လာရတော့သည်။

**အုပ်ချုပ်ရေးမဏ္ဍိုင်နှင့်အဂတိလိုက်စားမှု**

အုပ်ချုပ်ရေးမဏ္ဍိုင်က အဂတိလိုက်စားသည်ဟုဆိုရာတွင် နိုင်ငံတော်၏ ဘဏ္ဍာငွေကြေးပစ္စည်းတို့အပြင် ပြည်သူအလှူငွေပေါင်းစုံတို့ထံမှ အဂတိလိုက်စားမှု အခွင့်အရေးများ ပေါ်လာတတ်သည်။ အုပ်ချုပ်ရေးမဏ္ဍိုင်ရှိ အုပ်ချုပ်ရေးအဖွဲ့အစည်းအသီးသီး၊ ဝန်ထမ်းအသီးသီးတို့က အဂတိလိုက်စား၍ အကျင့်သီလပျက်ယွင်းလာသည့်အခါ အုပ်ချုပ်ရေးမဏ္ဍိုင် ခြစားခံရသည့် အနေအထားရောက်ရှိရသည်။ အုပ်ချုပ်ရေးမဏ္ဍိုင် မကြံ့မခိုင် ယိမ်းယိုင်လာရတော့သည်။

**တရားစီရင်ရေးမဏ္ဍိုင်နှင့် အဂတိလိုက်စားမှု**

တရားစီရင်ရေးမဏ္ဍိုင်က အဂတိလိုက်စားသည်ဟု ဆိုရာတွင် ပြည်သူများ တစ်ဦးတစ်ယောက်၊ တစ်သင်းတစ်ဖွဲ့၊ ရာဇဝတ်မှုခင်းများ၊ တရားမမှုခင်းများ ကျူးလွန်ဖြစ်ပေါ်လာရသည့်အခါ အဂတိလိုက်စားမှု အခွင့်အရေးများ ပေါ်လာတတ်သည်။ တရားစီရင်မှုပြုကြသည့် တရားသူကြီးများ၊ တရားစီရင်ရေးလုပ်ငန်းတွင် ပါဝင်ပတ်သက်နေကြသူများ၊ ဆက်စပ်နေသူများ၊ ဝန်ထမ်းများက အဂတိလိုက်စား၍ အကျင့်သီလ ပျက်ယွင်းလာသည့်အခါ တရားစီရင်ရေးမဏ္ဍိုင် ခြစားခံရသည့်အနေအထား ရောက်ရှိရသည်။ တရားစီရင်ရေးမဏ္ဍိုင် မကြံ့မခိုင် ယိမ်းယိုင်လာရတော့သည်။

**ဆက်လက်ဖော်ပြပါမည်**

# မြိုင်ကြီးငူဒေသတွင် စစ်ဘေးရှောင်များနေထိုင်နိုင်ရန် တဲတန်းလျားများတည်ဆောက်နေ

**မြိုင်ကြီးငူ စက်တင်ဘာ ၂၉**
ကရင်ပြည်နယ် မြိုင်ကြီးငူဒေသ စစ်ဘေးရှောင်စခန်း၌ နေထိုင်ကြသော စစ်ဘေးသင့်ပြည်သူများအား တစုတစည်းတည်းဖြင့်နေထိုင်နိုင်ရန် ယခင်နေထိုင်ခဲ့သော မြတ်ပန်းဝတ်မှုံခန်းမဆောင်မှတစ်ဆင့် အေးလင်းသာယာကျောက်စာကွင်းအတွင်း တဲတန်းလျားများ တည်ဆောက်ကာ ပြောင်းရွှေ့မည်ဖြစ်ကြောင်း လှိုင်းဘွဲ့မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

